www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃

နတ်ရှာမိုး
လွမ်းသမျှပတ်ပျိုး / နတ်ရှာမိုး။
- ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၁၄၅ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) နတ်ရှာမိုး

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၃၂၀၃၁၀၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၀၄၀၇၁၀၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅ ၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁ ၊၀၉ ၅၀ ၂၁၃၅၄ ။
ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ (ဒီဇင်ဘာလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

## "ကျေးဇူးပြု၍နားလည်ပေးကြပါ"

နတ်ရှာမိုးဝတ္ထုကို ပျော်ရွှင်ရယ်မောစွာ အားပေးဖတ်ရှုကြတဲ့ စာဖတ်ပရိသတ်ကြီးကို ရိုးသားစွာ အသိပေးဝန်ခံပါရစေ။

ပရိသတ်ကြီးခင်ဗျာ...ကျွန်တော့်ဝတ္ထုမှာ ပါဝင်ပြီးကပြ အသုံးတော်ခံနေတဲ့ ဇာတ်ကောင်တွေ နာမည်တွေဟာ အပြင်လောကမှာ တကယ်သက်ရှိထင်ရှား ရှိနေတဲ့သူတွေပါ။ ဇာတ်လမ်းဇာတ်ကွက်တွေကိုသာ ကျွန်တော်က စိတ်ကူးနဲ့ဖန်တီးပေမယ့် ဇာတ်ကောင်နာမည်တွေကို ကျွန်တော့်ဆရာ၊ ကျွန်တော့်မိသားစု၊ ကျွန်တော့်မိတ်ဆွေသူငယ်ချင်း၊ ကျွန်တော့်အနုပညာညီအစ်ကို၊ ရေးဖော်ရေးဖက်တွေရဲ့ နာမည်တွေကို ထည့်ပြီးသုံးစွဲနေခြင်း ဖြစ်ပါတယ်။

ဒီလိုသုံးတာဟာလည်း ကျွန်တော်က ထိုပုဂ္ဂိုလ်အားလုံး တို့ကို ချစ်ခင်လေးစားစွာ၊ အမှတ်ရစွာ၊ လွမ်းဆွတ်တမ်းတစွာနှင့် သုံးစွဲခြင်းသာဖြစ်ပါတယ်။

ကျွန်တော့်ညီအစ်ကိုမောင်နှမ ဆွေမျိုး မိသားစုနာမည်တွေဆိုရင် ဗီလိန်ခန်းတွေမှာ သုံးတာ များပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

မင်းသားမင်းသမီးဆိုတာ ဘယ်လိုဇာတ်လမ်း အမျိုးအစားမှာမဆို ကိုယ်ပါဝင်ရတဲ့ ဇာတ်ကောင်စရိုက် အတိုင်း သရုပ်ဆောင်ပေးရတာပါ။ ဇာတ်ရုပ်ပီပြင်အောင် လှုဆိုးလုပ်ရပေမယ့် မင်းသားမင်းသမီးရဲ့မူရင်းစိတ်က ကိုယ့်ဇာတ်ဝင်ခန်း ပြီးသွားရင် ပုံမှန်စိတ်ရင်းနဲ့ နေထိုင်သွား ကြတာပါပဲ။ ဇာတ်လမ်းထဲကလို မဆိုးကြပါဘူး။

အပျိုစင် မင်းသမီးဖြစ်လင့်ကစား ဇာတ်လမ်း သဘောအရ မုဆိုးမဇာတ်ရုပ် လုပ်ပြရတာဟာ အနုပညာ လုပ်ငန်းရဲ့သဘောပါ။ အပြင်မှာတော့ အပျိုစင်ပါပဲ။

အခု ကျွန်တော့်ဝတ္ထုမှာ ပါဝင်နေတဲ့သူများဟာ လည်း ကျွန်တော့်ဇာတ်လမ်းရဲ့မင်းသမီး မင်းသားတွေပါပဲ။ ဝတ္ထုထဲက ဇာတ်ရုပ် ဇာတ်ကောင်စရိုက်လိုတော့ အပြင်မှာ တကယ်မဖြစ်ပါဘူး။ ဒါလောက်ကတော့ ပရိသတ်ကြီး နားလည်မယ်လို့ ကျွန်တော်ယုံကြည်ပြီးသားပါ။

ဒါပေမယ့် မယုံကြည်နိုင်စရာအဖြစ်တစ်ခုက "အမြွာ" ဝတ္ထုနဲ့ ဖြစ်ပေါ်လာပါတယ်။ အမြွာထဲက ဦးမြင့်သိန်းတို့မိသားစုဆိုတာ ကျွန်တော်အလွန်လေးစား ချစ်ခင်ရသော မိသားစုပါ။ ကျွန်တော် ဘာကြောင့် လေးစားချစ်ခင်ရတယ်ဆိုတာကိုလည်း "အမြွာ"

ဝတ္ထုထဲမှာ ပရိသတ်ကြီး ဖတ်ရှုသိရှိပြီး ဖြစ်ပါ လိမ့်မယ်။ ဦးမြင့်သိန်းရဲ့သမီးတွေအပေါ်မှာ တန်ဖိုးထား ချစ်အားကြီးတဲ့ ဖခင်စိတ်၊ ဇာဇာတို့ညီအစ်မတစ်သိုက်ရဲ့ တအူတုံဆင်း သွေးရင်းစိတ်ထားလေးတွေ ဖြူစင်နေတဲ့ စိတ်ဟာ အတုယူ ဂုဏ်ယူအားကျစရာလေးတွေပါ။

ဇာတ်လမ်းအရ ဆိုက်ကားသမား ငွေအောင်နဲ့ အလုပ်သမား ကျော်လေးတို့ ပတ်သက်မှုဆိုတာဟာ ဦးမြင့်သိန်းရဲ့ချစ်အားကြီးတဲ့ ဖခင်စရိုက် ပေါ်လွင်အောင် စာကြောင်းတစ်ကြောင်း နှစ်ကြောင်းစာလောက် ဇာတ် ကွက်ချပေးလိုက်တာပါ။

ဒါကို တစ်ချို့က ဝတ္ထုတစ်ပုဒ်လုံးမှာ ကောင်းခြင်းနဲ့ ယူစရာ ရစရာတွေ အများကြီး ပါပါလျက်နဲ့ ဆိုးတာလေး တစ်ခုထဲ ကွက်ယူပြီး ဇာဇာတို့ညီအစ်မကို ဆက်သွယ်ပြီး ဆိုက်ကားသမားနဲ့ တကယ်ဖြစ်ခဲ့ကြတာလားလို့ သွားမေး သွားစုံစမ်းကြတာမျိုး လုပ်ကြတော့ ကျွန်တော် အလွန်ပဲ စိတ်မကောင်းဖြစ်မိပါတယ်။

နောက်နောင် ကျွန်တော့်ဝတ္ထုထဲက အပျိုစင် မင်းသမီးတွေကို အနိမ့်ဆုံး ကိုရီးယားမင်းသားတွေ လောက်နဲ့ ဇာတ်ကွက်ချပြီး တွဲပေးမှပဲ ဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com

မှယ်လို့လည်း တွေးမိပါတယ်။ အဲ့ဒါမှလည်း ကျွန်တော့်မင်းသမီးတွေ အစော်ကားမခံရမှာမို့လို့ပါ။


ဘာပဲဖြစ်ဖြစ် ကျွန်တော့်မှာ တာဝန်အရှိဆုံးပါ။ ဒီအတွက် နစ်နာခဲ့ရတဲ့သူတွေနဲ့ မသိဆိုးဝါးမိတဲ့ အချို့ကို ကျွန်တော် လေးလေးစားစား တောင်းပန်ပါတယ်။

ကျွန်တော်ကတော့ နတ်ရွာမိုးကို ဇာတ်ကောင်နာမည် "အစစ်" တွေနဲ့ ဇာတ်လမ်းဖန်တီးလက်စနဲ့မို့လို့ နောင်လည်း "အစစ်" တွေနဲ့ချည်း ရေးနေဦးမှာပါ။ ကျွန်တော့်ရဲ့ရိုးသားမှုအတွက် နားလည်ပေးကြပါခင်ဗျာ။

ကျေးဇူးရှင်များအား ကျေးဇူးတင်စွာဖြင့်...

နတ်ရွာမိုး

အချစ်ဆိုတာ
မသေဆေး အဝါရောင်နဲ့ ဖော်စပ်ထား
စကားကြီးတစ်ခွန်းပဲ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com






## အခန်း(တစ်)

**တစ်**ခါတစ်လေ ဘဝကို လောက်စာလုံး,လုံးသလို လုံးပြီး လောက်လေးခွနဲ့ ခပ်ဝေးဝေးကို ပစ်ထုတ်ချင်မိတယ်။ တစ်ခါတစ်လေ တော့လည်း ဒါ ငါ့ဘဝမှ ဟုတ်ရဲ့လားလို့ . ယုံမှားသံသယ ဖြစ်ရလေ အောင် ပျော်စရာကောင်းပါရဲ့၊ ,အဲ့ဒါကိုပဲ အဓိပ္ပါယ်စုစည်းမှုတစ်ခု အနေနဲ့ 'ဘဝ' လို့ ခေါင်းစဉ်တပ်သွားကြတာလား . . ။

အကောင်းအဆိုး၊ အမှားအမှန်၊ အပျော်အမှိုင်၊ အရှုပ်အမုန်း၊



www.burmeseclassic.com

www.burmeseclassic.com



အပြုံးအငို၊ အဖြစ်အပျက်. . . အားလုံးကို လက်ဖက်သုတ်သလို သုတ်ပြီး ပါးစပ်ကြီးကြီးနဲ့ ဝါးစားခိုင်းတဲ့ပုံကိုလေ. . .။

သေချာတယ်၊ အဲဒါ 'ဘဝ' ပဲ။

မြတ်ထွန်း သူ့အတွေးဒဿနနဲ့ သူကျေနပ်သွားပြီး ဘယ်ဘက်လက်နဲ့ ပိုက်ထားတဲ့ ဆန်အိတ်ကို ညာဘက်လက်ပြောင်းပြီး. . . ညာဘက်ပခုံးပေါ်က လျှောကျလုလုဖြစ်နေတဲ့ လွယ်အိတ်လွယ်ကြိုးကိုလည်း အပေါ်နည်းနည်းတိုးတင်လိုက်တယ်။

ပြီးတော့မှ ဘယ်ဘက်လက်ကို ညောင်းအောင့်နေတာလေး ပြေသွားအောင် ဆတ်ခနဲ. . ဆတ်ခနဲ ဆန့်ခါထုတ်ရင်း ဆက်လျှောက်တယ်။

ဆန်အိတ်ဆိုလို့ သိပ်အများကြီးမဟုတ်ပါဘူး။ (၂၄)ပြည်အိတ်ကြီး လက်တစ်ဖက်တည်းနဲ့ ပိုက်လာနိုင်အောင်လည်း မြတ်ထွန်းက အာနိုးလောက် ဗလမကောင်းဘူးလေ။

အဲဒါကြောင့်များ နှစ်ပြည်ထဲပါတဲ့ ကျွတ်ကျွတ်အိတ်ကို ပိုက်လျှောက်လေရော့သလား၊ ဒါမှ ပိန်ပိန်ပါးပါး သူ့ခန္ဓာကိုယ်နဲ့ လိုက်ဖက်မှာမဟုတ်လား၊ ဒီလိုမဟုတ်ရင် ထမင်းလုံးပုရွက်ဆိတ်ချီသလို. . ခါးတောင်းကျိုက်ပြီး ဖင်ထောင်ဆွဲရမယ့်ကိန်းပေါ့။

အမှန်တော့ဒီဆန်က . . အိမ်ရှင်မစတိုးဆိုင်က. . အဲ. . အဲ အဲဒီစတိုးဆိုင်ဘေးက လမ်းကနေဝင်ရတဲ့ ယောက္ခမအိမ်ကနေ သယ်လာတဲ့ဆန်ပါ။

ယောက္ခမကြီးက ပေးလိုက်တာဆိုပေမဲ့ ယောက္ခထီးကြီးက





ပေးတယ်ဆိုရင် ပိုမှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လစာငါးသောင်းပဲရတဲ့ စာရေးကြီးသမက်ကို ကိုယ်ချင်းစာပြီး မိန်းမ,မသိအောင် ခိုးထုတ်ကလေးထုပ်ပြီး လမ်းထိပ်ကနေကြိုစောင့် သမက်ထွက်လာမှ ထည့်ပေးလိုက်တာကိုး။ အဲသလိုပါ ပရိသတ်. . .။

ဘဝနဲ့အစချီလိုက်တော့. . မြတ်ထွန်းဘဝလေး ပရိသတ်သိအောင် အရင်မိတ်ဆက်မှ ထင်တယ်။ အဟမ်းအဟမ်း . . ဆောင်းဦးကာလဖြစ်တော့ လည်ချောင်းအပူခဲ၊ အသံထွက်သိပ်မကောင်းလို့ပါ ဟန်လုပ်ချောင်းဟန့်တာ မဟုတ်ပါဘူး. . . အဟမ်းအဟမ်း. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပရိသတ်ရဲ့။ မြတ်ထွန်းက ဘုရားစူးရန်ကုန်သားပါ။ တောင်ဥက္ကလာပမြို့နယ်(၁၀)ရပ်ကွက်ဈေးနားက. . ဟိုးတုန်းက ခရစ်ယာန်ဆရာဝန်ကြီးတွေ ဖာသာတွေမာသာတွေ စပြီးဖွင့်လှစ်တဲ့ ကာသိုလစ်ဆေးရုံ (အရပ်ထဲက လူတွေကတော့ ကာတော်လိပ် လို့ပြောမှပဲ အလွယ်သိတဲ့ ဆေးရုံပေါ့ဗျာ) အခုတော့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးရုံကြီးလို့ပြောရင် လူတိုင်းသိနေပါပြီ။

အဲ. . . မြတ်ထွန်းကို အဲဒီမှာမွေးတာ. . နေတာက ရဲဘော်ဟောင်းကြီးတွေနေတဲ့ စီမံကိန်း(၂)ရပ်ကွက်မဟုတ်လား၊ မြတ်ထွန်းတို့အဖေကလည်း ခလရ(၁၂)၊ လှိုင်လင်ကနေ ပခုံးပြောင်းတာဝန်နဲ့ တပ်မတော်အငြိမ်းစားစစ်သည်ဆိုတော့ အဲ့ဒီရပ်ကွက်မှာ အိမ်ခြံမြေ



လေးရပြီး မိသားစုနေကြတာ၊ မြတ်ထွန်းတို့မောင်နှမလေးယောက်ထဲမှာ အစ်မသုံးယောက်နဲ့ မြတ်ထွန်းက အငယ်ဆုံး၊ မြတ်ထွန်း ကျောင်းပြီးတော့ အစ်မတွေလည်း ရှေ့ဆင့်နောက်ဆင့် ပြီးကုန်ကြတယ်။

ဟာ. . ဟိုလိုဗျ. . ၊ အိမ်ထောင်ကျပြီး ကိုယ့်အိုးကိုယ့်အိမ် ထူထောင်သွားကြတာကို ပြောတာ. . စကားလောပြီးရောကုန်တယ်။ အဲဒီတော့ အိမ်မှာ မိအိုဖအိုနဲ့ မြတ်ထွန်းပဲ ကျန်ခဲ့တယ်။

မြတ်ထွန်းကျောင်းပြီးသွားလို့ မြတ်ထွန်းအဖေက ဟိုးတုန်းက သူ့ရဲ့တပ်ရင်းမှူး. . . အတူနေခဲ့ရဖူးတဲ့ အငြိမ်းစားအရာရှိကြီးဆီ သွားပြီး. . . သားတော်မောင် အလုပ်အကိုင်လေးရဖို့ အကူအညီ သွားတောင်းတာ. . ရတယ်ဗျ။

မြတ်ထွန်းကလည်း ဖိုးကံကောင်းလေး. . အလုပ်သွားပြောတဲ့ အချိန် ဟိုမှာကလည်း သူ့သမက်ကြီးကုမ္ပဏီမှာ စာရေးဝန်ထမ်း လိုအပ်လို့ခေါ်တဲ့အချိန်နဲ့ တိုက်ဆိုင်ပြီး ရသွားရောဗျာ။

ဒီလိုနဲ့ မြတ်ထွန်းလည်း အငယ်တန်းစာရေးလေးဖြစ်လို့. . . ရတဲ့လစာနဲ့ ဖခင့်ရဲ့ပင်စင်နဲ့ အစ်မတွေရဲ့ဖန်ရံခါ ထောက်ပံ့မှုလေးတွေနဲ့ သားမိသားဖသုံးယောက် ချောင်ချောင်လည်လည်လေး ရပ်တည်လာကြတာ. . သိပ်မကြာပါဘူး၊ မြတ်ထွန်းအလုပ်ရလို့ နှစ်တစ်ပတ်လည်ရုံရှိသေး. . အဖေဆုံးပါရောလား။

ဒီနောက်တော့ သားအမိနှစ်ယောက်ထဲပေါ့။ အမေကတော့ ကျန်းမာရေးအရမ်းကောင်းတယ်။ ခြံထဲမှာစိုက်ထားပျိုးထားတာ အမေ့လက်ရာတွေချည်းပဲ။ မာလကာ၊ သရက်၊ ပိန္နဲ၊ သံပုရာ၊ ငှက်. . .

www.burmeseclassic.com

www.burmeseclassic.com



ပေလေးဆယ်ခြောက်ဆယ် ခြံတစ်ပတ်ကို ညို့အောင်စိုက်ထားတာ၊ ဒီကြားထဲ နေရှောင်လေးတိုးကိုးကွယ်ရတဲ့နေရာကို ဗူးကျင်းလေးချ၊ ချဉ်ပေါင်လေး ဟိုကြားထိုးဒီကြားထိုး သူ့တာနဲ့သူ အဟုတ်ပဲ။

မိုးမလင်းခင်ကထ သားအမိတွေစားဖို့အဆာပြေရော မနက်စာပါချက်ပြုတ်၊ ဆွမ်းလောင်း၊ မိုးလင်းတာနဲ့ ပေါက်တူးဆွဲ ဓါးဆွဲပြီး ခြံထဲဆင်းတော့တာ နေပွင့်လာရင် ရေချိုး၊ ဈေးသွား၊ အမေ့အသက်က (၆၀)ရောဟုတ်ရဲလားလို့တောင်. . နုတုန်း၊ သန်မြန်နေတုန်း၊ ဆံပင်ကလေး နားသယ်စပ်ဖြူပြီး သွားတစ်ချောင်းမှ မကျိုးသေးတဲ့. . အမေ့ကျန်းမာရေးကို မြတ်ထွန်း ခြေဖျားတောင်လိုက်မမီတော့တာ လွန်တယ်လို့တောင်ပြောရမယ်။

အမေက ရှမ်းခနိုတောင်သူမျိုးလေ၊ အဖေတို့ အဲဒီဖက်စစ်ဆင်ရေးထွက်ရင်း တွေ့ပြီး. . အကြောင်းပါခဲ့ကြတာလို့ မြတ်ထွန်းသိသာသိတာ ခုချိန်ထိ အမေ့အမျိုးလည်းမမြင်ဖူးဘူး၊ အဖေ့အမျိုးလည်း မမြင်ဖူးဘူး၊ အဖေ့အမျိုးက ရခိုင်၊ ဟိုးကျောက်တော်ဖက်မှာဝေးသမျှအဝေးကြီး၊ အဖေရောအမေပါ ကိုယ့်ဇာတိ တစ်ခေါက်မှပြန်မရောက်ကြလို့ မြတ်ထွန်းတို့ဆွေပြတ်မျိုးပြတ် ဖြစ်တာကြာပေါ့။

မြတ်ထွန်းက အငယ်ဆုံးသား။ အမေလေးဆယ်ပြည့်ပါနီးမှ မွေးတာဆိုတော့ အညာလေသံနဲ့ ပြောရရင် 'နမအိုနောက်သား ဘိန်ကျကျလွန်းသကွာ' ပေါ့။ မွေးကတည်းက ပေါင်မပြည့် အသားဝါဝင်လို့ ပေါင်းချောင်ထဲထည့်. . အမေကလည်း အသက်အရွယ်ကြောင့် နို့ထွက်ကမကောင်း၊ နို့ဘူးအားဖြည့်တော့ ဝမ်းတွေပျက်၊ ကာသိုလစ်





ဆေးရုံက ဆေးနဲ့အပ်တွေ မြတ်ထွန်းသုံးတာနဲ့ပဲ ကုန်နေတယ်လို့ ဆရာဝန်ကတောင် နောက်ပြောင်လာတဲ့အဖြစ်။

သား. . . ကျန်းမာရေးမကောင်းတော့ အဖေနဲ့အမေလည်း စိတ်တွေညစ်ပေါ့။

တော်သေးတာက ဒီခေတ်လို ပိုက်ဆံနဲ့ မျက်နှာသစ်နေရတဲ့ခေတ် မဟုတ်ပေလို့ပဲ. . မြတ်ထွန်းငယ်ငယ်တုန်းက ခုခေတ်အထူးကုအထည်ကုတွေ မလိုဘူး၊ တော်ရုံရောဂါ ဒေသန္တရဆေးခန်းမှာတင် ပျောက်တယ်။

ဆေးရုံဆိုတာသိပ်ပြီးအရေးကြီး ရောဂါကြီးမှ သွားကြ ရောက်ကြတာ။ အဲဒီတော့ ကျန်းမာရေးစရိတ် သိပ်မကုန်ဘူး၊ ဒီခေတ်ကတော့ တိုးနိုင်ငံခြား ဟာသလိုပဲ ဆရာဝန်ကလူနာကို ကုသစရိတ် ဒေါ်လာငါးသောင်းကုန်မယ်လို့ တွက်ချက်ပေးတော့ လူနာကမကုတော့ဘူးတဲ့၊ သေရင် အသုဘစရိတ်က နှစ်သောင်းပဲကုန်တယ်၊ သုံးသောင်းသက်သာမယ်ဆိုပြီး ပြန်သွားတယ်။

အဲ့သလိုဖြစ်နေတော့ မြတ်ထွန်းတို့လို သာမန်လူတန်းစားတွေအသေပဲခံကြမလား မပြောတတ်ဘူးဗျာ၊ မြတ်ထွန်းကတော့ အသေခံရမယ့် ကံမပါလို့လားမသိဘူး၊ ဆယ်တန်းနှစ်လောက် ရောက်လာတော့ အမယ်မင်း လေထိမခံတဲ့ အမေရိကန်ကောင်က ထောင် . . ထောင်ထောင်ထောင်လေးဖြစ်လာတယ်။

လူပုံလေးကဖြူဖြူနွဲ့နွဲ့ပေတဲ့ ဖျားတာနာတာ မရှိတော့ဘူး၊ ကြီးကောင်ဝင်တဲ့အချိန်၊ ဟော်မုန်းအပြောင်းအလဲလေးတွေဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တာကိုး. . ကြက်ငှက်တွေအမွေးအတောင်စုံရင် လှလာသလိုပေါ့ဗျာ။

မြတ်ထွန်းလည်း အဖေအမေဆီက ကောင်းတာလေးတွေ ချည်း ရွေးပြီး အမွေခံထားတဲ့ကောင်ဆိုတော့ မော်ဒယ်ဘွိုင်းခေတ်နဲ့ ကွက်တိကိုဖြစ်နေတာ၊ ဖြူဖြူချောချော၊ မျက်ခုံးနက်နက်၊ မျက်လုံးအား တွေကလည်း. . ကောင်း၊ နှာတံကစင်းစင်း၊ နှုတ်ခမ်းရဲရဲလေးတွေနဲ့ မိန်းမချောပဲ ချောတာလား၊ ယောက်ျားချောပဲ ချောတာလား၊ ဘာချော လို့ချောမှန်းမသိတဲ့ကောင်။

ဆယ်တန်းအောင်လို့တက္ကသိုလ်ရောက်တော့ ကောင်မလေး တွေဆိုတာ ပါးပါပါ. . ပါ (မွန်တိုင်းရင်းသားတွေ အထူးပြု မြည်သံစွဲ သောအသံ) အိမ်ကိုပါမလာအောင် မနည်းကို တောင်းပန်ထားခဲ့ရတာ၊ မြတ်ထွန်းကတော့ မပွေဘူး၊ ကောင်မလေးတွေ လာလာခွေနေလို့ကို စိတ်လေပြီး ပတ်ပြေးနေတာ။

ဘယ်အထိရှုပ်သလဲဆို ကျောင်းပြီးလို့ လုပ်ငန်းခွင်ဝင်တော့ လည်း ပြေးတုန်း. .၊ ရုံးကတစ်ခန်းတည်းအတူရှိတဲ့ မိန်းမပျိုတွေ စာရေးမတွေလေ. . မီးမလာရင်နေ မြတ်ထွန်းလာရင် တော်ပြီ. . ဆိုပဲ၊ မြတ်ထွန်းက မီးမထွန်းပဲ လင်းသတဲ့။

အဲ့သူလောက်ကြိုက်ကြတာ၊ ညားမယ့်ညားတော့ ကုမ္ပဏီရုံးမှာ တစ်ရာလောက်ရှိတဲ့မိန်းမတွေနဲ့ တစ်ယောက်မှမညားဘဲ. . ရုံးရှေ့ ကော်ဖီဘားပိုင်ရှင်ရဲ့သမီး ရွှေရင်အေးမြဆိုတဲ့ မိန်းမချောလေးနဲ့ ညား တာ. . ကလား။

မြတ်ထွန်းမင်္ဂလာဆောင်ပြီးမှ အသည်းကွဲပါပြီ ဆိုပြီး ရုံးကနေ





နှုတ်ထွက်စာတင်သွားကြတဲ့ မိန်းကလေးတွေတောင် အယောက်နှစ် ဆယ်လောက်ရှိတယ်လို့ မခိုင်လုံတဲ့သတင်းရပ်ကွက်ကနေ ကြားလိုက် ရသေးတော့။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



မြစ်ထွန်းကတော့တစ်ကယ်စွံတဲ့ကောင်၊ ရွှေရင်အေးမြန် ဖူးစာပါတဲ့အကြောင်းလည်း ကြည့်လိုက်ဦး. . ရွှေရင်အေးမြဆိုတာ မြစ်ထွန်းတို့ရုံးက လူပျိုစာရေးတစ်သိုက်နဲ့ ကုမ္ပဏီကာလသား ဝန်ထမ်းတစ်စု အလုအယက်ပိုးပမ်းခြင်းခံနေရတဲ့ မိန်းကလေး၊ ဒါတင်ဘယ်ကမလဲ. . ကော်ဖီဘားရဲ့နောက်က ကွင်းထဲမှာ တရားဝင်သတ်မှတ်ပေးထားတဲ့ ကားပွဲစားတန်းကလည်းရှိတော့ အဲ့ဒီက ပွဲစားတွေ ပိုင်ရှင်တွေ၊ ဆူဌေးတွေ အကုန်လုံးဒီဘားမှာလာစုတာ. . . ကော်ဖီကောင်းလို့လား ဆိုတော့မဟုတ်ဘူး၊ ကော်ဖီကတော့ သာမန်ပဲ။

လမ်းဘေးဆိုင်မှာသောက်လည်း ဒီအရသာပဲ၊ ကောင်းနေတာက ကျယ်လွင့်သန့်ပြန့်တဲ့ ဆိုင်နေရာအခင်းအကျင်းနဲ့ မှန်လုံအဲခန်းဖြစ်နေတာ၊ ကောင်တာကိုလှမ်းကြည့်လိုက်တိုင်း. . ရွှေရင်အေးမြ





နေတာဟာ. . ကောင်းနေတာ။

ကောင်မလေးကလည်း အပြုံးပန်းပွင့်တဲ့နေရာမှာ ကမ္ဘာကျော်တဲ့အပြုံး၊ အားလုံးရှုံးတယ်၊ ဒီအပြုံးတစ်ချက်နဲ့ ရုံးမတက်နိုင်တဲ့ ပုဂ္ဂိုလ်တွေထဲ. . ဌာနခွဲစာရေးကြီး ဦးနောက်နောက်၊ မန်နေဂျာ ကိုလှတင့် အရောင်းမြှင့်တင်ရေးတာဝန်ခံ ကိုစောညွန့်ရွှေ၊ အင်ဂျင်နီယာဌာနက အင်ဂျင်နီယာကြီး ကိုဝင်းရီတောင်ပါသေး။

ဒါတင်ဘယ်ကမလဲ၊ လေလံပွဲတိုင်းမပါမပြီး မတီးမမြည်တဲ့ လေလံသူဌေးလေး အဗ္ဗဒူရာကွက်လည်း မနက်တိုင်း သူ့ခြံထဲက ထွက်လာပြီး ကော်ဖီဘားမှာ လာထိုင်တယ်။

အလုပ်သဘောပါလို့ ပြောလည်းရနိုင်တယ်လေ။

လေလံသူဌေးနဲ့ကားပွဲစားက မယားညီအစ်ကိုဆိုလည်း ဟုတ်တာကိုး၊ အဲဒီအခြေအနေအပေါ်မှာမှ မျက်လုံးတစ်ခုတည်း အလုပ်ပေးနေတာက ရင်ကိုအေးမြစေတာ. . အဟာဟာဟား. . ရိုးဟိုးဟိုး နေပြီ ကိုကုလား။

စကားမစပ်ကြားဖြတ်ပြီး ကျော်ငြာ. . အဲ. . အဲ. . ကြားဖြတ်ပြီးပြောပြချင်တာက အဲ့ဒီဘားပိုင်ရှင်က ဒေါ်အေးရီရီပါ။ သူကလည်း အလှကြီး၊ အရင်ကောင်မလေး မထိုင်ခင်တုန်းက သူက ကောင်တာရဲ့ ပင်တိုင်မင်းသမီးကြီးလေ. . မျက်နှာပေါ်မှာ မိတ်ကပ်၊ ကာချယ်၊ လိုင်နာ၊ နှုတ်ခမ်းဆိုးဆေးဆိုင်များ ဖွင့်ထားမလားထင်ရအောင် နားရွက်နဲ့ လည်ပင်းပါမကျန် ရှယ်လိမ်း၊ ရှယ်အလှ ပြင်ပြီးမှထိုင်တာ၊ ကော်မီသာ နှုတ်နီနီလေးနဲ့ ဈေးကြီးကြီးရောင်းတာ၊ သူ့တစ်ကိုယ်လုံးမှာ ရှယ်တွေချည်း

www.burmeseclassic.com



ပဲ. . အစစ်လားအတုလား ဆိုတာတော့ ပရိသတ်တို့ကြဲမှ အကဲခတ်ကြဗျာ။

ဒေါ်အေးရီရီ ဝတ်ထားတဲ့ စိန်နားကပ်၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်လက်စွပ်၊ အိုး. . . ဒါမြင်သာထင်သာတဲ့နေရာ၊ မမြင်ရတဲ့ ဖွတ်ချိန်းလည်း စိန်ပဲလားလို့ မေးရမလောက်ပဲ။ သူ့ယောက်ျားဦးရွှေမြကတော့ တစ်ကယ့်ကို ရိုးရိုးအေးအေးကြီးပါ။

နောင်အတော်ကြာမှ သိရတာက ဦးရွှေမြလည်း ဟိုးတုန်းက သာမန်ရုံးစာရေး တစ်ယောက်ဆိုတဲ့အကြောင်း၊ ဒီလိုပဲ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဆိုင်ရှင်ရဲ့သမီးဒေါ်အေးရီရီနဲ့ အကြောင်းပါခဲ့တာ ဆိုတဲ့ အကြောင်းပေါ့။

ဒါက စာရေးမဝင်တဲ့အတင်းရပ်ကွက်ရဲ့ထုတ်ပြန်ချက်ပါ။ သေချာမှဖြစ်မယ်ဆိုရင်တော့ ပရိသတ်တို့ဘာသာပဲ တစေ့တစောင်း ဆက်ပြီးလေ့လာပါဗျာ. . နော။ လောလောဆယ် ဒေါ်အေးရီရီရဲ့ တော်သေးပြီ ဇာတ်လမ်းလေး ဆက်လိုက်ကြရအောင်။

ဒီအမျိုးသမီးကြီးက သူ့ကိုယ်သူ အရမ်းယုံကြည်တဲ့မိန်းမတစ်ယောက်ဗျ၊ သူအပျိုတုန်းကဆို ကောင်တာထိုင်လိုက်တာနဲ့ ဝင်လာမစဲ တသဲသဲဖြစ်နေလို့ သူပဲ ပင်တိုင်ထိုင်ပြီး မိဘစီးပွားဖြစ်အောင် တစ်ဖက်တစ်လမ်းက ထမ်းပေးလာတာဆိုတော့ဗျား. . . အခုက သူ့ကိုယ်ပိုင်စီးပွားရေးလေ၊ အဲဒီတော့ ကော်ဖီဘားစဖွင့်ကတည်းက သူထိုင်တာ. . . အဖွင့်တော့တုတ်မလိုလိုနဲ့ နောက်တော့ လျှော့သွားတယ်။





ဒါကို ဘာလို့တယ်ဆိုတာ ဒေါ်အေးရီရီ ချက်ချင်းသိပြီး သူမရဲ့ သနပ်ခါးဘဲကြား၊ အညာပုံဘီးဆံပတ် ဆံထုံးကြီးကိုဖြုတ်၊ ငယ်မူငယ်သွေးလေးပြန်ပေါ်အောင် စတက်ဖ်လန်လန်လေးပုံသွင်း၊ သနပ်ခါးနေရာမှာ မိတ်ကပ်အစားထိုး၊ ရင်ဖုံးတွေသရက်ပွင့်ပါတိတ်တွေ ဘေးချိတ်ပြီး ဘလောက်(စ်)နဲ့ စကပ်နဲ့. . . အံမာ. . ဒီလိုလာတာ။

ဟုတ်တော့ဟုတ်နိုးနိုးဗျ၊ သူ့ ဆိုင်မှာ လူဝင်လျှော့တော့တော့က. . ဒေါ်အေးကနေ အန်တီအေးဖြစ်လာမှ လူဝင်ဟောဒရော ဖြစ်လာသလိုပဲ၊ အဲဒီနောက်ပိုင်း လူဝင်ကြဲတာနဲ့ အန်တီအေးတစ်ယောက်မြူတီပါလာကို ပြေးတာဗျို့. . ရှယ်ပြင်ပြီးမှ ပြန်လာတာ၊ လူမှုဆက်ဆံရေးမှာလည်း အန်တီအေးက ယောက်ျားတိုင်းကို အဆင်ပြေအောင် ပြောဆိုဆက်ဆံတယ်။

မိန်းကလေးကတော့ ဆောရီးပဲ၊ လုံးဝကိုမျက်နှာသာမပေးတာ အဲ့ဒါကြောင့် သူ့ကော်ဖီဘားမှာ မိန်းမဆိုလို့ မုန့်ပွဲပြင်တဲ့ ဒေါ်ချယ်ရီနဲ့ သူပဲရှိတယ်။

ကျန်တဲ့. . ဖျော်ဆရာ၊ စားပွဲထိုး၊ ဆိုင်အလုပ်သမား. . ယောက်ျား၊ သောက်သုံးသူဖောက်သည် ယောက်ျား၊ ကျားဆိုမှကျား၊ ဘားဆိုမှဘား၊ ဒီတစ်ဘားတည်းရှိပါတယ်ဗျာ. . . တစ်ကယ်ပါ။

ယောက်ျားဆိုတဲ့ သတ္တဝါမျိုးကလည်း ခက်တော့ခက်သားဗျ၊ သင်္ချေးမှု ကိုယ်ကျင့်တရား၊ ဘာသာအယူဝါဒသာ မရှိရင် တစ်ကယ်ကြောက်စရာရှိနေတာတောင် မည်းမည်းမြင် အလွတ်မပေးတဲ့သူတွေ သိပ်ပိုကြီး၊ ကြုံဒိုးလေးပါဆိုတာက ရှိသေး၊ ကဲ. . အခု အယူဝါဒရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ယဉ်ကျေးမှုလည်းရှိတယ်၊ ကိုယ်ကျင့်တရားလေးလည်း စောင့်ထိန်းပါတယ်ဗျား၊ ဒါတောင်. . . လွတ်ရင်လစ်မလို့ မျက်လုံးနဲ့ကျူးကျော်တာ၊ ဟိုဗျာ. . . သွားမရှိတဲ့ကျားအိုကြီး စားမရ ဝါးမရလို့ မျက်လုံး အကြည့်နဲ့သွားရည်မျိုချသလိုပေါ့။ တစ်ချို့ဆို ဂလု. . ဂလု. . နဲ့တောင် မြည်ပါတယ်။

အခုလည်း အန်တီအေးက ပြုံးပြုံးပြက်ပြက်ဆင်ပြင်ပြီး သိုးသိုးသွက်သွက်လေးပြုံးပြ ဆက်ဆံနေတော့ ကိုရွှေကျားအိုကြီးများကလည်း ကြည့်သဗျာ၊ အဲဒီမှာ ဦးရွှေမြ အသည်းနှလုံး ဝုန်းဆို ရုန်းထလာတယ်။

မင်းမထိုင်နဲ့ ငါထိုင်မယ် ဖြစ်ကုန်ရော၊ ဒေါ်အေးရီရီကလည်း မလျှော့ဘူး၊ ဒါကျုပ်ပျော်လို့ နေတာမဟုတ်ဘူး စီးပွားရေး. . ရှင်နားမလည်ဘူးလား၊ ဟိုကလည်း ငါနားလည်တယ်၊ လည်လို့ မင်းတောင်ငါ့နောက်ပါလာတာ ဘာညာပေါ့။

ဒီတော့ ဒေါ်အေးရီရီ စဉ်းစားတယ်၊ ကြည့်တာ ပဲ့ပါမသွားဘူးဆိုပေမဲ့ လင်တော်မောင်ပြုငြင်နေပြီ။ ပြီးတော့ ဒီလိုစိတ်ကူးယဉ် စီးပွားရေးကမ္ဘာ တည်ဆောက်နိုင်တာကလည်း မမျှော်လင့်ဘဲ ကိုရွှေမြ မိဘများဖက်က ဆွမွေကလေး တူတူတန်တန် ရလိုက်လို့၊ အရင်းအနှီးက ကိုရွှေမြအရင်းအနှီး၊ ဒင်းကြီးအရင်းပြန်တောင်းရင် ခက်ကောင်းခက်ရချည်ရဲ့။

အဲဒီတော့ သမီးရွှေရင်အေးမြလည်းကျောင်းပြီးပြီ ဆိုတော့ကိုင်း. . . မောင့်သဘောဆိုပြီး သူ မထိုင်တော့ဘဲ သမီးကို ထိုင်ခိုင်း





လိုက်တယ်။ သမီးဝင်ထိုင်ကာမှ အမေထိုင်တာထက် ရောင်းအားနှစ်ဆတက်လာတော့ ဒေါ်အေးရီရီသဘောအကျကြီးကျ၊ ပိုက်ဆံဆိုတာကလည်း ဖွေးခနဲ လက်ခနဲနေအောင် ရနေတော့. . ကိုရွှေမြကြီးလည်း မပြောသာရှာဘူးပေါ့။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



[illegible]

ဟာ နေ့တော့ ဒေါ်အေးရီရီရဲ့ တော်သေးပြီ ဇာတ်လမ်းက ဝင်လာပါလေရော။ အဲဒီနေ့က. . ပွဲစားအုပ်စု ထွက်သွားပြီး ကုမ္ပဏီ ရုံးပေါ်ကပုဂ္ဂိုလ် ထမင်းစားဆင်းလာတဲ့အချိန်၊ ထမင်းဝင်စားတာတော့ မဟုတ်ပါဘူး၊ ထမင်းစားပြီး ကော်ဖီလေးနဲ့ အချိုတည်း အခါးတည်း လေးဝင်ကြတာ. . အဲ့ဒီထဲမှာ မြတ်ထွန်းလည်း ပါတယ်ပေ့ါဗျာ။

မြတ်ထွန်းက ရှေ့မှာဆိုထားပြီးတဲ့အတိုင်း အားလုံးထဲမှာ ထင်းခန့် လင်းခန့် မြန့်နိုင်တဲ့သူမဟုတ်လား။ အဲဒါကြောင့် သူ့ကို ဒေါ်အေးရီရီကလည်း ခင်တယ်၊ သူ့သမီးရွှေရင်အေးမြကလည်း မြင်မြင်ချင်းကို ခင်သွားတာ။

မြတ်ထွန်းဝင်လာချိန် ကောင်တာမှာ ရွှေရင်အေးမြနဲ့ ဒေါ်အေးရီရီတို့ သားအမိစကားပြောနေတဲ့အချိန်နဲ့ တိုက်ဆိုင်ပြီး ဒေါ်အေး



ရီရီက ခေါ်လိုက်တယ်။

"ဟဲ့ . . မြတ်ထွန်းလာဦး ဒီနား . . ."

မြတ်ထွန်းရောက်သွားတော့. . ဒေါ်အေးရီရီက. . .

"နင်ဒီနေ့ ဘဏ်သွားဖို့ ကိစ္စရှိလား!"

"အင်း. . . ရှိမယ်ထင်တယ်"

"ရှိရင် ငါ့. . . အကြွေလေးလဲပေးခဲ့စမ်းပါဟယ်. . . ဒီမှာ အကြွေမရှိလို့ ဒုက္ခရောက်နေပြီ"

အဲဒီအချိန်မှာပဲ အသက်(၅၀)လောက်ခန့်မှန်းရတဲ့ လူတစ်ယောက် ကောင်တာနားကို ရောက်လာတယ်ဗျ။ ပုံစံကတော့. . ဟိုးတုန်းက ဖိုက်တင်မင်းသားကြီး ဦးရွှေဘတို့ ဦးတင်ညွန့်တို့ ဂိုက်ဆိုက်မျိုး ဝတ်စားထားတာ၊ နဖူးကလည်း ထူးထူးခြားခြားကို ပြောင်တယ်။

ဘာလုပ်တယ်မှတ်လဲ။

ဒေါ်အေးရီရီနား ဝင်ကပ်ပြီး . . .

"ကိုယ်တို့ ခဏလောက် စကားပြောကြရအောင်တဲ့"

ဒေါ်အေးရီရီ မျက်လုံးပြူးသွားတယ်။ သမီးရှေ့မှာ ဒီလိုကြီးဆိုတော့ အမေဘာမှား (xxxxxxxxx) ဆိုတဲ့အတွေးတွေ ဝင်လာမယ် မဟုတ်လား။

ဒီလူကြီးကို ဒေါ်အေးရီရီကောင်းကောင်းသိတာပေါ့။ ဒီဘားကို မနက်ဖွင့်ဖွင့်ချင်းကထိုင်ပြီး အနည်းဆုံး နေ့ဝက်လောက်နေပြီး ပြန်တဲ့ ဈေးဦးပေါက် ဖောက်သည်ကြီးလေ။

ဒါနဲ့ပဲ ဒေါ်အေးရီရီက. . .

www.burmeseclassic.com



"ဘာအတွက်လဲရှင်!"

ဆိုတော့ အဲဒီပုဂ္ဂိုလ်က . . .

"ကလေးတွေရှေ့ ပြောလို့မကောင်းဘူးထင်တယ်"

အဲ့ဒီမှာ ပြဿနာစတာပါပဲ။

ဒေါ်အေးရီရီ ပြူးထွက်မတတ်မျက်လုံးတွေနဲ့ ပုဂ္ဂိုလ်ကြီးကို အနီးကပ် ရင်ဆိုင်ပစ်လိုက်တယ်။

"ရှင်ဘာစကားပြောတာလဲ!"

"အလို. . . ကိုယ်ဘာများပြောမိပါလိမ့်အမိရယ်. . . "

အလဲ့. . . အမိတဲ့၊ စကားလုံးကအစ ဦးရွှေဘတို့ခေတ်က စကားလုံးဗျာ။

"ရှင်. . . စောစောကပြောတာ ဘာအဓိပ္ပါယ်လဲ!၊ ရှင်နဲ့ ကျွန်မ ဘာပတ်သက်လို့လဲ၊ ဒီမှာ လင်ကြီးငုတ်တုတ်နဲ့ ကာမပိုင် မယားရှင် သိရဲ့လား!"

အဲဒီအချိန်မှာ ပုဂ္ဂိုလ်ကြီးအက်တင်က တစ်မျိုးပြောင်းသွားတယ်။ မျက်လုံးအကြည့် နှုတ်ခမ်းအကွေး. . . ပြီးတော့ မချိတရိအပြုံး အိုး. . . တစ်ကယ့်မင်းသားဦးမြတ်လေးမှ ဦးမြတ်လေး။

"ဟင်း. . . ဟင်း. . . ဟင်း. . . ဒါဆို ကိုယ့်ရဲ့ ရင်ခုန်သံတွေက နှမြောစရာပေါ့၊ ကျုပ်မှာတော့ အမိရဲ့အကြည့် အမိရဲ့အပြုံးနဲ့ တစ်လောကလုံးကိုတောင် မေ့နေတာ. . . အခုမှပဲ အချစ်ကမ္ဘာကြီး ချာချာလည်ပြီး နိုးထလာတော့တယ်ဗျာ. . . ဒီမှာ"

"ဘာလဲ!. . . "





"လင်ရှိမယားဆိုလည်း ကျုပ်အနှောင့်အယှက်မပေးတော့ဘူး ဒါပေသိ ဒီအကြည့် ဒီအပြုံး တော်သေးပြီလို့ အဆုံးသတ်လိုက်ပ်တော့လားအမိရယ်. . . ဟင်"

"ဘာ. . ဘာ. . ရှင်. . ရှင်. . နော်"

"ကျုပ်ကစေတနာနဲ့ပါ၊ ကျုပ်လိုအလှည့်စားခံရတဲ့ ယောကျ်ားမျိုး နောက်ထပ်မရှိရအောင်ပါ"

ဖြစ်ချင်တော့ အဲဒီအခိုက်မှာပဲ ဦးရွှေမြသတင်းစာတစ်စောင်နဲ့ မျက်မှန်လေးပင့်ကာပင့်ကာ လုပ်ပြီးကောင်တာနား ရောက်လာတယ်ဗျာ။

"ဘာဖြစ်ကြတာလဲ. . . အေးရီ!"

"ဒီမှာလေ. . . ကျုပ်ကိုလာပြီ. . . ဟင်း. . . "

"သြော်. . . ဒါကြောင့် ထန်းတက်သမား၊ နို့ကုလားနဲ့ မိန်းမသစ္စာ မုသားသာတည်း. . လို့ မန်လည်ဆရာတော်ကြီးက ဆုံးမတာကိုး ဒါ. . အမိ အမျိုးသားထင်ပ . . ကျုပ်ကိုလည်း မိတ်ဆက်ပေးဦးလေ"

"ရှင်. . ထွက်သွားမလား. . မသွားဘူးလား"

"မသွားဘူးဆိုရင်ကော. . အမိဘာလုပ်မလဲ!"

"ရိုက်တယ်ဟေ့. . . "

ဝိုးခနဲ ဖြတ်တက်လာတဲ့ ဒေါ်အေးရီရီ လက်ဝါးက မြတ်ထွန်းနားခေါင်းဖျားကနေ F.16 တိုက်လေယာဉ်လို ပွတ်ထွက်ပြီး မြတ်ထွန်းသားက ထိုပုဂ္ဂိုလ်ဆီ ရောက်သွားပါလေရော။

ပုဂ္ဂိုလ်ကလည်းအရှောင်အတိမ်းက ဂျက်ကီချန်း၊ ဖယ်မ်းခန်



www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိုက်လို့ ဒေါ်အေးရီရီတစ်ပတ်လည်ပြီး ဦးရွှေမြရင်ခွင်ထဲ ရောက်သွားတယ်။ အခြေအနေက ခြေပါလက်ပါတွေဖြစ်ကုန်ပြီဆိုတော့ မြတ်ထွန်းလည်း မနေသာတော့ဘဲ ကြားဝင်ဖျန်ဖြေဖို့စလိုက်တယ်။

"ဒီကဦးလေးကို တောင်းပန်ပါတယ်ဗျာ. . . ကျေးဇူးပြုပြီး ပြန်လိုက်ပါ"

"အမာ. . . မောင်ရင်က ဘာဆိုင်လို့ ဝင်ပါရတာလဲ အလွတ်ကြီးကွာ . ."

"မလွတ်လို့ ခုနက လက်ဝါးက ကျွန်တော့်နှာသီးဖျားကို ပွတ်သွားတာပေါ့ဗျာ. . ပြန်လိုက်ပါ . ."

"မပြန်ဘူးကွာ. . . ကဲ . . . မင်းဘာလုပ်မလဲ!"

အမှန်တော့ ပုဂ္ဂိုလ်ကြီး ရက်ရမ်းရမ်းတာဗျ. . အရမ်းသိသာတယ်။ မြတ်ထွန်းကို စကားလေးနဲ့တင် ပြောတာမဟုတ်ဘူး၊ ရင်ဘတ်ပါ ဆောင့်တွန်းပစ်လို့ ကောင်တာခုံကိုတောင် ဒုန်းခနဲ ဆောင့်သွားတယ်။

အဲဒီအချိန်မှာပဲ ပုဂ္ဂိုလ်ကြီးရှေ့တစ်လှမ်း တိုးလာတဲ့အတွက် မြတ်ထွန်းရဲ့ ဖြောင့်လက်သီးက ပုဂ္ဂိုလ်ကြီးရဲ့ နှာခေါင်းရိုးပေါ် တည့်တည့်ကြီး ထိုးချပစ်လိုက်တယ်လေ။

လား. . . လား. . . မြတ်ထွန်းက ဗလမရှိပေမယ့် 'ဇ' တော့ ရှိသား၊ ပုဂ္ဂိုလ်ကြီးနှာနုရိုး ဖြတ်ထိုးခံရပြီး နောက်ကို ဝုန်းခနဲလန်သွားမှ တစ်ဆိုင်လုံး သတိထားမိပြီး ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြတယ်။

ကြည့်လိုက်တော့ မြတ်ထွန်းနဲ့. . အို. . . အဲဒီမှာ ရုံးကပုဂ္ဂိုလ်တွေဝိုင်းလာပြီး. . ဘာဖြစ်တာလဲ!. . ဘယ်သူလဲ!. . ဘယ်ကောင်လဲ





ကွ!. . ဆိုတဲ့ အသံတွေ ဘယ်သံတွေ ဆူညံကုန်တော့. . ပုဂ္ဂိုလ်ကြီး ကိုယ့်နှာခေါင်း ကိုယ်အုပ်ပြီး ထလစ်ရတော့တာပေါ့။ မဟုတ်ရင်. . ကုမ္ပဏီက လူဗျိုတွေ ဝိုင်းဖွတ်တာနဲ့ ကြေမွကုန်မှာ။

ပြဿနာက အဲဒီမှာပဲ ပြီးသွားတယ်။ မြတ်ထွန်းကို ပထမက ဒေါ်အေးရီရီတို့သားအမိပဲ ခင်တာ. . အဲဒီကိစ္စဖြစ်ပြီး ဦးရွှေမြကပါ ခင်သွားတယ်။

မိန်းမတစ်ယောက်လုံး ကိုယ့်ရှေ့မှာ အစော်ကားခံနေရတာ သူ မလှုပ်ရဲဘူးလေ။ မြတ်ထွန်းဝင်လှုပ်မှ ဟိုလူနှာခေါင်းရိုးပြုတ်ပြီး ပြေးတာမဟုတ်လား။ ဒါပေမယ့် မြတ်ထွန်း သမလိုက်တာကို ကြည့်ပြီး စိတ်ထဲက 'မှတ်ပလားကွ' လို့တော့ ကြိမ်းလိုက်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်ပိုင်း မိဘနှစ်ပါးစလုံးက မြတ်ထွန်းကို အလေးပေး ဆက်ဆံလာတော့ ရွှေရင်အေးမြအတွက် အကွက်ပေါ့။ နဂိုရ်ကမှ . . ဒီလူချောလေးနဲ့ ရင်းနှီးရတာကိုက သာယာနေတာ၊ ပိုတောင်ပျော်ယာ ခတ်လာတယ်။

မိန်းကလေးတွေများ အဲ့ဒါပဲဗျ. . သူတို့ကစကြိုက်မိပြီဆိုရင် လက်လက်ကိုစင်နေတာ။ ပရိသတ်အားနာလို့ သိပ်တော့မပြောချင်ဘူး ဗျာ။ တစ်ကယ့်ပါ. . . ဟိုမှာ အင်ဂျင်နီယာကြီးတွေ၊ ဌာနခွဲစာရေးကြီး တွေ၊ သူဌေးဗေါက်စတွေ ငုတ်တုတ်ကိုမေ့လို့. . . စာရေးဖွတ်ဖွတ် လေးတွေ့တော့ မစန်းလေးနဲ့ သေသလိုပဲ. . . ရွှေရင်အေးမြ အတွက် မြတ်ထွန်းကလွဲ ကျန်တာ ခဲ,သလဲပဲ။

ဟိုးတုန်းကတော့ ဖွဲ၊ ဆန်ကွဲလို့ နှိုင်းပါရဲ့၊ ဒီခေတ်က ဖွဲ့ကြမ်း





တစ်ပြည်တစ်ရာ ဆန်ကွဲ တစ်ပြည်ငါးရာ၊ အဲဒီတော့ ခဲ,သလဲလို့ နှိုင်းရအောင်ဗျာ. . နော။

ကိုင်း. . မြတ်ထွန်းအကြောင်း အတင်းတုတ်ရတာ အတော် ပေရှည်သွားပြီဗျ။ နည်းနည်းချုံ့ပြီးပြောရရင် မြတ်ထွန်းနဲ့ ရွှေရင် အေးမြတို့ နှလုံးသားချင်းနားလည်မှုရသွားကြတယ်။ သိတော်မူတဲ့ အတိုင်း အိုးချင်းထား အိုးနှုတ်ခမ်းပဲ့. . ကြိုးချင်းထား ကြိုးတန်းလန်းနဲ့ မဟုတ်လား။

စကားပုံဖွက်တာမဟုတ်ပါဘူး ပရိသတ်ရယ်. . သူများနဲ့ ဟစ်ပေါ့ကုန်မှတော့ ကိုယ်လည်းဂစ်ဂေါ့လေးလုပ်ကြည့်တာ မှားတယ် ဆိုလည်း ခွင့်လွှတ်ပါ။ မြတ်ထွန်းနဲ့ရွှေရင်အေးမြကတော့ အတော့်ကို ခရီးရောက်သွားပြီ။ အငွေ့မှမဟုတ်တာ အတွေ့ပဲ။ ဘယ်ခံနိုင်လိမ့် မလဲ။ ကောင်မလေးကလည်း သွက်သွက်လှလှလေးဆိုကတော့ မြတ် ထွန်းရဲ့ တုံဏှိဘာဝေလည်း အကုန်ထိပါလေရောလား။

ပြဿနာက ဒေါ်အေးရီရီ၊ ဘယ်ကနေဘယ်လို သတင်းရ သွား လေတယ်မသိဘူးဗျာ။ မြတ်ထွန်းကို ဆိုင်ရိပ်. . အဲ. . အဲ. . ဘား ရိပ်တောင် မနင်းစေနဲ့ဆိုပြီး တစ်ချက်လွှတ်အမိန့်ထုတ်တော့တာ သေချာစုံစမ်းကြည့်တော့ ဒီလို. . . ဒေါ်အေးရီရီက ဂုဏ်ဒြပ်နဲ့ စီးပွား ရေးမက်တဲ့ မိန်းမပီပီ သူ့သမီးကို လာလာပိုးနေတဲ့ သူတွေထဲက အင် ဂျင်နီယာကြီး ဦးဝင်းရှိန်နဲ့ချိန်နေတာ။ လူပျိုကြီး ပညာတတ်၊ လက်ရှိလည်း မိဘအမွေနဲ့ တိုက်တစ်လုံး ကားတစ်စီးကလည်း ရှိတယ်မဟုတ်လား။

ဒါပေမဲ့ မြတ်ထွန်းကိုလည်း ပုဂ္ဂိုလ်ရေးအရ ခင်မင်စိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ့လာပါတယ်။ သာမန်စာရေးလေး အမေမှဆိုးမကို လုပ်ကျွေးနေရတဲ့သား၊ နေတာကလည်း ဟိုးတောင်ဥက္ကလာ အစွန်အဖျား ငမိုးရိပ်ချောင်းဘေးနားကရပ်ကွက်ဆိုတော့ မဖြစ်သေးဘူးဆိုပြီး. . အင်ဂျင်နီယာကြီးနဲ့ပဲ ဗိုင်းမွဲနေတာကြာပြီ။

အဲဒီအချိန်မှာ အရောင်းမြှင့်တင်ရေးအုပ်စုထဲက ကားမောင်းတဲ့ ဝင်းဖေဆိုတဲ့ကောင်က အင်ဂျင်နီယာကြီးကို တီးတိုးသတင်းလာပေးတယ်။ မြတ်ထွန်းနဲ့ ရွှေရင်အေးမြက ဘာလိုလိုဖြစ်နေပြီပေါ့။ အဲဒီတော့ လူပျိုကြီးကလည်း ပညာရှိအမျက် ရင်ထဲဖွက် (အပြင်မထွက်ရင်ရှိပြီလေ) ဆိုသလိုပဲ ခံရခက်သွားပြီး. . . ဘွားတော်ကြီးကို အလိမ္မာစကားလေးနဲ့ အသိပေးလိုက်တယ်။

"ငယ်ရွယ်သူဆိုတော့လည်း အတွေးလွဲ အတွက်လွဲတာပေါ့ အန်တီရယ်. . ပြောပြရင်ရပါတယ်"

ပြောပြတယ်လေ. . ။

"ဟင်. . နင်ခွေးဖြစ်ချင်လို့ ခွေးဇာတ် ခင်းနေတာလား!. . . ငါက ဘဝနဲ့ချီပြီးရလာခဲ့တဲ့ သင်ခန်းစာ. . နင့်အဖေတောင် ကံလေးပါလာလို့ ကံမပါလို့ကတော့ ကြံသကာနဲ့ ထမင်းစားရတဲ့ဘဝ ဖြစ်သွားသေး၊ ဟင်း. . . ငါစီစဉ်ပြီးပြီ ဒီကရှေ့ နင်အဲဒီအကောင်နဲ့ ဆက်တွေ့နေလို့ကတော့ သေပြီသာမှတ်"

အဲဒီလို ခပ်ပြတ်ပြတ်ပြောပြီး အဆက်ဖြတ်တဲ့အနေနဲ့ ကောင်မလေးကို ဆိုင်မထိုင်ခိုင်းတော့ပဲ အိမ်မှာထားပြီး သူဝင်ထိုင်တယ်။ ရမလားဗျာ. . ခေတ်ကာလ သားသမီး မွေးလို့ ကြီးပါပြီဆိုကတည်းက





မျက်စိကြီးကြီး နားကြီးကြီးနဲ့မွေးလာတာ၊ နို့နံ့မှမစင်သေးဘူး အိုပါ့နဲ့ လက်ထပ်မယ်. . . အားကိုးရှစ်နဲ့ လက်ထပ်မယ်ဆိုတဲ့ ကလေးသရုပ်ဆောင်ဇာတ်ဝင်ခန်းတွေ ခပ်များများပါတဲ့ ကိုးရီးယားယဉ်ကျေးမှုနဲ့ လူဖြစ်ကုန်တာ။ ဒါမျိုးဖြတ်ရုံနဲ့ ပြတ်ရိုးလား။ ဘားမှာမတွေ့ရတော့ အိမ်နားမှာခိုးတွေ့. . တွေ့တွေ့ရင်းနဲ့ တစ်ခါတည်းခိုးပြေးပါလေရော ပရိသတ်ရေ။

ဆိုတော့ကာ ညားကြလေသတည်းပေါ့။ ဒီချိန်ကျမှ ပြန်ခွဲလည်း သမီးတစ်ခုလပ်ဖြစ်တာပဲ အဖတ်တင်မယ်။ အင်ဂျင်နီယာကြီးကလည်း ယူမှာမဟုတ်တော့ဘူးလေ။ ဒေါ်အေးရီရီက အမွေဖြတ်မယ် ဘာမယ်လုပ်တော့ ဦးရွှေမြက လက်မခံဘူး။ ငါ့သမီးကို အမွေဖြတ်ရင် နင့်ကိုပါ ငါအမွေဖြတ်မယ်ဆိုလို့ ဒေါ်အေးရီရီ မူလီတစ်ရစ်လောက်လျှော့ပေးလိုက်ရတယ်။

"လာအပ်" တဲ့. . အဲဒါနဲ့ မြတ်ထွန်းလည်း ရပ်ကွက်ထဲက လူကြီးတွေဖြစ်တဲ့ ဦးကျင်သိန်းတို့ ဦးစိုးမြင့်တို့ ဦးမောင်သိန်းတို့ အကူအညီတောင်း ဦးဆောင်စေပြီး ရွှေရင်အေးမြ ပြန်အပ်ပွဲလေး လုပ်ကြတယ်။ အရေးထဲ ဦးစိုးမြင့်က မင်္ဂလာစကားပြောရင်း အရှိန်လွန်ပြီး ဒုကုလနဲ့ ပါရိက အကြောင်းရောက်သွားလို့ မြတ်ထွန်းတို့ အညိုဝတ်ပြောင်းပြီး တောကောင်းတောင်ကောင်း ရှာရမလို့တောင်ဖြစ်သွားတယ်။

၄၄၄၄



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်ပိုင်း ဦးရွှေမြရဲ့ဆန္ဒအတိုင်း ကုမ္ပဏီရုံးရှေ့ကော်ဖီဘားကိုပဲ မင်္ဂလာခန်းမလုပ်ပြီး မင်္ဂလာဆောင်ပေးလိုက်တယ်။ သူ့တုန်းကလည်း ယောက္ခမတွေက လက်ဖက်ရည်ဆိုင်ကို ခန်းမလုပ်ပြီးဆောင်ပေးခဲ့တာကိုး၊ ထူးခြားတာလေးပြောရရင် သမီးရဲ့မင်္ဂလာပွဲကို အမေဖြစ်တဲ့ ဒေါ်အေးရီရီလုံးဝမတက်ရောက်ပဲ ဆန္ဒပြခဲ့တယ်ဆိုတာပါပဲ။ ဦးရွှေမြကလည်းသိတယ်။ မင်္ဂလာဦးကာလ သမက်နဲ့သမီး စိတ်ညစ်ရမယ့်အရေးကိုမြင်လို့. . . လောလောဆယ် မြတ်ထွန်းနဲ့ လိုက်နေဖို့ စီစဉ်ပေးရှာတယ်။

မင်းတို့အမေစိတ်ပြေမှ ပြန်လာပေါ့ကွာဆိုတာနဲ့ ရွှေရင်အေးမြလည်း ယောင်နောက်ဆံထုံး ပါခဲ့တာပေါ့။ ဒီအစီအစဉ်ကို မြတ်ထွန်း



လည်း သဘောကျတယ်။ မင်း ငါ့အိမ်မှာလိုက်နေဆိုပြဿနာ၊ အိမ်မှာအမေတစ်ယောက်တည်း၊ အစ်မတွေရှိတယ်ဆိုပေမဲ့ သူ့အိမ်ထောင်နဲ့သူ။

အမေ့ကိုအစ်မတွေဆီ ပို့ထားလည်းဖြစ်တာပဲ. . အစ်မတွေကလည်း ခေါ်မှာပဲ. . ခက်တာက အဖေခေါင်းချသွားတဲ့အိမ်ပေါ်ကနေ သေမှပဲ ငါ ဆင်းမယ် ဆိုတဲ့အမေ့အစွဲကိုတော့ ဘယ်သူမှခေါ်လို့မရဘူး၊ ဘယ်မှလည်း ပို့လို့မရဘူး၊ ခုတော့အားလုံးအဆင်ပြေတယ်ပေါ့။

သားအငယ်ဆုံးက ချွေးမအလိမ္မာလေး အိမ်ပါအောင် ခေါ်တင်လာပြီဆိုတော့ သူတို့လင်မယားလည်း အဆင်ပြေ အမေ့ဆန္ဒနဲ့လည်း. . အိုခေ။

ဒါပေမယ့် လူ့လောကမှာ စိတ်ထင်ရာအတိုင်း အဆင်ပြေကြကြေးဆိုရင်တော့ လူတိုင်း ဆင်းရဲဒုက္ခနဲ့ ကင်းဝေးကြမှာအမှန်ပဲဗျ။ အိမ်ရောက်ပြီးနောက်တစ်နေ့မှာ မြတ်ထွန်း သောကကို စကိုင်မိတော့တာ။

ရွှေရင်အေးမြ ဘဝတစ်လျှောက်လုံး ပင်ပန်းခဲ့တာဆိုလို့ သူ့ကိုယ်သူ ရေမိုးသန့်စင်ပြီး အလှပြင်ခဲ့တာပဲရှိတာ။ ထမင်းဟင်း မချက်တတ်ဘူး၊ အဝတ်မလျှော်တတ်ဘူးတဲ့။

မနက်အိပ်ရာက မထခင်လေး ဇနီးမယားက ခြင်ထောင်သံလေးနဲ့ ဝန်ခံလာတော့ မြတ်ထွန်းခမျာ အောင့်သက်သက်လေးပြုံးပြီး နှစ်သိမ့်တယ်။

မောင်လုပ်မှာပေါ့ကွယ်. . ပူပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မြတ်ထွန်းကတော့ သူ့အမေဆူတာပြောတာကြောင့် နားတော်တော်ပူသွားတယ်။ ဘယ်နှယ့်တုန်း မိန်းမဖြစ်ပြီး ထမင်းမချက်တတ်၊ အဝတ်မလျှော်တတ်နဲ့ နင်ဘယ်လိုမိန်းမကို ဘာကြည့်ယူလာတာလဲ. . တော့်ရဲ့ စသဖြင့် ဘာညာပေါ့။

ဒါပေမယ့် အမေကတော်ရှာပါတယ်။ သားကိုသာ ပိုက်ခေါက်ကြိတ်ဆွဲပြီး ဆူတာ. . ချွေးမအတွက်တော့ လက်ဆေးရေ အဆင်သင့်ပဲ။

မီးဖိုချောင် သားဝင်ချက်နေတော့ အမေဖြစ်တဲ့သူက မကြည့်ရက်လို့ဝင်ချက်။ သားက. . မယားအဝတ်ပါ တဖုံးဖုံးရိုက်လျှော်နေတာမြင်ပြီး. . ရင်ထုမနာစိတ်နဲ့ဝင်လုပ်၊ နောက်ဆုံးတော့ အမေ့ရဲ့ ဒုက္ခအိုးလေး မြတ်ထွန်းကြောင့် မိခင်ကြီးခမျာ. . သားအပြင် ချွေးမအတွက်ပါ အလုပ်ပိုလာတယ်။

ဒီလိုနဲ့. . . ရွှေရင်အေးမြ ကိုယ်ဝန်ရ၊ မွေးတော့ ယောကျ်ားလေးအမွှာ၊ ညှပ်ရိုးကျဉ်းလို့ ခွဲမွေးတာ၊ ကုန်လိုက်တဲ့ပိုက်ဆံကလည်း သောက်သောက်လဲ။ ယောက္ခမဆီ လက်နက်ချ အလင်းဝင်ရင် သက်သာဖို့မြင်ပါရဲ့. . . ဒါပေမယ့် မာနက မချချင်တော့ အကြွေးတွေတင်၊ ဒီကာလအတွင်း ရာထူးတိုးလို့ လစာတစ်သောင်း သာပိုလာတယ်. . အတိုးပေးရ ကလေးအတွက် ကုန်ကျရတာနဲ့ စားဖို့ကို အတော်လုံးပန်းနေရတယ်။ တိုင်ပတ်တယ်ဆိုတာ ဒါမျိုးလားပေါ့။

ယောက္ခမကြီးလည်း ရွှေရင်အေးမြအိမ်ထောင်ကျပြီးတည်းက စီးပွားကျတယ်ပဲပြောရမလား. . ကော်ဖီဘားက အရင်လောက်ကို



မစည်းကားတော့တာ မြတ်ထွန်းအမြင်အတွေ့လေ။

သိပ်မကြာပါဘူး. . . ဘားဆိုင်နေရာကို တရုတ်သူဌေးတစ်ယောက်ဆီ ရောင်းလိုက်ရတယ်။ တရုတ်သူဌေးလက်ထက်ရောက်မှ ဘားက ဘားအစစ်ဖြစ်သွားတယ်။ ယောက္ခမကြီးတို့လို ကော်ဖီဘားမဟုတ်ဘူး. . အရက်ဘား။ မြတ်ထွန်းတောင် တစ်ခါတစ်လေညစ်ပြီး ရောက်ရောက်သွားလို့ အိမ်သူမယားနဲ့ တစ်ပွဲလားနှစ်ပွဲလား စမ်းလိုက်ရသေးတယ်။

ခက်တော့ခက်သား၊ ယောကျ်ားတွေ ညစ်လုံးပြီးချောင်ပိတ်သွားရင် ထွက်ပေါက်က အရက်သောက်တာလို့ ဘယ်ကထိကများ သွန်သင်သွားပါလိမ့်။ အမှန်တော့အရက်သောက်ရင် ထွက်ပေါက် မရနိုင်ဘူး. . ဝင်ပေါက်ပဲ ရမယ်။

မူးလာရင်ရူးလာမယ်၊ ရူးလာရင် ကောင်းမှန်း ဆိုးမှန်းမသိဘဲ ရမ်းလာရော၊ အရမ်းခံရတဲ့သူက တိုင်ရင်တော့ ဝင်သွားရော၊ ဟိုတုန်းကတော့ ခြောက်ပေါက်ထိပ်တုံးပေါ့. . . ခုတော့ အချုပ်ခန်းလေ၊ မြတ်ထွန်းတောင် တစ်ကြိမ်ဝင်ဖူးသေး။

အဲဒီနေ့က မြတ်ထွန်းလစာထုတ်တဲ့နေ့၊ လစာထုတ်ပြီး ပြန်ထွက်လာတော့ ရုံးအောက် မြတ်ထွန်းဆီက ကြွေးရဖို့ စောင့်နေတဲ့သူက (၇)ယောက်။

ရော့. အင့်. ရော့. အင့်. . နဲ့ ဆပ်ချလိုက်တာ လက်ထဲသုံးထောင်ပဲ ကျန်တယ်။ ဒီသုံးထောင်နဲ့ တစ်လလုံးမိသားစုစရိတ်ဘယ်ကိုထိန်းမလဲဆိုတဲ့ အတွေးနဲ့ ညစ်ကန်နေတုန်း သူနဲ့ဌာနတူတဲ့ တင်ရှိန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတယ်။

သူလည်းသုံးခါမွှေး ခြောက်ယောက်အမြွှာများရဲ့ ဖခင်ဆိုတော့ မြတ်ထွန်းကိုအမြွှာချင်းကိုယ်ချင်းစာပြီး ရုံးရှေ့ကဘားထဲ ခေါ်သွင်းသွားတယ်။

တင်ရှိန်လည်းအကြွေးဆပ်တာ လက်ထဲတစ်ထောင်တန် တစ်ရွက်ပဲကျန်လို့ လက်ကျန်စာရင်းဖြတ်တယ်ဆိုပြီး ဘီအီးတစ်လုံး ပဲလှော်တစ်ပွဲမှာ မြတ်ထွန်းကိုလည်းတိုက်ပေါ့။ မသောက်ဖူးဘဲသောက်တဲ့ မြတ်ထွန်းမူးလာတော့. . သူ့မှာ ကျန်နေတဲ့သုံးထောင်ပါ စားပွဲပေါ်တင်ပြီး ဆော်ရောဗျာ။

ဆော်ရင်း ဘဝအမောတွေ တစ်လှည့်စီဖေါက်ခွဲ. . . နောက်တော့ ပုလင်းခွံတွေပါရိုက်ခွဲ မည်းမည်းမြင်ရာ စိန်ခေါ်. . ကိုတရုတ်ကောင်တာပေါ်က ဆင်းခေါ်ပြီး ချော့မော့ပြန်လွှတ်တာကို ပုလင်းပြတ်နဲ့ ထိုးမယ်လုပ်လို့ ကိုတရုတ်လည်း မလွှဲမရှောင်သာပဲ ရဲစခန်းဖုန်းဆက်လိုက်ရတယ်။

ဘယ်ရမလဲ၊ ကိုတရုတ်က တရားဝင်မှတ်ပုံတင်ပြီးမှ ရောင်းတာ၊ သူတို့က အိမ်သူ ခွင့်ပြုချက်မပါပဲ တရားမဝင်သောက်တာ. . ပျားတုတ်တာပေါ့။

တော်သေးတာက ကုမ္ပဏီက မန်နေဂျာကိုလှတင့် အာမခံနဲ့လာထုတ်ပေးလို့၊ မဟုတ်ရင် အလုပ်တောင် ပြုတ်သေး။ ဒီလိုနဲ့ ရုံးမှာ ခဝန်လက်မှတ်လေးထိုးပြီး ပြီးလိုက်ရတယ်။

ဒါကြောင့်. . အရက်သောက်တာ ထွက်ပေါက် မဟုတ်ဘူး. .





ဝင်ပေါက် ပရိသတ်။

ကိုင်း. . ကိုင်း. . . မြတ်ထွန်းအကြောင်းကတော့ ဒါအကုန်ပဲ ရှေ့ဘာဖြစ်မလဲဆိုတာအစပိုင်းက စာမျက်နှာတစ်ဝက်နဲ့ ဆက်ပြီး. . ကြည့်လိုက်ပါဦး ပရိသတ်ရေ။



www.burmeseclassic.com

www.burmeseclassic.com

သံတုံးသံခဲတွေ အရည်ကျိုပြီး
လိုသလိုပုံလောင်းလို့ရသလို
ငါ့ဘဝကိုလည်း အရည်ကျိုပြီး
လိုသလို သွန်းသစ်ကြည့်ချင်တယ်
ပုံစံအသစ်ကလေးဖြစ်သွားရင်
"အချစ်..." မင်းရော မှတ်မိပါ့မလားကွယ်။





# အခန်း(နှစ်)

**"အား**. . ကျွတ်ကျွတ်"

ကားမှတ်တိုင်နားနေဆောင် ခုံတန်းပေါ် ဆန်ထုပ်ကလေး ချပြီး မြတ်ထွန်းတိုးတိုးညည်းတွားရင်း လက်တွေခါ. . ကားလာပြီလားလည်း ကြည့်ပေါ့။

စီးရမယ့်ကားက (၇၉)တို့ (၉၆)တို့ဆိုတော့ ဒီချိန်မတ်တတ်ကို ကြပ်ညပ်နေအောင် လိုက်ရမယ့်ဒိုင်နာတွေ မဟုတ်လား၊ ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် ဆန်ထုပ်က တစ်ဖက်၊ လက်ကလည်း မယိုင်မလဲအောင် ကိုင်ထားရမှာ၊ အရပ်နဲ့မလွတ်လို့ ဇက်ကိုလည်း ချိုးထားရဦးမယ်။

ဆောင့်မိတာနဲ့အကွဲပဲ၊ အပေါ်အမိုးဇောင်းတွေက ဓါးတွေနဲ့ လေးထောင့်ကွက်ဖော်ထားသလို ဇောင်းထနေတာ။ ဒီကားတွေစီးတိုင်း ဒီဒေါသကို မျိုမျိုချနေရတာ အတော်ခံပြင်းစရာပဲ. . ကိုယ့်ပရိသတ်ထဲမှာ သက်ဆိုင်ရာတို့ ပါနေရင်လည်း အဲဒီကားတွေပေါ် ခဏလောက် တက်ကြည့်ကြပါဦးဗျာ။ ပြုပြင်ဖို့ အမှန်တစ်ကယ်လိုအပ်တယ်ထင်ရင် ပြုပြင်ပေးကြပါ. . တောင်းပန်ပါတယ်။

ဘယ့်နှယ့်ဗျာ. . . ခရီးသည်တွေကို ထင်းချောင်းစီ သလိုစီ၊ ဝက်တင်သလိုတင်မောင်းနေတဲ့ အဲ့ဒီကားတွေအကြောင်းသာ ပြောရရင် မြတ်ထွန်းဇာတ်လမ်းပါ ဒီနားတင်တစ်ခန်းရပ်သွားနိုင်တယ်. . . တစ်ကယ်ပါ။

ကားခလည်း အကြွေမရှိလို့ အကြောင်းပြပြီး ငါးဆယ်တစ်ရာ ပိုယူလို့ယူလား၊ အမိုးဇောင်းတွေကြောင့် ထိပ်ပေါက်ခေါင်းကွဲ သွားတော့ ကိုယ့်ဒဏ်ရာလေးကိုယ့်ဘာသာ လက်ဝါးလေးနဲ့ပိတ်ပြီး. . . ဆေးခန်းပြေးရတဲ့ ခရီးသည်တွေဘဝ တွေးသာကြည့်ကြပါတော့။

ဒီလိုကားမျိုး (၇၉)၊ (၉၆)မှ မဟုတ်ဘူး. . ရန်ကုန်မြို့ထဲ နံပါတ်အမျိုးမျိုးနဲ့ပတ်ဆွဲနေတဲ့ ဒိုင်နာအတော်များများ ဒီအတိုင်းကို ပစ္စုပ္ပန်ဒေဝ လုပ်စားနေကြတာဗျာ။ တစ်ချို့ အုံနာတွေကတော့ တစ်ကယ်ကို စေတနာရှိပါတယ်။

အပေါ်အမိုးကို ခေါင်းဆောင့်မိရင် မနာကျင်အောင် ဖော်



ကာမျက်နှာကျက် ထည့်ထားတာမျိုး. .၊ ဘေးတန်းထိုင်ခုံတွေလည်း စိတ်ချလက်ချ ပြည့်ပြည့်ဝဝ ထိုင်လို့ရအောင် လုပ်ထားတာ တစ်ကယ် ကျေးဇူးတင်စရာ။ တစ်ချို့က ဟုတ်ပါဘူးဗျာ မတ်တတ်ခရီးသည် များများ သိပ်ထည့်လို့ရအောင် ထိုင်ခုံကို ဗျက်ကျဉ်းထားတော့ ထိုင်သာ ထိုင်ရတယ် ဖင်ကလေးပဲ တင်ထားရလို့ နောက်တန်းကို လက်ပြန်ဆွဲစီးရတာ ခင်ဗျား. . . တော်ပါပြီ၊ မပြောတော့ပါဘူး။

ကားကြောနည်းနည်းပြတ်နေလို့ မြတ်ထွန်းသူ့ဆန်ထုပ်လေး ပြန်မ၊ အဲဒီနေရာ သူဝင်ထိုင်ပြီး လွယ်အိတ်လေးပေါင်ပေါ်ဆွဲတင်၊ လွယ်အိတ်ပေါ်မှာ ဆန်ထုပ်တင်လိုက်တယ်။ အဲဒီအခိုက်မှာပဲ သူ့ဘေးကလွတ်နေတဲ့နေရာရှေ့မှာ စုံတွဲတစ်တွဲလာရပ်ပြီး မောင်ထိုင် မထိုင်နဲ့ အကြင်နာတွေ ပြိုင်နေကြပြီး နောက်ဆုံးတော့ မ. . ဆိုတဲ့အမျိုးသမီးကြီး ထိုင်ဖြစ်သွားတယ်။

နှစ်ယောက်စလုံးကတော့ အသက်လေးဆယ်ကျော်တွေပါပဲ၊ ဘယ်လောက်များများကျော်သလဲဆိုတာတော့ ကာယကံရှင်တွေပဲ သိမှာပါ။ မ. . က သူထိုင်ရပြီဆိုတော့ မောင့်လက်ထဲက ဖိုင်အိတ်ကို ယူပြီး. . . သူ့ပေါင်ပေါ် တင်ထားပေးမယ်ပေါ့။

အဲဒီမှာ မြတ်ထွန်းရဲ့ပရိယေသန ဝမ်းအိတ်လေးကို ဒုက္ခပေးတော့တာပါပဲ။ ဖိုင်အိတ် ပေါင်ပေါ်အတင်မှာ ဖိုင်အိတ်ထောင့်ချွန်ချွန်က တင်းတင်းဖောင်းဖောင်းလေးဖြစ်နေတဲ့ ကျွတ်ကျွတ်အိတ်ဘေးသားကို ဆွဲခွဲပစ်လိုက်ပါတော့တယ်။

"ဗြိ. . ဗြဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ! . . . ကုန် . . ကုန်ပြီ . . . ကုန်ပြီဟ"

'မ' . . ဆိုတဲ့အမျိုးသမီးက သူ့အပြစ်နဲ့သူ လျှာကလေးတစ်လစ်ထုတ်ပြီး မျက်လုံးပြူးကြည့်တယ်။ မောင်ဆိုတဲ့ပုဂ္ဂိုလ်က လက်ကိုင်ပဝါလေးထုတ်ပြီး သူ့ရဲ့မ . . ပေါင်ပေါ်တင်ကျန်နေတဲ့ ဖွဲမှုန့်နဲ့ ဆန်စေ့အချို့ကို ပုတ်ခါထုတ်လိုက်တယ်။ ပြီးတော့ သူ့အမျိုးသမီး မ . . ကြီးကို လက်ဆွဲမခေါ်ပြီး ထွက်သွားပါတော့တယ်။

ဘယ်လိုပြောရမလဲ မြတ်ထွန်း အသားကုန်တင်သွားတယ် ပေါ့ဗျာ။ ဒီထက်လေးနက်အောင်ပြောရရင် လူသတ်ချင်စိတ် ပေါက်သွားတယ်။ အဲဒါကြောင့်လက်ထဲတစ်ဝက်နီးနီးပဲကျန်တော့တဲ့ ဆန်ထုပ်နဲ့ ထွက်သွားတဲ့နှစ်ယောက်ကို ပစ်ပေါက်ထည့်လိုက်ပါလေရော လား။

"ဖွမ်း!!"

"ဟာ!"

နာဂါစကီးကို ဗုံးကျတာမဟုတ်ဘူး။ လူမှုရေးမသိတဲ့ ဦးခေါင်းကို ဆန်ထုပ်ထိမှန်သွားတာမှ ဖွမ်းခနဲပဲ။ ဆန်တွေလည်း အဲဒီနားတဝိုက် ဖွာလျှာကြဲကုန်တယ်။

မောင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီး ရှက်မွန်သွားပြီး သူ့ရဲ့မ . . ကြီး ဆွဲထားတဲ့ကြားက လွှတ်ရုန်းပြီးပြေးလာတယ်။ မြတ်ထွန်းကလည်း ရင်ထုမနာသောကဒေါသတွေ အပြည့်အမောက်နဲ့ ပေါက်ကွဲလက်စဆိုတော့ . .

"ဖုန်း . . . ခွပ် . . . ဘုံး . . . ဘိုက် . . ဂုတ် . . ဂပ်"

အိုး . . . မျှော်စင်ကျွန်းမှာ လက်သီးမိုးရွာတာ ဘာဟုတ်သေး



လဲ . . ဘတ်စတင်းထဲ ပဝါမကူ ရေပါမရှူစတမ်း ကြမ်းရမ်းနေလို့ . . ကားစောင့်နေတဲ့ခရီးသည်တွေပါ ပလက်ဖောင်းအောက် ပြေးဆင်းကုန်ကြတယ်။

အဲဒီအချိန်မှာပဲ တင်ရှိန် ဘယ်ကနေဘယ်လို ရောက်လာတယ်မသိဘူး။ မြတ်ထွန်းနဲ့ သူတစ်ပြန်ကိုယ်တစ်ပြန် နှံနေကြတာ မြင်တော့ ခါးတောင်းကျိုက်ပြီး ဝင်ဖိုက်တော့တာကလား။ တင်ရှိန်ပုံစံက ဖြူဖြူပုပု ဗိုက်ကရွဲရွဲဆိုတော့ ခါးတောင်းကျိုက်မှ ဝမ်ချိုင်းနဲ့တောင် တူနေလို့ မောင်ဆိုတဲ့ပုဂ္ဂိုလ် လန့်ဖျပ်ပြီး ခြေလွတ်လက်လွတ်ပြေးကို ပြေးယူရတယ်။

ဒါတောင် တင်ရှိန် တစ်ချက်ခုန်ကန်တာ မိသွားလို့ ဟပ်ထိုးဟပ်ထိုးတောင် ဖြစ်သွားသေး။

"မြတ်ထွန်း ရရဲ့လား . . . ဘယ်လိုဖြစ်တာလဲ!"

"ငါ့ဆန်ထုပ် . . သူ့မိန်းမကြောင့် ပြိုကွဲကုန်တာ တောင်းပန်စကားတောင်မပြောဘဲ ထွက်သွားလို့ ငါလိုက်ဖြုတ်တာ"

"ဟာကွာ မိုက်ရိုင်းတဲ့ကောင်၊ အသေကိုဖြုတ်ရမှာ၊ ဒါ စာရေးမိသားစုစားရမယ့်ဆန်ကွ၊ သူဌေးမိသားစု စားတဲ့ဆန်ထက် အဓိပ္ပါယ်ရှိပြီး အဖိုးတန်တယ် . . . တောက်!"

တင်ရှိန်မခံမရပ်နိုင် ကြိမ်းဝါးနေတုန်း မြတ်ထွန်းက ပလက်ဖောင်းပေါ်ပြန့်ကြဲနေတဲ့ဆန်တွေ ရသလောက်ပွတ်သိမ်းနေလို့ စိတ်မကောင်းဖြစ်သွားပြီး . . .

"ထားလိုက်ပါတော့ သူငယ်ချင်း . . . ငါ့အိမ်လိုက်ခဲ့ကွာ . .

www.burmeseclassic.com

www.burmeseclassic.com



မနေ့တ(ဒ)ပြည်ဝယ်ထားတာ နှစ်ပြည်လောက်ခွဲယူသွား"

"ဟာ. . နေပါစေတော့ကွာ. . ဒါလည်းရေဆေးရင် ပြောင်ပါတယ်"

"ထားလိုက်ပါတော့ လူတွေဝိုင်းကြည့်နေတာ ရှက်စရာကြီးကွ၊ လာစမ်းပါ ထားခဲ့တော့"

ပြောရင်းတင်ရှိန်အတင်းဆွဲခေါ်လို့ မြတ်ထွန်းကန့်လန့်ကြီး ပါလာတယ်လေ။

နောက်မှစဉ်းစားမိတာက တင်ရှိန်တို့ရပ်ကွက်က ဒီနားလေး တင်ရယ်၊ ဒီကောင်ကအဆင်မပြေဘူးဆိုပေတဲ့ ယောက္ခမမိသားစုနဲ့ တစ်အိုးတည်းပေါင်းစားပြီး ယောက္ခမနဲ့ခယ်မ လုပ်အားခပါ အားဖြည့်ထားတော့ သူ့ထက် နည်းနည်းအသက်ရှူချောင်တယ် ပြောရမယ်။ ဒါတောင် သုံးခါမွေးခြောက်ယောက်ဖြစ်နေလို့. . သုံးယောက်လောက် ပဲဆို အတော်ဂွတ်မှာ။

"မင်းလာကူပေးတာ ကျေးဇူးပွဲကွာ၊ ဒီလူအတော်သန့်တာ"

"အေး. . ငါလည်းရုံးကပြန်ရောက်ရောက်ချင်း အငယ်ဆုံး လေးတွေအတွက် အာဟာရမှုန့် ကုန်နေတယ်ဆိုလို့ ထွက်ဝယ်တာ၊ ဒီတစ်မြွာကျမှ သူ့အမေလည်း နို့သိပ်မကောင်းဘူးကွ၊ ဘာဖြစ်တယ် မသိပါဘူး"

တင်ရှိန်အိမ်ကိုတော့ မြတ်ထွန်းမကြာခဏဆိုသလို ရောက်ဖူး တယ်။ သိတဲ့အတိုင်းဒီကောင်က အမြွာနဲ့ပတ်သက်လာရင် စီနီယာကြီး ဆိုတော့ သူ့အိမ်ကအမြွာအတွက် မသိတာလေးရှိရင် နည်းနာခံ ဗဟု



သုတ စကားကြားအရ မေးမြန်းရတယ်မဟုတ်လား။

"ဟ. . . တင်ရှိန်ရ မင်းဒီလမ်းက သွားမလို့လား!"

"အေးလေ. . "

"ဟာကွာ ဒီလမ်းထဲကခွေး ဆိုးတယ်ကွ. . ငါတစ်ခါဖြတ်ပြန် တာလိုက်ဆွဲလို့၊ လွယ်အိတ်သာ မပါရင် မချောင်ဘူး"

"လာစမ်းပါ. . . ငါ့မှာ ခွေးမကိုက်တဲ့ဂါထာရှိတယ်"

"ဟုတ်ရဲ့လားကွာ ရာသီဥတုကလည်း ဆောင်းသာဆိုတယ် အပူရှိန်ပြင်းတယ်ကွာ. . . "

"စိတ်မပူနဲ့. . . လာ"

တင်ရှိန်. . အာမခံရဲရဲနဲ့ ခြေလှမ်းကြဲကြဲ လှမ်းနေတော့ သူ့ ဂါထာအပေါ် သူယုံကြည်မှု အပြည့်ရှိပုံရတယ်လို့ မြတ်ထွန်းတွေးမိပြီး ကြောက်ကြောက်နဲ့ လိုက်လာခဲ့တယ်။

၍ ၍ ၍ ၍

www.burmeseclassic.com

www.burmeseclassic.com



မကြာပါဘူး၊ လမ်းတစ်ဝက်လောက်လည်းရောက်ရော . . . ဟိုတစ်ခါ သူ့ကိုလိုက်ဆွဲတဲ့ ခွေးကြီးထွက်လာပါလေရော။ ခွေးက ခါးစောင်းလောက်ကိုရှိတဲ့ အဝါအဖြူကျားကြီး . . .

"ဝေါင်း . . . ဝေါင်း"

မြတ်ထွန်းလန့်ပြီး နောက်ပြန်လှည့်ပြေးမယ်လုပ်တော့ တင်ရှိန်က အသားကုတ်ဆွဲပြီး . . .

"ခပ်တည်တည်လျှောက်စမ်း ငါ . . ဂါထာစုတ်မယ်"

တင်ရှိန် တစ်ကယ် ယုံကြည်မှုရှိရှိနဲ့ လုပ်နေတော့သူလည်း မရှောင်သာတော့ပဲ တင်ရှိန်ခိုင်းတဲ့အတိုင်း လိုက်လျှောက်တယ်။ ခွေးကြီးမာန်ဖီပြီး တကဲကဲလုပ်လေ သူကြက်သီးမွေးညင်း ဖျဉ်းခနဲထလေ





ဖြစ်နေတုန်း တင်ရှိန်ဆီက အသံတစ်မျိုးထွက်လာပါတော့တယ်။

"အင် . . အင့် . . ဝု . . အင့် . . အင့် . . ဝု . . အု . . အု . . အင့် . . အု . . အင့်"

စွမ်းလိုက်တဲ့ဂါထာ၊ တင်ရှိန်ဆီက အဲဒီအသံလည်း ထွက်လာရော လည်ကုပ်မွေးဖွပြီး မာန်ဖီနေတဲ့ခွေးကြီး မာန်သံပျောက်ပြီး အမြီးပါ နှံ့တန့်တန့်နဲ့ဖြစ်လာတယ်။

အမယ် . . . ခြေထောက်လေးတွေပါ ဆတ်တတ်ဆတ်တတ် မြောက်ကြွမြောက်ကြွ ဖြစ်လာတာကလား၊ ကောင်းလိုက်တဲ့ဂါထာ၊ ဒါပေမယ့် ခွေးဆိုးကြီးက ရပ်မနေပဲ သူတို့နောက်ကနေ တအိအိအသံပေးပြီး ကပ်ပါလာလို့ . . .

"ဟာ . . . နောက် . . နောက်မှာ တင်ရှိန် . . အား . . . မင်း မင်းကို . . . နမ်းနေတယ်"

"ဟေ့ကောင်ငြိမ်ငြိမ်နေ"

တင်ရှိန် အဲသလိုသတိပေးပြီး သူပြုနေတဲ့အသံအတိုင်း ဆက်ပြီးဂါထာစုတ်တယ်။

"အင့် . . အင့် . . အု . . အင့်"

ဒီလိုနဲ့ အဲဒီလမ်းထိပ်လည်းရောက်ရော ခွေးကြီးရပ်ကျန်ခဲ့တယ်၊ ကြည့်ရတာ သူ့နယ်ကုန်သွားပြီထင်တယ် . . ပရိသတ်ရဲ့ . . ။ ခွေးတွေမှာ တရားဝင် ကြေညာချက် ထုတ်ပြန်ချက်တွေ မရှိဘဲ . . ဒါ ငါ့နယ်ကုန်၊ ဒါသူ့နယ်အစ ဆိုတဲ့ အပြန်အလှန် လိုက်နာသတ်မှတ်ချက် မျိုးရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုယ့်နယ်ကုန်လို့ကတော့ လုံးဝကိုရှေ့မတိုးတာ၊ တိုးလာရင်လည်း အတွယ်ခံရမှာပဲလေ။ ဟိုကောင် ငါတို့နယ်စပ် ရောက်နေပြီ. . ဆိုပြီး အခြေအနေစောင့်ကြည့်နေကြတဲ့ ခွေးတွေကလည်း ရှိနေတာကိုး။

အဲဒါနဲ့ ခွေးဆိုးတဲ့လမ်းကို ကျော်လာပြီး ရပ်ကွက်အလယ်လမ်းမကြီးပေါ် ရောက်တော့ တင်ရှိန်လည်း သူ့ဂါထာ စုတ်သံကို ရပ်လိုက်တယ်။ မြတ်ထွန်း. . ဂါထာအစွမ်းကို သဘောကျသွားပြီး မေးတယ်။

"ဂါထာက စွမ်းလှချည်လား တင်ရှိန်ရာ. . အဲ့ဒါ ဘာဂါထာလဲကွ၊ ဒါပေမယ့်တစ်ခြားဂါထာတွေကို ဥ|. . တွေဘာတွေ မခံဘူးနော်. . ."

"မလိုဘူးကွ. . ဒါ ဂါထာမှမဟုတ်တာ"

"ဟေ. . . မင်းပြောတာ ဂါထာဆို"

"ဟုတ်တယ် မင်းမယုံကြည်မှာစိုးလို့ ဂါထာလို့ ပြောလိုက်တာ၊ အမှန်တော့ အဲဒါ မိတ်မြှုတဲ့အသံကွ"

"ဟမ်!"

"အယ္ယုတ်ဟားဟားဟား. . . ဘယ့်နှယ့်လဲကွ၊ ဘယ်လောက်ဆိုးတဲ့ခွေးဖြစ်နေပါစေ အဲဒီအသံပေးလိုက်လို့ကတော့ အာရုံလွဲပြီး ဟဲဟဲဟဲဟဲ. . . ဖြစ်သွားတာ၊ မင်းလည်း အဲဒီအသံမျိုးရအောင် လေ့ကျင့်လေ. . ငါသင်ပေးမယ်"

"ဟာ. . . တော်တော်. . စောစောက ဟိုကောင်ကြီး မင်းကို





နမ်းတောင်နမ်းနေပြီကွာ၊ ဘေးမှာ ငါပါနေလို့ပေါ့ မဟုတ်ရင်"

"ဟေ့ကောင်. . . တော်တော့"

တင်ရှိန်ခံရမယ့်အပိုင်း ရောက်လာလို့ အချိန်မီ ဟန့်လိုက်တယ်။ သူ့အိမ်ရှေ့လည်းရောက်လာလို့ မြတ်ထွန်းဆက်မပြောတော့ဘဲ လိုက်ဝင်ခဲ့ပါတော့တယ်။ ဒီနေ့အဖို့ ယောက္ခထီးကြီးထောက်ပံ့တဲ့ဆန်ကို စားကံမပါပေမယ့် သူငယ်ချင်းအချင်းချင်း ကူညီတဲ့ဆန်နဲ့ပဲ အကြွေးစားပြီး ကျေနပ်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း(သုံး)

ဝနေ့၊ တနင်္ဂနွေ. . ရုံးပိတ်ကလေးမို့လို့ မြတ်ထွန်း ခြံထဲက အရိပ်ပင်အောက် စာအုပ်ကလေးဖတ်ဖို့ ထိုင်ရုံကလေးရှိသေး အိမ်ပေါ်က ရွှေရင်အေးမြန့်အမေ တစ်ယောက်တစ်ခွန်း စကားအချီအချ သံတွေကြောင့် မြတ်ထွန်း ခေါင်းထောင်ကြည့်လိုက်တယ်။

“အေး. . . ငါက ယောက္ခမပေမယ့် တတ်နိုင်သမျှ မအော နေရာကနေ မအေမျက်လုံးနဲ့ကြည့်ပြီး နင့်ကိုဆက်ဆံလာတာ. . .

www.burmeseclassic.com

မစော်ကားနဲ့"

"အမေ့ကို ဘယ်သူမှ မစော်ကားဘူး၊ အမေ့ဘာသာ အမေ့စိတ်ထဲ ကြိတ်ကောက်ပြီး ဖြစ်နေတာ"

"ဟဲ့. . . ငါအိပ်နေတာ နင်သိရက်နဲ့ နင် ခြေနင်းကြမ်းလို့ ပြောတာ ကောက်စရာလား!"

"အဲ့ဒါတော့ မတတ်နိုင်ဘူးအမေ၊ သမီးတို့ အိမ်ကြမ်းခင်းက သမံတလင်းမို့ ဘယ်လောက်နင်းနင်း အသံမထွက်ဘူး၊ အမေ့အိမ်လို ကြမ်းခင်းမျိုးနဲ့ မနေဖူးတော့ ခြေထောက်လည်း မချိန်ဆတတ်ဘူး"

"ဟုတ်ပါတယ် သူဌေးမကြီးရယ်၊ ဆင်းရဲသားကို လင်လုပ်မှတော့ ဆင်းရဲသူလိုပဲ နေပေါ့အေ. . . ဘယ့်နှယ် ခက်ပါခက်ရချေရဲ့"

"အမေမပြောရင် မခက်ဘူးလေ၊ အလွယ်လေးပဲဟာ"

"ဟဲ့. . . ရွှေရင်အေးမြ နင် ထမင်းဟင်း မချက်တတ်တာ ငါပြောသလား၊ အဝတ်မလျှော်တတ်တာကို ငါပြောသလား၊ မိုးလင်းမိုးချုပ် ရေချိုးပြီး အလှပြင်တာတစ်ခုပဲ လုပ်နေတာကို ငါ ပြောသလား၊

နင့်ကလေးနှစ်ကောင် ချေးဝတ်သေးဝတ် ချောင်ထိုး ပုတ်လှောင်နေတာ ငါပြောသလား၊ ဟင်းမကောင်းရင် မစားနိုင်ပါဘူးဆိုပြီး စိတ်ကြိုက် မှာင်းထွက်ဝယ်စားတာ ငါပြောသလား"

"အခု အမေပြောချင်လို့ အောင့်ထားသမျှ အခုပြောနေပြီ မဟုတ်လား"

"အေး. . . ပြောတယ် ဘာဖြစ်လဲ၊ မိန်းမဖြစ်ပြီး မိန်းမ,မဆန်တဲ့မိန်းမ သူဌေးသမီးတော့ကော ငါ ဘာဂရုစိုက်စရာလဲ"





"သမီးလည်း ဂရုမစိုက်ပါဘူး၊ တစ်သက်လုံး မလုပ်ဖူးတဲ့အလုပ် အခုမှ သင်လုပ်နေစရာ အကြောင်းကိုမရှိဘူး"

မြတ်ထွန်း ဒီအတိုင်း ကြည့်မနေနိုင်တော့ပဲ အိမ်ပေါ် ကပျာကသီ ပြေးတက်လာတယ်၊ ရွှေရင်အေးမြက သားနှစ်ယောက်ရဲ့ ပုခက်နှစ်လုံးအလယ်မှာ ခြေဆင်းထိုင်ပြီး ပုခက်လွှဲရင်း တစ်ခွန်းမခံ ပြောဆိုနေပေမယ့် မျက်နှာကတော့ ခပ်အေးအေးပါပဲ၊ အဲ့ဒီအချိန်မှာ အမေ အိပ်ခန်းတံခါး ခပ်ကြမ်းကြမ်းဆွဲဖွင့်ပြီး ထွက်လာလို့. . . မြတ်ထွန်း စိုးရိမ်ကြီးပြီး အမေနဲ့ဇနီးကြား အပြေးအလွှား ရောက်သွားတယ်။

"ဟဲ့!. . . မြတ်ထွန်း နင့်မယားကို နင် ဆုံးမ,မလား၊ ငါ ဆုံးမရမလား"

"သတ္တိရှိတဲ့လူ ကျွန်မအသားကို ထိကြည့်လိုက်လေ"

အသံက မာပြတ်ပေမယ့် ရွှေရင်အေးမြ မျက်နှာက ခပ်အေးအေးပဲ၊ ပူလောင်သွားတာက အမေ၊ ထမီတိုကို ပြင်ဝတ်ပြီး ရွှေရင်အေးမြဆီ ပြေးဝင်မယ်လုပ်နေလို့ မြတ်ထွန်း ဆွဲထားပြီး. . .

"သား တောင်းပန်ပါတယ်အမေ၊ ပြဿနာကို အေးအေးပဲ ဖြေရှင်းကြရအောင်ပါ"

"ဘာ. . . အေးအေးပဲ ဟုတ်လား၊ ဒါဆိုပြီးရောလေ၊ ငါ့ အိမ်ပေါ်က အခုဆင်းသွား"

"အို့ ဝမ်းသာစရာပါလား!"

"ဟာ. . . မိန်းမ. . ဟော့. . . ကျွတ် ဒုက္ခပဲ အမေ"

"မလိုပါဘူး၊ နင်လည်း နင့်မိန်းမကို မပြတ်ရင် လိုက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



နင်မရှိလို့ ငါ ငတ်သွားမယ် ထင်လို့လား. . ၊ ဟောဒီမှာ ဒူးပုံခေါက်ပြီး စားလို့ရတယ်"

"အမေရာ သား တောင်းပန်ပါတယ်"

အမေ အခန်းထဲ ပြန်ဝင်သွားပြီး တံခါးကို ခပ်ကြမ်းကြမ်း ဆောင့်ပိတ်ပစ်လိုက်တယ်၊ ဇနီးသည်ကို လှည့်ကြည့်လိုက်တော့ ခရီးဆောင်အိတ်ကြီးထဲ သူမအဝတ်နဲ့ ကလေးတွေအဝတ်တွေ ထိုးထည့်နေတာတွေ့လို့ မြတ်ထွန်း အပြေးရောက်သွားတယ်။

"မိန်းမရေ၊ မင်းဒါ ဘာလုပ်တာလဲကွာ!"

"ရှင်မမြင်ဘူးလား၊ ရှင့်အမေက နှင်ချနေပြီလေ"

"ဩော်. . . မိန်းမရယ် စိတ်ဆိုးတုန်း ပြောကြတာပဲကွာ"

ရွှေရင်အေးမြ မျက်နှာလေး မြတ်ထွန်းဖက် မော့မော့ချီချီ လေးလှည့်လာတယ်၊

"မောင့်မိန်းမအကြောင်း မောင်မသိဘူးလား!"

"သိတာပေါ့ကွာ"

"အဲ့ဒါဆို ရှင့်အမေရဲ့ စွဲချက်တွေက ကျွန်မအပြစ်လား၊ မတူညီတဲ့ လူတန်းစားနှစ်ရပ်ရဲ့ ဆက်စပ်မှုကြောင့် ရှင့်အမေမှာ အဲ့သလို မကျေနပ်ချက်တွေ ရှိတယ်ဆိုရင် ကျွန်မမှာလည်း ရှိတာပေါ့၊

ကျွန်မလိုလူမျိုးကို မနက်ခင်း အဆာပြေဆိုပြီး ထမင်းကြမ်းနဲ့ ဘယာကြော် ကျွေးသင့်သလား၊ ရေသန့်ဘူး မှာမသုံးဘဲ တွင်းရေကိုပဲ သောက်ရေ သုံးရေ လုပ်သင့်သလား၊ ပန်းကန်တွေ ရေနွေးနဲ့ မဆေးဘဲ ဒီအတိုင်း ရေနဲ့ပဲဆေးတာ၊ ထမင်းအိုးတည်ဖို့ ဆန်ဆေးရင်း ထမီလေး





အသာမပြီး ရေကပြင်ပေါ် ဆီးသွားချတာ၊

လက်သန့်ဝတ်မှုန်းမသိ၊ လက်နှိုးမှုန်းမသိ၊ မီးဖိုခန်းထဲ ပုဆိုးစုတ် တစ်ထည်တည်းနဲ့ ပတ်လည်သုံးနေတာ၊ ဆပ်ပြာခဲ တစ်ခဲတည်းနဲ့ ယောက်ျားဝတ်၊ မိန်းမဝတ် အကုန်လျှော်ပစ်နေတာ၊ အိမ်သာတက်ပြီး လက်မဆေးဘဲ စားအိုးစားခွက်ကိုင်တာ"

"တော်ပါတော့. . ."

"မနက်ကျန်တဲ့ဟင်းနဲ့ ညနေထမင်းဝိုင်းထဲ ထည့်ကျွေးတာ အိမ်မှာ ကလေးငယ်တွေ ရှိမှန်းသိရက်နဲ့ ဆေးပေါ့လိပ်ကြီး တဖွားဖွား လုပ်တာ"

"တော်တော့ မိန်းမရယ်. . တော်တော့ကွာ၊ မင်း ပါးစပ်ပိတ်တော့"

"မအော်ပါနဲ့မောင် ကျွန်မ မှားခဲ့တာပါ၊ ဆက်စပ်လို့ မရတဲ့ ဘဝတွေမှန်း သိပါလျက်နဲ့ ကျွန်မမိုက်မဲခဲ့လို့ ကလေးနှစ်ယောက် အဖတ်တင်ပြီး ယောက္ခမနှင်ချတဲ့ အပြစ်ကို ခံယူပြီးပါပြီ၊ ဒီနေ့ပြီးရင် မနက်ဖြန်ကစပြီး ကျွန်မဘဝအသစ် ပြန်စတော့မှာမို့လို့ ကျေးဇူးပြုပြီး မအော်ပါနဲ့"

သူမ ပြောဆိုပြီးတာနဲ့ ခရီးဆောင်အိတ်ကို ပိတ်ပြီး ဆွဲထုတ်သွားတယ်။

"ဒီမှာ မောင်ပြောတာ ခဏလေး နားထောင်စမ်းပါဦး"

ရွှေရင်အေးမြ ဂရုမစိုက်ပဲ ခရီးဆောင်အိတ်ကို အိမ်အောက် ရောက်တဲ့အထိ ခပ်ကြမ်းကြမ်းပဲ ဆွဲဆင်းသွားတယ်၊ အဲ့ဒီနေ့က လမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ် တက်ရပ်ပြီး ကားငှားလိုက်ပါတယ်၊ အိမ်ရှေ့ ကားရပ်တာနဲ့ အိတ်ကို ကားထဲပစ်သွင်းပြီး အိမ်ပေါ် တစ်ခေါက် ပြန်တက်လာခဲ့ပါတယ်။

"ဒီကာလအတွင်း ကျွန်မကို ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်မောင်"

အဲ့သလိုပြောပြီး ကလေးနှစ်ယောက်ကို ပုခက်ထဲကနေ ထုတ်ချီပြီး ဆင်းသွားတဲ့ ဇနီးသည်ကို မြတ်ထွန်း ကြောင်တောင်ရပ်ကြည့်နေမိတယ်။

အိပ်ရေးမဝလို့ ဝါးခနဲ ငိုချလိုက်တဲ့ ကလေးနှစ်ယောက်ရဲ့ ငိုသံဟာ မြတ်ထွန်းရင်ကို လှံနှစ်စင်း တစ်ပြိုင်တည်း ဖောက်ဝင်သွားသလို စူးနစ်နာကျင်မှုကြောင့် ကြမ်းပြင်ပေါ် ဒူးထောက် ထိုင်ကျသွားတော့တယ်။

တစ်ဖက်က မြင့်မိုရ်တောင်ဦး မကကျူးသား ကျေးဇူးအရှင် မွေးသမိခင်၊ တစ်ဖက်က. . အသက်တမျှ ချစ်ခဲ့ရသော ဘဝကြင်ဖော် ဆံတစ်ပင်တင်း ချစ်ခြင်းမယား။

အဲ့ဒီကြားမှာ မြတ်ထွန်း မြေစာဖြစ်သွားတယ်၊ မြေစာတောင်မှ နွားအိုစားလို့ ကျန်နေတဲ့ တစ်ပင်တို တစ်ပင်ရှည် ကျိုးတိုးကျဲတဲ မြေစာမျိုး၊ မယုံကြည်နိုင်အောင် တိတ်ဆိတ်သွားတဲ့ အိမ်လေးထဲ မခံမရပ်နိုင်အောင် ပွက်ဆူနေတဲ့ရင်နဲ့ မြတ်ထွန်း ဒီအတိုင်းလေးပဲ ငြိမ်နေလို့မရတော့ဘူးဆိုတာ ဘာသာသိလာတယ်။

၅ ၅ ၅ ၅





မြတ်ထွန်းပြောပြလို့သာ နားထောင်နေတာ တင်ရှိန် သိပ်မယုံချင်ဘူး၊ ယုံစရာလားကွယ်. . . ဒီလောက်ချစ်ကြတဲ့ ဇနီးမောင်နှံ ဒီလိုဖြစ်စရာလား၊ အေးလေ အခုဟာက ချွေးမနဲ့ ယောက္ခမ ဖြစ်တာဆိုတော့ ဒါလည်း. . အင်း. . ဒါလည်း ဒီလောက် ပြင်းထန်စရာ မလိုပါဘူး၊ တင်ရှိန် နားထောင်ရင်း အင်းလိုက် တစ်ခွက်ချလိုက်၊ နားထောင်ရင်း အတွေးတွေက ဖြတ်ဖြတ်ဝင်လာလို့ အတွေးနဲ့အကြား ကွာခြားမှုဆန်းစစ်ရင်း တစ်ခွက်ချလိုက်နဲ့ အရက်တစ်လုံးက သူသောက်တာနဲ့ပဲ တစ်ပိုင်း ပြုတ်လုနီးနီး ဖြစ်သွားတယ်၊ မြတ်ထွန်းကတော့ ငှဲ့ထားတဲ့ တစ်ခွက်ကို တစ်စက်မှတောင် မလျော့သေးလို့. . .

"တ. . . ချလကွာ"

"ငါ သောက်လို့ မဖြစ်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ!"

"ဒီကအပြန် ယောက္ခမအိမ် ဝင်မှာဆိုတော့ အနံ့တွေပါသွားရင် မကောင်းဘူး၊ ရွှေရင်အေးမြလည်း မကြိုက်ဘူးကွ"

"ဟာ. . . စိတ်ညစ်လို့ အရက်ဆိုင် လာထိုင်ပြီး မသောက်ဘဲ ပြန်ရအောင် ရူးနေလား၊ ချ. . လုပ်မနေနဲ့၊ ငါလည်း ယောက္ခမအိမ်မှာ နေတဲ့ကောင်ပဲ၊ ဘယ်ကွာ နေရာတကာ ဂရုစိုက်နေရင် ယောက္ခမက သားမက်ကို လက်ဖက်လို သုပ်စားပစ်လိမ့်မယ်. . သဘောပေါက်လား"

တင်ရှိန် စကားတွေ မီးပေါင်မြင့်လာလို့ ဒီကောင်မျှားပြီလို့ မြတ်ထွန်း သဘောပေါက်လိုက်တယ်။ အမှန်တော့ ယောက္ခမအိမ် ဝင်ရမယ့် သမက်တစ်ယောက်ရဲ့ လှိုအပ်ချက် အတွေ့အကြုံလေး မေးရအောင် တင်ရှိန့်ဆီ အရင်ဝင်တာ. .၊ အိမ်မှာမရှိဘူး ဆိုင်ရောက်နေလောက်ပြီလို့ သူ့အိမ်သူက ပြောလို့ လိုက်လာမိကာမှ သောက်ရတော့မယ့်အဖြစ်၊ တင်ရှိန်က သူ မရောက်ခင်ကတည်းက တစ်စိတ်ကုန်ပြီးသား၊ သူရောက်လာလို့ ဝမ်းသာအားရ တစ်လုံးမှာပြီး သူတစ်ယောက်ထဲတင် တစ်ပိုင်းကျနေပြီဆိုတော့။

"ဒီမှာမြတ်ထွန်း ငါ ပြောပြမယ်ကွ၊ အေ့. . ငါ့မိန်းမနဲ့ ငါ့အမေဆို တစ်နေ့ကို လေးခါလောက် ရန်ဖြစ်မှ အိပ်ပျော်စားဝင်တာ၊ ဒါလည်း နေတာပဲ. . တစ်ခါတစ်လေ ငါ့အမေက အိမ်ပေါ်က မောင်းချရုံတင်မကဘူး၊ အဝတ်အစားသေတ္တာတွေ အရင်ဆွဲချပြီးမှ ဆင်းဆိုပြီး လုပ်တာ၊ ဒါလည်း ငါ့မိန်းမက ကလေးနို့တိုက်မပျက်ဘူး၊ အမေမောသွားတော့ သူ့သေတ္တာသူ ပြန်ဆွဲတင်ပြီး နေတာပဲကွ၊ မင်းမိန်းမကိုက





နည်းနည်း မီးမြင့်လွန်းနေတာ ရှင်းပလား"

မြတ်ထွန်း ခေါင်းတွေကုတ်ပစ်ပြီး ထရပ်တော့ တင်ရှိန် ပြန်ဆွဲချပြီး ထိုင်ခိုင်းတယ်၊

"နေဦး ငါ့စကား မဆုံးသေးဘူး၊ အိမ်တစ်အိမ်မှာ နေတတ်ရင် ချွေးမကဘုရင် ယောက္ခမကကျွန်ကွ၊ အမေ ဘာညာ အဟင့်အဟဲ ညာစားလို့ ရှိသမျှပြောင်ပြီး သီလရှင်ဝတ်တာတောင် ခေါင်းရိတ်စရာ ဆံပင်မကျန်တော့တဲ့ ယောက္ခမတွေ တစ်ပုံကြီး၊ အဓိက,က နေတတ်ဖို့ကွ၊ နေတတ်ရင် ယောက္ခမအိမ်က ကမ္ဘာတစ်ခြမ်းစာလောက် ကျယ်တယ် ရှင်းလား"

"အေး. . . အေးပါကွာ ငါ သဘောပေါက်ပါပြီ. . ကဲ"

ကဲ ဆိုပြီး မြတ်ထွန်း ထရပ်တယ်၊ တင်ရှိန် ပြန်ဆွဲပြီး ထိုင်ခိုင်းတယ်၊ မြတ်ထွန်းလည်း ကျားမြီးဆွဲမိနေမှန်းသိပြီး စိတ်ညစ်လာတယ်. .၊ တစ်စက်မှ မလျော့သေးတဲ့ ဖန်ခွက်ပဲ ကောက်မော့ပစ်ရ ကောင်းနိုးနိုး ရှိနေတုန်း ဆိုင်ထဲကို ခပ်ကုပ်ကုပ်ဝင်လာတဲ့ တစ်ယောက်ကြောင့် မြတ်ထွန်း ထခုန်မိတော့မလို ဖြစ်သွားတယ်၊ တစ်ခြားမဟုတ်ဘူး ပရိသတ်၊ သူ့ယောက္ခထီးကြီး ဦးရွှေမြဗျ။

ဝင်လာတဲ့ပုံကလည်း ကြည့်ဦး၊ စစ်သုံးတောဆောင်းဦးထုပ်ကို ခပ်ကုပ်ကုပ်ဆောင်းပြီး ဘယ်သူ့မှမကြည့်ဘဲ ကောင်တာရှိရာ တန်းလျှောက်သွားတာ၊ အဲ့ဒီမှာတင် ငါးကြင်းဖန်ခွက်နဲ့ ရေတစ်ဝက် အရက်တစ်ဝက်ဖြည့် အမြည်းပွဲတွေထဲက အမဲသားကြော်တစ်တုံးဆွဲ ပိုက်ဆံရှင်းပြီး တစ်ချိုတည်း မော့ပစ်တာ. . . မော့လည်းပြီးရော အမဲသား



www.burmeseclassic.com

www.burmeseclassic.com



ကြော်လေး တိုက်ဖွဲ့ရင်း ပြန်ထွက်တာဗျို့ . . . ။

ပထမတော့ မြတ်ထွန်း အသာမှိန်းပြီး ငြိမ်နေလိုက်ဖို့ပါပဲ၊ ဒါပေမယ့် သူ့အပေါ်မှာ ဖခင်တစ်ယောက်လို နွေးထွေးလွှမ်းတဲ့ ကျေးဇူးရှင်ကြီးဆိုတော့ မနေသာဘူး၊ ဦးရွှေမြပြန်အထွက်မှာ မြတ်ထွန်း ခုံကနေထလာပြီး . .

"အဖေ. . ."

"ဟေ! . ."

ဦးရွှေမြလည်း ရုတ်တရက်ဆိုတော့ မြတ်ထွန်းကိုကြည့်ပြီး . . လန့်သွားတယ်၊ သေချာခိုးဝှက်ပုန်းလျှိုးပြီး လာသောက်ကာမှ သမက်နဲ့မှ တည့်တည့်တိုးလို့ အတော့်ကို စိတ်ညစ်သွားတဲ့ပုံမျိုး. . ၊ တစ်ကယ်က ဦးရွှေမြလိုလူကလည်း သူများကိုသာ တရားချချင်တာ၊ သူကိုယ်တိုင်က တစ်ရာဖိုးပဲ ချတဲ့လူ၊ ဒါတောင် ကိုယ့်ရပ်ကွက်ထဲ လူမြင်ရင် အထင်သေးမှာစိုးလို့ မျက်နှာသိနည်းတဲ့ ရပ်ကွက်ထဲ လာတွယ်ကာမှ. .

"မင်း ဘာလာလုပ်တာလဲ!"

"ဗျာ. . . ကျွန်. . . ကျွန်တော် ဘာမှ မလုပ်ပါဘူး၊ အဖေရယ်"

"မလုပ်ပဲ ဒီဆိုင်ထဲ"

"ဟို. . ရုံးက သူငယ်ချင်းဆီလာတာ ဒီမှာ ရှိနေတယ်ဆိုလို့"

"ဪ. . ."

"ဒါနဲ့ အဖေရော"

"ငါလား. . . အင်း. . . အဲ. . အေးကွ"





ဒီမေးခွန်းမျိုး မြတ်ထွန်း မမေးသင့်ဘူးဆိုတာ. . မေးမိပြီးမှ သတိရပြီး နောင်တရချင်သွားတယ်။

"ငါလည်း စိတ်ညစ်လို့ကွာ"

ဦးရွှေမြရဲ့ အဲ့ဒီ ညည်းတွားသံလေးက မြတ်ထွန်းရဲ့အားနာမှုအပေါ် အတော်ဖာဖာထေးထေး ဖြစ်သွားစေတယ်၊ သူ့ နောင်တကို အဖတ်ဆယ်ဖို့ အခွင့်အရေးမဟုတ်လား။

"လာ. . ထိုင်ပါဦးအဖေ၊ သားလည်း ဒီကနေပြန်ရင် အဖေ့ဆီဝင်မလို့ပါ"

ဦးရွှေမြလည်း ခုမှတော့ မထူးဘူးဆိုပြီး ထိုင်မယ်ပြင်လို့ မြတ်ထွန်းက သူထိုင်နေတဲ့ တင်ရှိန်စားပွဲရှိရာ ခေါ်လာတယ်။

"တင်ရှိန် ဒါ. . . ငါ့အပေါ် အဖေတစ်ယောက်လိုကောင်းတဲ့ ယောက္ခမကွ၊ ဦးရွှေမြတဲ့"

"မလေးကွာ၊ ငါတို့ရုံးရှေ့မှာ ကော်ဖီဘားဖွင့်ခဲ့တဲ့ ပိုင်ရှင်ပါမင်း မင်္ဂလာဆောင်တုန်းကလဲ တွေ့ဖူးတာပဲ. . အပိုတွေ၊ ငါတို့က လူရင်းတွေ ဟုတ်တယ်မလား အန်ကယ်"

"အား. . . ဟုတ်ပါ. . . ဟုတ်ပါ အဟဲဟဲ"

"အဖေထိုင်. . ."

"အေး. . အေး"

အဲ့ဒီနောက်တော့ တင်ရှိန်က ခပ်ထွေထွေနဲ့. .

"အန်ကယ် ဘာသောက်လဲ၊ ကျွန်တော်တို့ကတော့ B.E ပဲ၊ ကျောင်းတုန်းကလည်း B.E နဲ့ပဲ ကျောင်းပြီးခဲ့တာ၊ အခုလည်း B.E ၊



www.burmeseclassic.com

www.burmeseclassic.com



နောင်လည်း B.E၊ သေလည်း ကျွန်တော်က B.E နဲ့ပဲ သေမှာ. . အဲ့သလောက် သစ္စာရှိတယ်"

"ငါလည်း B.E ပဲ သောက်တာပါပဲကွာ၊ ဒါပေမယ့် ပြည့်စုံပါပြီ"

"ဟာ ခုမှ ဆိုင်ထဲဝင်လာပြီး ပြည့်စုံတယ်လို့ပဲ၊ ချ. . အန်ကယ်ဘာမှ အားမနာနဲ့. . ကျွန်တော်တိုက်မယ်၊ ဒီဆိုင်က နသေ၊ သောက်ပြီးရင် ဘီလ်ရှင်းတယ်၊ လကုန်ပြီး လစာထုတ်မှ ဘီလ်ရှင်းတာ. . ချခိုကုန်တောင်ကုန်တော့မယ်၊ ဟော့. . . ဟော့ ကောင်လေး ဘီအီး တစ်လုံး၊ အဲ့. . . အဲ့ အန်ကယ် အမြည်းက ဘာလဲ၊ လက်ဖက်သုပ်လား. . ၊ ငါးရှဉ့်ချဉ်စပ်လား၊ ပဲကြီးလှော်လား ကြိုက်တာပြော"

"အေး. . . ဟေး. . ဟေး. . ငါက အမဲသားကြော် တစ်တုံးဆို ရပြီကွ၊ အခုတောင် တစ်တုံးက မကုန်သေးဘူး"

"အိုခေ ဟော့ချာတိတ်၊ အမဲကြော် အမြည်းပွဲချ"

မြတ်ထွန်း ထိုင်နေရင်းက ထပ်ပြီး နောင်တရသွားပြန်တယ်၊ တစ်ကယ်ဆို တစ်ခြားဝိုင်းခေါ်ပြီး ထိုင်ရမှာ၊ ခုမှတော့ ပြောင်းလို့လည်း မကောင်း၊ တင်ရှိန်ကတော့ သူ့အတွက် တစ်ရုံးလုံးမှာ တစ်ယောက်တည်းသော မိတ်ဆွေကောင်းပါ၊ ဒါပေမယ့် မူးလာလေ အကောင်းလွန်လေမို့လို့ ယော်ကွထီးကြီးနဲ့ အဆင်မပြေ ဖြစ်မှာလည်း စိုးရိမ်ပုံရတယ် ပရိသတ်ရဲ့. . .

အဲ့ဒါကြောင့် အရှိန်မလွန်ခင် တင်ရှိန်ကို စကားပလ္လင် ခံလိုက်တယ်။



"တင်ရှိန်"

"အေး. . . ပြောသူငယ်ချင်း"

"ငါတို့ သားအဖ အိမ်တွင်းရေးကိစ္စ ပြောချင်လို့ကွာ၊ အဲ့ဒါ မင်း တဆိတ်လောက် သည်းခံပေးကွာ နော"

"ဟာ မြတ်ထွန်းရာ ငါကလည်း မင်းနဲ့ သွေးသောက်ညီအစ်ကို မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဟုတ်ရင် ဘာတွေ လာပြောနေတာလဲ ပြော၊ မင်းတို့ဘာသာပြော၊ နေဦး ငါ အန်ကယ်ကို ဂါရဝ မပြုရသေးဘူး"

ပြောရင်း လက်ကျန်ထဲက တစ်ခွက် ငှဲ့လိုက်တယ်၊ ပြီးတော့ ဦးရွှေမြဘက် တရိုတသေ ကမ်းပေးလိုက်တယ်၊ ဦးရွှေမြလည်း ချော်လဲရောထိုင် လုပ်မိရာကနေ တစ်ကယ် ထိုင်ချလိုက်ရပြီ ဆိုတော့။

"မင်္ဂလာပါ အန်ကယ် ကျွန်တော်တို့ လူရင်းတွေ ဆိုပေမယ့် ပထမဦးဆုံး ဆုံကြတဲ့ပွဲလို့ သဘောထားပေးပါ. . ကဲ"

ကဲ ဆိုပြီး ငုတ်တုတ်ထိုင်နေတဲ့ မြတ်ထွန်းကို လှည့်ကြည့်ပြီး. .

"ဟော့ကောင် မင်း ခွက်ကိုင်လေကွာ၊ ငါတို့ အန်ကယ့်ကို ဂါရဝပြုမှာ. . လုပ်"

မြတ်ထွန်း ယောင်နနနဲ့ သူ့အတွက် ငှဲ့ချထားတဲ့ခွက်ကို ကောက်ကိုင်လိုက်ရတယ်၊ အဲ့ဒီနောက်တော့ ဖန်ခွက်သုံးလုံး နှုတ်ခမ်းတိုက်ပြီး. . .

"ခွပ်လွှပ်"

www.burmeseclassic.com

www.burmeseclassic.com



"ချီးယားစ်"

"မင်္ဂလာပွဲဗျာ၊ ဂွတ်. . ကွပ်. . ထို့ ကောင်းလိုက်တဲ့ အရက်"

မြတ်ထွန်းတို့ သမီးယောက္ခမ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြတယ်၊ ဒီနောက်တော့ ပင့်သက်ကိုယ်စီနဲ့ မော့ချလိုက်ကြပါတော့တယ်။

ဌ ဌ ဌ ဌ





ဟဲ့ ဒီအခိုက်မှာပဲ နောက်ထပ်မှာထားတဲ့ တစ်လုံးနဲ့ အမြည်းပွဲပါ ရောက်လာလို့ မြတ်ထွန်းတို့ဝိုင်းလေး ပိုပြီးအသက်ဝင်လာပြီး ပုံမှန်ဆာ့ကစ်ထဲ ရောက်သွားသလို သောက်ကြစားကြပါတော့တယ်။

"မင်းလည်း ငါ့လို ခွက်ပုန်းပဲလားကွ၊ လူလေး!"

"မဟုတ်ပါဘူး အဖေရယ် တစ်ခါတစ်လေမှပါ"

"ဟာ. . ဒါတော့ ကျွန်တော်ထောက်ခံတယ် အန်ကယ်၊ ဒီကောင် အူရိုင်းမှ တကယ့်အူရိုင်း၊ ဝန်ခံရရင် ကျွန်တော် ဖျက်ဆီးတာလေ၊ အဟတ်. . . ဟတ်. . . ဟတ်"

"အမှန်တော့ မသောက်တာ ပိုကောင်းတယ်ကွ လူလေးရေ"

"ဟုတ်ကဲ့ပါ အဖေ"

"ငါလည်း ဝန်ခံရရင် တစ်နေ့ တစ်လုံးခွဲလောက်တော့ မြောက်



www.burmeseclassic.com

www.burmeseclassic.com



တာပဲကွ"

"ဗျာ!"

"တစ်နေကုန် ချတာလေ၊ တစ်ရာဖိုး၊ တစ်ရာဖိုးနဲ့ တစ်နေ့လည်းကုန်ရော တစ်လုံးခွဲပဲဟ"

"ချ. . . အန်ကယ်လ် ချ"

"အေးပါကွ၊ မင်းကြည့်ရတာ နည်းနည်း သောက်လုံးကြီးမယ့်ပုံပဲ"

"ဒီကောင်က သောက်ပြောပါ ကြီးတဲ့ကောင်"

"ဟော့ကောင် မင်း မူးနေပြီ ထင်တယ်နော် မြတ်ထွန်း"

"မူးစရာလားကွာ၊ ဒီမှာ ဖအေတစ်ယောက်လုံး ပါနေတာ"

"ဟုတ်တယ် ငါ့သား၊ သောက်ရင် မမူးနဲ့၊ မူးရင်မသောက်နဲ့ကွ၊ မူးပေါက်သွားရင် အရှူးလောက်ကို အသိဉာဏ်မရှိတော့တာ၊ အရက်သမားတိုင်း သတိထားရမယ့် အချက်ပဲ"

"ဟုတ်တယ် အန်ကယ် မှန်တယ် သိပ်မှန်တယ်၊ ဒါနဲ့ စကားမစပ် အန်ကယ်တို့ အိမ်တွင်းရေး ပြောကြမယ်ဆို၊ အော့. . ဂစ်"

"ဟုတ်သားပဲ၊ ကဲ. . . လူလေး မင်းတို့ လင်မယား ဘာဖြစ်ကြတာလဲ!"

"ဘာမှ မဖြစ်ဘူး အဖေ"

"ဟေ. . . မဖြစ်ပဲ ငါ့သမီး ကလေးတွေ တပွေ့ကြီးနဲ့ အိမ်ပေါ်တက်လာမလား!"

"နှစ်ယောက်ထဲပါ အဖေရယ်"





"အေး နှစ်ယောက်ထဲ မို့လို့ပေါ့ကွာ၊ နှစ်ယောက်ထက် ပိုသေးရင် ငါပါ ဆင်းပြေးရမယ်"

"ဗျာ. . . ဘာဖြစ်လို့လဲ!"

"မင်းအမေပေါ့ကွ၊ မျိုးမကောင်းတွေ သယ်လာပါတယ်ဆိုပြီး တစ်နေကုန် ပွက်နေတာ၊ မွေးရင်ကိုလည်း ဘာမှ မေးလို့မရဘူး၊ အဲ့ဒီတော့ ဟိုက ခေါင်းစဉ်တပ်ဖို့ ခက်နေတော့ ကလေးတွေပဲ လွှတ်မဲနေတာ. . စိတ်ဆင်းရဲတယ်ကွာ"

မြတ်ထွန်း သက်ပြင်းချတယ်။ ဒီလိုတော့လည်း ငါ့မိန်းမ မဆိုးပါလားပေါ့၊ မဟုတ်လို့ အမေနဲ့ စကားများပြီး အမေနှင်ချလို့ ဆင်းလာပါတယ်ဆိုရင် ဒေါ်အေးရီရီ ထမီအလဲလုပ်ပြီး. . အမေ့ကိုတောင် တုတ်ချင်တုတ်နေဦးမှာ၊ ခုတော့. . အင်းပေါ့. . ငါ့မိန်းမတော်ရှာသား၊

"ပြောပါဦး ပြဿနာက ဘာလဲ!၊ ငါလည်း နိုင်သလောက် ထောက်ပံ့နေတာပဲ မဟုတ်လား၊ အရင်လို စီးပွားရေးသာကောင်းရင် ဘာအကြောင်းလဲကွာ. . သားရာ၊ မင်း ငါ့အကြောင်း သိပါတယ်"

"ဟုတ်ပါတယ် အဖေရယ်"

"အေး. . . ငါကလည်း ငါ့ဘဝနဲ့ မင်းကို ကိုယ်ချင်းစာနေတာ၊ ငါ့တုန်းကလည်း ဒီလိုပဲကွ၊ ငါက စာရေးပေါက်စ၊ ငါ့ ယောက္ခမက လက်ဖက်ရည်ဆိုင်ကြီး သုံးဆိုင်လောက် ပိုင်တဲ့သူဌေး၊ ငါ့ကို ခွေးကြည့်သလိုကြည့်ပြီး ခွေးမောင်းသလိုမောင်းတဲ့ဒဏ် လှလှကြီး ခံခဲ့ရတာ၊ ဒါကြောင့် မင်းကို အစစအရာရာ ဂရုစိုက်ပေးနေတာ ရှင်းလား"

"ကျေးဇူးပါ အဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ရင် ငါ့သမီးလေးကို ဒီလို မဆက်ဆံနဲ့လေကွာ၊ အခု ကလေးအမြွှာနဲ့ အိမ်ကဆင်းလာတာ ကောင်းသလား"

"မကောင်းပါဘူး အဖေ"

"မကောင်းရင် ပြန်ခေါ်သွား"

"ဟုတ်ကဲ့ပါ၊ အခု တစ်ခါတည်း ခေါ်လို့ရရင် ခေါ်သွားမှာပါ"

"ဘာလို့မရမှာလဲကွ၊ ရှီး. . ဟော့. . . ငါ့ထဲ ထည့်ဦးကွ"

"အိုခေ အန်ကယ် အိုခေ၊ မာဂါ လက်ကျသွားတာ ခွင့်လွှတ်ပါ အန်ကယ်ရယ်. . . ဟဲဟဲဟဲ"

ဦးရွှေမြလည်း သောက်ရင်း ပြောရင်းနဲ့ အရှိန်ရပြီး တင်ရှိန်နဲ့ ခွက်တူ လက်တူ ချလာတယ်၊ မြတ်ထွန်းကတော့ တစ်ခွက်အပြင် ရှေ့မတိုးရဲလို့ ငုတ်တုတ်ထိုင်ပြီး ငိုင်နေတယ်လေ၊ အဲ့ဒီ အချိန်မှာ တင်ရှိန်က. . .

"ဒီကောင်က ပြဿနာရဲ့ ဓားစာခံဗျ၊ အန်ကယ်ရ"

"ဟေ. . . ဘာကြောင့်တုန်း!"

မြတ်ထွန်း အချိန်မီ တားဆီးဖို့ မျက်နှာရိပ်မျက်နှာကဲ ပြပေမယ့် ရေချိန်ကိုက်နေတဲ့ တင်ရှိန့်မျက်လုံးထဲ ဘာမှ မမြင်တော့လို့ သိသမျှ အကုန်ဖွင့်ချပါတော့တယ်။

"အင်း. . . ငါ ထင်တော့ ထင်သားပဲ၊ ဒါပေမယ့် မင်းအမေ မလွှန်ပါဘူး လူလေးရာ"

"ဗျာ!. . ."



"မလွှန်ဘူးဆိုတာ ငါ့မိန်းမနဲ့ ကိုယ်ချင်းစာပြီး ပြောတာတွေ အခု ငါ့မိန်းမ ကျွတ်နေပြီ. . မနက်ကမှ မြေးနဲ့သမီးရောက်တာ၊ ညနေစောင်းတော့ ဖတ်ဖတ်မောနေပြီ၊ မင်းသားတွေကလဲ ပေါက်လိုက်တဲ့ သေး၊ ပါလိုက်တဲ့ချေး၊ ဒီကြားထဲဟင်းကိုးများတဲ့ သမီးအတွက် အချိန်မီ ဈေးပြေးရ ချက်ပြုတ်ပေးရ၊ ကလေးအနှီးတွေ လျှော်ဖွတ်ရနဲ့ မောပါတယ်ဆိုမှ နှစ်ကောင်အပြိုင်ငိုလို့ ချော့ရထိန်းရနဲ့ အားလားလား၊ ငါတို့ လင်မယားနှစ်ယောက်ထဲနေတဲ့ အမြဲစိမ်းသစ်တောကြီး တောမီးလောင်သလိုပဲဟေ့. . ဟ. . တင်ရှိန်"

"ဗျာ. . . အန်ခယ်"

"ထည့်ဦးလေကွာ အဲ့ဒီလက်ကျန် ဖြတ်ပြီးရင် ပြန်မယ်"

"ချနော်. . က. . ချ. . ချဦးမှာ"

"တော်တော့. . ဟော့ကောင် မင်း များပြီ၊ ဒီလိုလုပ် မြတ်ထွန်း မင်းသူငယ်ချင်းကိုပြန်ပို့၊ အဖေ ဒီကစောင့်မယ်"

"ရဒယ်. . ရဒယ်. . တင်ရှိန်. . တင်ရှိန် လောကမှာ သူများထမ်းပို့မှ အိမ်ဝရောက်တာ ရာဇဝင်ကို မရှိဘူး၊ မပြန်နိုင်ရင် ရောက်တဲ့နေရာမှာ အိပ်တယ်၊ နိုးမှ ထပြန်တယ်"

"ဘယ်ကောင်းမလဲ သူငယ်ချင်းရာ တော်ကြာ"

"တော်မကြာနဲ့ တော်မကြာနဲ့၊ မင်းငါ့ကို ယောက္ခမနဲ့ ရန်မတိုက်နဲ့နော်၊ မြတ်ထွန်း"

"ဟာ ဘယ်မှာ ရန်တိုက်လို့လဲ!"

"မင်းမသိဘူး အေ့ အစ်. . . ငါ့ ယောက္ခမက အိမ်ကို မူးပြန်

www.burmeseclassic.com



လာတာ မကြိုက်ဘူး၊ အဲ့ဒါကြောင့် အမူးပြေမှပြန်တာ၊ ထားခဲ့. . ရ ဒယ်. . ထားခဲ့"

"ကိုင်း ဒီလိုဆိုလည်း ဘီလ်တောင်းကွာ၊ ရှင်းမယ်"

"အန်ကယ် ချ. . ချနော်. . ချဦးမာလေ"

"တော်ပြီဟေ့၊ ဘီလ်ယူခဲ့ကွာ ရှင်းမယ်"

ဦးရွှေမြ လှမ်းအော်ရင်း ဦးထုပ်နဲ့ မျက်နှာကချွေးတွေ ပွတ်ချ ပစ်လိုက်တယ်။

ပြီးတော့ ပုလင်းထဲက လက်ကျန်ကို သူ့ခွက်ထဲထည့်ပြီး. . ရေတောင်မကူပဲ ဒီအတိုင်း မော့ချလိုက်ပါတော့တယ်၊ ဒါကို မြတ်ထွန်း လန့်ပြီး. . .

"အဖေ ဖြစ်ရဲ့လား!"

"ဖြစ်တယ် ငါသောက်လာတာ အနှစ်သုံးဆယ်ကျော်ပြီ၊ ငါက အမေရိကန်အင်ဂျင်ကွ. . ဟီတက်လေ သွက်လေပဲ"

အဲ့ဒီနောက် ဘီလ်စာရင်းအတိုင်း ကျသင့်ငွေရှင်းပြီး ဝိုင်းက ထလိုက်တယ်"

"ဂွတ်နိုက်အန်ကယ်"

"အေး. . . အေး. . ငါတို့ ပြန်ပြီနော်"

"တင်ရှိန် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဆိုကွာ၊ မင်းယောက္ခမသာ ခလုတ်မတိုက်စေနဲ့ သွား"

နှစ်ယောက်သား ဆိုင်အပြင်ရောက်မှ ကောင်းကင်ကို ပြိုင်တူ





မော့ကြည့်မိသွားတယ်။

"အား. . ကြယ်တွေစုံတဲ့ညပါလား လူလေးရာ. . ."

ပြောပြီး စိုက်စိုက် စိုက်စိုက်နဲ့ ယိုင်ထွက်သွားတဲ့ ဦးရွှေမြကို မြတ်ထွန်း အချိန်မီ ဆွဲထိန်းလိုက်ရတယ်။

"အဖေ. . ."

"ငါသိတယ် ငါမှားသွားပြီ"

"သား ကားငှားလိုက်မယ် ခဏလေး"

"ဘာ. . . မင်းငါ့ကို ငါ့မိန်းမနဲ့ ရန်တိုက်ပေးမလို့လား လူ လေးရ"

"ခင်ဗျာ. . ."

"ငါ့မိန်းမက အိမ်ကို အရက်မူးပြီး ပြန်လာတာ လုံးဝ မကြိုက် ဘူး၊ သဘောပေါက်လား"

"ဟာ. . . ဒါ. . . ဒါဆို"

မြတ်ထွန်း စကားမဆုံးခင်မှာပဲ ဦးရွှေမြ ခွေခနဲ ကျသွားလို့ မြတ်ထွန်း ထိန်းမ,ပေမယ့် မနိုင်တော့ဘူး။

"တို့ သားအဖလည်း အမူးပြေမှ. . ."

မြတ်ထွန်း စိတ်ညစ်သွားတယ်၊ အတွေးထဲမှာလည်း. . . (ဒီလိုမှန်းသိရင် ငါ အရင် မူးပစ်ပါတယ်ကွာ)



www.burmeseclassic.com

ဖိုနှလုံးသားရဲ့
ချစ်သူနားနေခန်းမှာ
အတုးတန်းတွေ ရိုးရိုးတန်းတွေ မရှိဘူး။
မင်းလမ်းနတ်လမ်း ခွဲမထားဘူးကွယ်...
အားလုံးအဖြူရောင်အခင်းနဲ့
သန့်ရှင်းတဲ့ အပြုံးတစ်ခုသာ ကာရံထားတာပါ။
လာ...ဝင်ကြည့်လှည့်...





# အခန်း(လေး)

မြတ်ထွန်းအတွက်က ခုမှ ပြဿနာ၊ မိန်းမနဲ့ ကလေးတွေ အိမ်ကဆင်းသွားလို့ ဘယ်လိုပြန်ပေါင်းစည်းရမှန်းမသိ ဖြစ်နေတဲ့ ကြားက အမူးလွန်ပြီး လောကနဲ့ အဆက်အသွယ်ပြတ်နေတဲ့ ယောက္ခမကြီးပိုက်ပြီး စုတ်စုတ်ထိုင်နေရတယ်။

ပြဿနာက သူ့အိမ်ကို ခေါ်သွားလို့လည်းမဖြစ်၊ ယောက္ခမ ပြောပုံအရ ဘွားတော်ကြီးနဲ့ ရန်တိုက်ပေးသလိုဖြစ်သွားရင် ကိုယ်လ



www.burmeseclassic.com

www.burmeseclassic.com



မယားတွဲသလို ယောက္ခမလင်မယားပါ ကွဲရင် ဒုက္ခ. .၊ အဲ့ဒီထဲမှာမှ ကိုယ့်ကြောင့် ကွဲရပါတယ်ဆို သေပြီ။

အိမ်က အမေကတော့ အမှန်အတိုင်းပြောရရင် အရက်ကို ကြိုက်တယ်။ အမေတို့ တောင်ပေါ်သူတွေက အအေးပိုင်းဒေသလည်း ဖြစ်၊ အလုပ်ကလည်း ပင်ပန်းတော့ အရက်ကို ဆေးဖြစ်ဝါးဖြစ် သောက်ကြတယ်၊ အမြဲတမ်း သောက်နေကျ မဟုတ်လား။

ခုလို အဖေနဲ့ အကြောင်းပါပြီး မြေပြန့်ရောက်လာတော့လည်း သောက်ဖြစ်တယ်လေ။ ဒါပေမယ့် အမေက အပြင်က ဝယ်သောက်ရမယ့်အရက်ကို လုံးဝစိတ်မဝင်စားဘူး။ သူ့အရက်ကို သူ့ဘာသာချက်သောက်တာ။ အိမ်မှာ ကောက်ညှင်းစိမ်ရေအိုးက ဘယ်တော့မှ ပြတ်တယ်မရှိဘူး။

ကောက်ညှင်းအရက်လို့ပဲ ပြောရမလား မသိဘူး။ သန့်တယ်၊ မွှေးတယ်။ အဖေရှိတုန်းကဆို ညနေထမင်းမစားခင် လင်မယားနှစ်ယောက် တစ်ယောက်တစ်ခွက်ကိုင်ပြီး စကားပြောရင်း သောက်ကြတယ်၊ တစ်ခွက်ပဲ။ အဲဒီတစ်ခွက်ကုန်တာနဲ့ ထမင်းစား။ ပြီးရင် အိပ်ကြတာပဲ။ ခုတော့. . အမေ့ဘာသာ ချက်တဲ့အရက်၊ အမေတစ်ယောက်ထဲ တိတ်တိတ်ကလေးသောက်ပြီး နေရတာကြာပါပေါ့။

မြတ်ထွန်း အဲ့သလိုတွေးရင်က လောလောဆယ် တစ်ပူရှင်းဖို့ ဦးရွှေမြကို ဒီတစ်ည အိမ်ခေါ်သိပ်ဖို့ စဉ်းစားပြီး ကားငှားလိုက်ပါတယ်။ အမေမေးရင် ဘယ်လိုလုပ်မလဲ။ သူ့ခမည်းခမက်မှန်း သိပေမယ့် ဦးရွှေမြ ဒီလို မူးတာတာ အမေမသိဘူးလေ။





မင်္ဂလာဦးရက်တွေတုန်းက အမေနဲ့ ဆုံတုန်းက ဦးရွှေမြဆီက ဗုဒ္ဓရဲ့အဆုံးအမစကားတွေပဲ ကြားခဲ့ရတာ၊ အခု ဘယ့်နှာကြီးတုန်းဆိုအခက်၊ အို. . . အနည်းဆုံးတော့ အရက်ကြိုက်တတ်သူချင်းတော့ ကိုယ်ချင်းစာမှာပဲ။ လမ်းဘေးအိပ်ရတာနဲ့စာရင် တော်တယ်ဆိုပြီး မြတ်ထွန်း အတွေးဖြတ်လိုက်တယ်။

ရပ်ကွက်ထဲရောက်လာတော့ ည(၁၀)နာရီကျော်နေပြီ။ ဦးရွှေမြကို ခြံထဲတွဲဝင်လာတာမြင်တာနဲ့ အမေ အိမ်ပေါ်ကဆင်းလာတယ်၊

"အမေ မအိပ်သေးဘူးကိုး. . "

"အေးလေ. . မင်းမှ ပြန်မရောက်သေးတာ၊ ဟင်. . ဒါ. . ဒါ. . ဦးရွှေမြ. . ဦးရွှေမြ. . မဟုတ်လား!"

"ဟုတ်တယ် အမေ၊ သူ့သမီးအတွက် စိတ်တွေညစ်ပြီးတော့လေ. . "

"ဟင်း. . . "

အမေ သက်ပြင်းချပြီး မျက်နှာလွှဲသွားတယ်။ ပြီးမှ. .

"အေး. . အေး၊ ဧည့်ခန်းမှာ ခဏထား၊ အမေ အိပ်ရာ သွားပြင်လိုက်မယ်"

"ရတယ် အစ်မကြီး၊ ကျွန်တော့်သားနဲ့ပဲ ကျွန်တော်အိပ်မယ်"

"ဟင်. . အဖေ သတိရနေပြီလား!"

"ငါမူးလို့ ငြိမ်နေတာ၊ အကုန်သိတယ်၊ တောင်းပန်ပါတယ် အစ်မကြီးရယ်. . ကျွန်တော် ဒီတစ်ညတော့ ခွင့်ပြုပါနော. . "

"ရပါတယ် ခမက်ကြီးရယ်၊ သက်သာသလို နေပါနော်ပါ"

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ . . လူလေး၊ အဖေ့ကို ခေါ်တော့လေကွာ . ."

"ဟုတ် . ."

"နေ . . နေဦး၊ ငါ . . ငါ ရှူး . . ရှူးပေါက်၊ အဲ . . အစ်မကြီးကန်တော့နော် . ."

"ရတယ် . . သွား . . သွား . ."

တော်ပါသေးရဲ့လို့တွေးပြီး မြတ်ထွန်းပင့်သက်ရှိုက်၊ ယောကျ်ားထီးကြီးကို ဆီးတည်၊ အိမ်ပေါ်တင်၊ အိပ်ရာထဲ သေချာလှဲသိပ်ပေးခဲ့ပြီးမှ ဧည့်ခန်းထဲ ဆေးပေါ့လိပ်ကြီး တဖွားဖွားနဲ့ ထိုင်နေတဲ့ အမေ့နားမှာ ဝင်ထိုင်လိုက်တယ်။

"မင်းရော . . သောက်လာတာလား မြတ်ထွန်း!"

"မသောက်ပါဘူး အမေရာ၊ အဖေ့ဆီက အနံ့ကူးတာပါ"

"ပြီးရော၊ သွား . . ထမင်းသွားစား၊ ခမက်ကြီးရော ထမင်းစားနိုင်ပါ့မလား"

"မစားနိုင်တော့ဘူးထင်တယ်၊ အိပ်နေပြီ"

အမေ တစ်ဖက်လှည့်သွားပြီး ကြယ်ရောင်နဲ့ လင်းနေတဲ့ စပါယ်ရုံတွေဆီ အကြည့်ပို့ထားတယ်။ ဆေးပေါ့လိပ်ကတော့ ဖွာတုန်းပဲ၊ ခဏကြာမှ . .

"မနက်ဖြန်၊ ဦးရွှေမြကို လိုက်ပို့ရင်း မင်းမိန်းမနဲ့ ကလေးတွေကို ပြန်ခေါ်ချည် . ."

"ဗျာ . ."





"ငါ မနက်ဖြန်ကစပြီး တောင်ဒဂုံက အကြီးမီအိမ်မှာပဲ နေတော့မယ်"

"ဟာ . . အမေ . ."

"ငါပြောတဲ့အတိုင်းလုပ်ပါ၊ မင်းတို့ ခေတ်ကာလ သားသမီးတွေနဲ့ အမေတို့နဲ့က ကြမ်းတစ်ပြေးတည်းနေလို့ အဆင်မပြေပါဘူး၊ အမေက သေရတော့မယ့်လူပါ၊ မသေခင်လေး မင်းတို့ကို စိတ်ဆင်းရဲအောင် လုပ်သလိုဖြစ်ရင် ငါမကောင်းတော့ဘူးဖြစ်မယ်၊

အဲ့ဒီတော့ ဒီအိမ်မှာ မင်းတို့ချင်းပဲ အဆင်ပြေအောင်နေကြ၊ မြင်နေရရင် အဆင်မပြေတာတွေ့တော့ ပြောမိမှာပဲ၊ ပြောရင် . . မင်းအိမ်သူလည်း အနေကျပ်၊ မင်းလည်းစိတ်ညစ်မယ်၊ ပြီးတော့ ဒီအိမ်ကို မင်းနာမည်နဲ့ ငါလွှဲထားတာ၊ ဒါမင်းအိမ်ပဲ . ."

"အမေရယ် . ."

မြတ်ထွန်းရင်ထဲ ဆို့သွားတယ်။

"ကျွန်တော် မခေါ်ဘူး အမေ၊ သူ့ဘာသာသူ ပြန်လာချင်လာပစေတော့ . . . ကိုယ်လင်မယား စိတ်ချမ်းသာဖို့ အိုကြီးအိုမ မိခင်ကို ဟိုပို့ဒီပို့ လုပ်တာမျိုး သားတစ်ယောက်အနေနဲ့ မဖြစ်သင့်ဘူး အမေ . ."

"ဘာလဲ သား . . မယားအစားထိုးလို့ ရတယ်၊ အမေ အစားထိုးလို့မရဘူးလို့ မင်းပြောချင်တာလား!"

"အမှန်ပဲ အမေ . ."

"မှားတယ်သား၊ အမှန်က နှစ်ခုစလုံး အစားထိုးလို့ရတာသား



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နှစ်ခုစလုံး မူရင်းအတိုင်း ပြန်မရဘူးဟဲ့. . . သိရဲ့လား၊ ဒီမိန်းမပစ်ပြီး နောက်မိန်းမယူလို့ ပထမမိန်းမအတိုင်း ပြန်ဖြစ်မလာဘူး၊ ဒုတိယဟာ ဒုတိယပဲ. . .၊

အမေလည်း ဒီလိုပဲ၊ ရွယ်တူ မိန်းမ ဘယ်မိန်းမကိုမဆို အမေတော်လို့ ရတယ်၊ ခေါ် လို့ရတယ်၊ ဒါပေမယ့် အဆင်ပြေရင် မိထွေးပဲ၊ အမေရင်းမဟုတ်ဘူး. . .၊

ဒီမှာ သား. . စကားပုံအများကို တရားသေမမှတ်နဲ့၊ ဘဝနဲ့ ဆက်စပ်နေတဲ့ အကြောင်းတရားအပေါ် မှာ အခြေခံကျကျ သုံးသပ်ပြီး ဖြစ်သင့် ဖြစ်ထိုက်တာကို လုပ်ယူရမယ်ဟဲ့. .၊ အမေ့မှာ အားကိုးအားထား အခြားမရှိဘူးဆိုရင်တော့ တစ်မျိုးပေါ့၊

အဲဒီအခါမျိုးမှာ သားကိုချစ်ရင် ချွေးမကို အလိုလိုက်သင့်လိုက်ရမှာပဲ၊ အခု. . အမေ့မှာ သမီးတွေ ရှိသေးတယ်၊ ဘယ်အိမ် တက်နေနေ. . ကိုယ့်သားသမီး အိမ်ပဲ၊ အဲဒီတော့ အမေလည်း မာနလေးထားပြီး အမှန်စကား ပြောရတာပေါ့ကွယ်၊ မကြိုက်ရင် တစ်ခြားဆင်းပေးလိုက်ရုံပေါ့၊

အေး. . တစ်ခုတော့ရှိတာက မင်းယောက္ခမတွေပဲ၊ သူတို့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတယ်၊ အကြောင်းအမျိုးမျိုးကြောင့် မင်းတို့ သင်မယားကို အားကိုးမှီတွယ်လာရတဲ့အခါ. . အမေ့လို ပြေးစရာ အပေါက်မရှိဘူး၊ အဲဒါကြောင့် မင်းတို့လင်မယား နားလည်ခွင့်လွှတ်ပေးကြ၊ ဒါပဲ. . သား၊ ထမင်းသွားစား. . အမေလည်း အိပ်တော့မယ်"

မြတ်ထွန်း မျက်လုံးထဲ ပြည့်လျှံလာတဲ့ မျက်ရည်ကို အထိန်းအကွပ်မဲ့ လွှတ်ပေးရင်း အမေ့ကို ကန်တော့လိုက်တယ်။ သဘောဆိုးသယောင်နဲ့ သားသမီးအပေါ် ငဲ့ညှာစိတ်ကြီးမားတဲ့ မိခင်ကြီးကို နှမြောတသစွာ မော့ကြည့်မိလို့ အမေက. .

"ငါသေရွာသွားမှာမဟုတ်ဘူး၊ ငိုမနေနဲ့. ."







www.burmeseclassic.com

www.burmeseclassic.com



**နောက်** တစ်နေ့မနက်ခင်းတော့ အဆာပြေ စားသောက်ရင်း ခမည်းခမက်တွေ စကားပြောဖြစ်ကြတယ်။

"ကျွန်တော့်သမီး ဒီမှာ ဘယ်လောက်ဆိုးခဲ့တယ်ဆိုတာ မသိပေမယ့် သမီးအတွက် တောင်းပန်ပါတယ် အစ်မကြီးရယ်. .၊ အလိုလိုက်ခဲ့တဲ့ ကျွန်တော့်အပြစ်ပါဗျာ. ."

"မဟုတ်သေးဘူး ခမက်ကြီးရဲ့၊ သမီးတင် ဆိုးတာ မဟုတ်ဘူး၊ ယောက္ခမလုပ်မဲ့ ကျုပ်ကလည်း ဆိုးတယ်၊ ကျုပ်ကြောင့် ခမက်ကြီးတို့ စိတ်အနှောင့်အယှက်ဖြစ်ရတာကိုပဲ စိတ်မကောင်းတာပါ။ တစ်ကယ်ဆိုကိုယ်က မိဘပဲ၊ သားသမီးနဲ့ ပြိုင်ဆိုးလို့ အဓိပ္ပါယ်မှ မရှိတာ၊ ကျုပ်တာပဲ တောင်းပန်ရမှာပါ"

"မဟုတ်တာပဲ အစ်မကြီးရယ်"





"ဟုတ်တယ်၊ ညက မြတ်ထွန်းကိုလည်း မှာခဲ့ပြီးပြီ"

တစ်မနက်ခင်းလုံး ခမည်းခမက်တို့ အသီးအရွက်ဝေဆာပွင့်လန်းတဲ့ စကားပန်းပင် အလှဆင်နိုင်ခဲ့ကြပြီး. . မြတ်ထွန်းက ဦးရွှေမြကို လိုက်ပို့ရင်း သားနဲ့ဇနီးကို ပြန်ခေါ်ဖို့ အိမ်ကအထွက် အိမ်ရှေ့ကို ဒေါ်အေးရီရီကိုယ်တိုင်မောင်းတဲ့ ဆလွန်းကားလေး ငြိမ့်ခနဲ ထိုးရပ်လာတယ်။

ဒေါ်အေးရီရီ မျက်နှာလေးချိုပြီး ကားထဲက ထွက်လာကတည်းက ပွဲစဉ်အသစ်ကို စလိုက်ပါတယ်။

"ထင်သားပဲ"

"ဘာကိုလဲ. . အေးရီ"

"ရှင့်ကိုလေ. . ဟင်း၊ ဘယ်လောက် အဖိုးတန်တဲ့ သမက်မို့လို့ ညအိပ်ညနေ လိုက်လာပြီး ချော့မော့နေရတာလဲ ပြောစမ်းပါဦး. ."

"ဟော့. . မင်းစကားက ဘာလဲကွ၊ လာလာ. . ပြန်မယ် အိမ်ရောက်မှ မင်းပြောချင်တာပြော"

"အလိုတော်. . အိမ်ရောက်မှ ပြောရင် ရှင့်မျက်နှာကြည့်ပြီး ပြောရမှာပေါ့၊ ဒီမှာ ချေးအကြောင်း ချေးတွင်းဘေးမှာ ထိုင်ပြောတာ ကောင်းတယ် ဖဲ့. . အကောင် နင်လာစမ်းပါဦး၊ ငါ့သမီးကို ပေါင်းလို့ အားရတော့မှ ယောက္ခမအိမ်ပေါ် မြန်ထိုးတင်ထားရအောင်. . နင်က ဘာကောင်လဲ. ."

"ဟာ. . အေးရီ၊ မင်းစကားတွေ လွန်မယ်နော်. . မင်းက ဘာသိလို့ ဘာလာပြောနေတာလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ရှင့်သမီးကို ကလေးအမြွာမွေးခိုင်းပြီးမှ ခွေးလို လာပစ်ထိုးသွားတာ ရှင်မမြင်ဘူးလား၊ ရှင် အဖေမှ ဟုတ်ရဲ့လား!"

"မင်းရော အမေလား!"

"အမေမို့လို့ပေါ့၊ ရှင်ဖယ်စမ်း. . ဒီအကောင်ကို ကျုပ်ပါးရိုက်ရမှ ကျေနပ်မယ်"

"ဟ. . အေးရီ. . ၊ ဟ. . ဒုက္ခပဲကွာ"

ဦးရွှေမြ တားဆီးချုပ်ကိုင်နေတဲ့ကြားက ဒေါ်အေးရီရီရဲ့ ဒေါသလှိုင်းထန်မှုကြောင့် ဦးရွှေမြပါ လန်ထွက်သွားပြီး မြတ်ထွန်း ရှေ့ရောက်သွားတယ်။ အဲ့ဒီအချိန်မှာပဲ မြတ်ထွန်းမိခင် ဒေါ်နန်းတင် ရှေ့ကို ရောက်လာပါတယ်။

"လာ. . ဘာနဲ့ရှင်းမလဲ၊ စကားနဲ့ ရှင်းမလား ဓါးနဲ့ ရှင်းမလား ကြိုက်တာပြော၊ ငါ့သား လက်ဖျားနဲ့ထိလို့ကတော့. . နင့်လို မိန်းမဟင်း. . အိမ်ရှေ့ရပ်ထားတဲ့ကားနဲ့ ရောပြီး ချောင်းထဲ မျှောပစ်မယ်. . လာ. . ရှေ့တိုးစမ်း"

မြတ်ထွန်းရော ဦးရွှေမြပါ မျက်လုံးတွေ ပြူးကုန်ပြီး ကိုယ့်လူကိုယ်ဆွဲကြတယ်။ မဆွဲလို့ မဖြစ်ဘူး ဒေါ်နန်းတင် လက်ထဲမှာက ဓါးတစ်ချောင်းတည်းတောင် မဟုတ်ဘူး၊ နှစ်ချောင်း။ မြတ်ထွန်း ဆွဲထားတဲ့ကြားက ရှေ့ကို တစ်ချောင်းပစ်ချလိုက်တယ်။

"ရော့. . အဲ့ဒီမှာ သတ္တိရှိရင် အဲ့ဒီဓါးကောက်ပြီး လာခုတ်လှည့်စမ်း. ."

"အမေ. . အမေ တော်ပါတော့၊ အမေလည်း တော်ပါတော့၊





ကျွန်တော် တောင်းပန်ပါတယ်"

"အေးရီ. . ပြန်မယ်၊ လာ. . ဟ"

"အိုး. . မပြန်ဘူး၊ လတ်စသတ်တော့ ငါ့သမီးကို သားအမိနှစ်ယောက် ဝိုင်းပြီး အနိုင်ကျင့်လိုက်ကြတာကိုး၊ ဟင်း. . ငါမကျေဘူး. . ငါမကျေဘူးဟေ့. . ရှင်လွှတ်"

"ကဲ. . လွှတ်ပေးလိုက်စမ်းပါ ခမက်ကြီးရယ်၊ သူ့စိတ်ထဲ လုပ်ရမှ မှုမယ်ထင်ရင် လုပ်စမ်းပါစေ၊ မြတ်ထွန်း. . မင်း ငါ့ကို လွှတ်လိုက် ဒီပြဿနာ ငါ့ကြောင့်ဖြစ်တာ၊ ငါရှင်းမယ်"

"မဟုတ်သေးပါဘူး အမေရယ်၊ ပြဿနာကို အေးအေးပဲ ရှင်းကြရအောင်ပါ"

"ဒါဆိုလည်း မင်းယောက္ခမကို မေးကြည့်လေ၊ ငါ့စကားက ရှင်းတယ်၊ စကားနဲ့ ရှင်းမလား ဓါးနဲ့ ရှင်းမလား ကြိုက်တာပြော"

မြတ်ထွန်းစိတ်ထဲ အချဉ်ပေါက်လာပြီး လှမ်းမေးတယ်။

"ကဲ. . ကျွန်တော့်အမေက မေးနေတယ်၊ အမေ ဘာနဲ့ရှင်းမှာလဲတဲ့. ."

"ဘာနဲ့မှ ရှင်းလို့ရမှာ မဟုတ်ဘူး လူလေး၊ မင်းအမေကို မင်းခေါ်သွားတော့. . ငါ့မိန်းမ ငါခေါ်သွားမယ်၊ ကဲ. . အေးရီ. . နင်ပြန်မလား မပြန်ဘူးလား တစ်ခွန်းပဲပြော. ."

ဒီလိုတော့လည်း ဦးရွှေမြရဲ့ပြတ်သားမှုက အတော်တာသွားသား. . ဒေါ်အေးရီရီ မျက်ရည်တွေရော နှပ်ချေးတွေပါ လုံးထွေးညှစ်ပြီး ကားထဲ ခြေဆောင့်ဝင်သွားတယ်။ ဒီတော့မှ ဦးရွှေမြ ယာဉ်



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေရာ ဝင်ထိုင်လိုက်တယ်။

အဲဒီနောက်တော့ မြတ်ထွန်းတို့သားအမိကို အဓိပ္ပါယ်ပါတဲ့ အကြည့်တစ်မျိုးနဲ့ ခေါင်းတစ်ချက်ဆတ်ညိတ်ပြပြီး ကားမောင်းထွက်သွားပါတော့တယ်။ အိမ်ရှေ့က ကားထွက်သွားမှ အမေလည်း သူ့ခါးတွေ ပြန်ကောက်သိမ်းပြီး အိမ်ပေါ် တက်သွားတယ်။ ခြံထဲမှာ မြတ်ထွန်းတစ်ယောက်သာ ငေးငေးငူငူကြီး ရပ်ကျန်ခဲ့ပါတယ်။


(ဒီအတိုင်းဆို ငါတို့ရင်တွေ ဘယ်တော့များမှ အေးမြပါ့မလဲ ရွှေရင်အေးမြရယ်. . ကြားက ငါ့သားလေးနှစ်ယောက်တော့ ဒုက္ခပဲကွာ. . တောက်)

နရီစည်းကိုက်
မိုက်မဲရူးသွပ်
အပြိုင် "အွတ်" နေကြတဲ့
ကြက်ဖတွေကို ငါမုန်းတယ်
ထုံးစံကွ ဆိုပြီး
အတက်ကလေး တမြမြနဲ့
ဆွေစဉ်မျိုးဆက် အသတ်ခံရတာတောင်
အမှတ်မရှိတဲ့ကောင်တွေ...



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(ပါး)

လွမ်း ဖျားလွမ်းနာကျတယ်ပဲ ပြောရမလား။ စနေ၊ တနင်္ဂနွေ လိုနေ့မျိုးတွေ နောက်တစ်ပတ်ပြန်ရောက်လာမှာတောင် သေမလောက် ကြောက်သွားတဲ့ အဖြစ်မျိုး မြတ်ထွန်းရင်ဆိုင်လိုက်ရပုံက လူ့လောက ရဲ့ သိပ်မထူးခြားတော့တဲ့ ဖြစ်ရပ်တစ်ခုပါပဲ. . ပရိသတ်ရယ်. . ဒါမျိုး တွေရှိုးနေပြီလို့တောင် ပြောလို့ရပါတယ်။

ဘာဆန်းလဲ၊ လူ့မှုဘဝဖြစ်စဉ်တွေထဲမှာ အိမ်ထောင်သည်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းလိုလို ရင်ဆိုင်ဖူး ဖြတ်သန်းဖူးတဲ့ သောကခရီးလေးပါ။ သမက်နဲ့ ယောက္ခမ၊ ချွေးမနဲ့ယောက္ခမ၊ ခမည်းခမက်အချင်းချင်း၊ သမီးယောက်ဖ ချင်း၊ သမီးယောက်မချင်း တစ်ခုမဟုတ် တစ်ခုတော့ ဖြစ်နေကြတာပဲ မဟုတ်လား။

ဒါ တစိမ်းဖက်လာလို့ပါလို့ ဆင်ခြေပေးနေတဲ့ သူတွေရော၊ ကိုယ့်တစ်အူတုံဆင်း မောင်နှမချင်း၊ ဆွေမျိုးအရင်းအချာချင်းရော သင့် မြတ်နိုင်လို့လား။ ဖြစ်နေကြတာပဲ မဟုတ်ဘူးလား။

အဓိက,ကတော့ လူလူချင်း ဆက်ဆံပေါင်းသင်းတဲ့အခါ မရှိ မဖြစ် လိုအပ်နေတဲ့ 'အဆုံးအမ'ကို မေ့ပြီး ကိုယ့်စိတ်နဲ့ကိုယ် ထင်ရာစိုင်း နိုင်းနေကြလို့ပါ။ တကယ်လို့များ မြတ်စွာဘုရားဟောကြားတော်မူတဲ့ ခန္တိ. . ပရမံတပေါတီတိက္ခာ (သည်းခံခြင်းသည် မြတ်၏) ဆိုတဲ့ အဆုံး အမကိုသာ ရင်ထဲထား. . အဲ့ဒီသည်းခံခြင်းနဲ့ ရင့်သန်လာတဲ့စိတ်ကို ဗြဟ္မာစိုရ်တရားလေးပါးဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရား ထုံမွှမ်းထားလိုက်စမ်းပါ။ ဘယ်မှာလဲ ပြဿနာ၊ ဘယ်မှာလဲ ရန်သူ၊ ဘယ်မှာလဲ အပူသောက၊ မြူတစ်မှုန်တောင် မခစေရဘူး ပရိသတ်. . ။

အဲ့ဒီလိုမှ မဟုတ်ဘဲ သူလည်း မလျှော့၊ ငါလည်း မလျှော့၊ နင်ဘာလဲ၊ ငါဘာလဲ လုပ်နေသမျှတော့ မြတ်ထွန်းတို့ မိသားစုဘဝ လိုပဲ ရှုင်ကွဲကွဲ၊ မြတ်ထွန်းလိုပဲ ရင်ကွဲကွဲကြီးနဲ့ တုံးတစ်ခံနေရမှာပဲ ပရိသတ် မယုံမရှိနဲ့။

အခုဆို သူ့အိမ်မှာ အမေလည်း မရှိတော့ဘူး၊ သူ့မိန်းမ ပြန်





လာရင် မိသားစု စိတ်ချမ်းသာစွာနေဆိုပြီး သမီးအကြီးမနဲ့ သွားနေ တယ်။ လောလောဆယ် ဇနီးမယားလည်း ပြန်မလာဘူး၊ သူလည်း သွားမခေါ်ရဲဘူး။ မိန်းမကလည်း မာနခဲ၊ ယောက္ခမကလည်း ဒေါသခဲ၊ အဲ့ဒီနှစ်ခဲကြောင့် မြတ်ထွန်း သွေးပျက်နေတာလေ။

ယောက္ခမ လင်မယားလည်း ဝူးဝူးဝါးဝါးနဲ့ ပြန်သွားကြလို့ အိမ်ရောက်မှ နောင်ကျိန်ချပြီး ကွဲများကွဲကုန်ကြပြီလား၊ ငါ့သားလေး တွေရော ဘယ်လိုများနေကြလဲ၊ သူ့အမေက အိပ်ပြီဆို ဆင်နင်းတာ တောင် မနိုးဘဲ အသေခံတဲ့ အိပ်ခြင်းမျိုးနဲ့ အိပ်တဲ့သူ။ အိမ်မှာတော့ ကလေးက အဲ့ခနဲဆိုတာနဲ့ သူနိုးနှင့်နေပြီ။ သူမနိုးလည်း အအိပ်ဆတ်တဲ့ အမေကနိုးတော့ ချွေးမကိုနှိုး၊ ချွေးမ,မနိုးပဲ သူနိုးလို့ထ၊ ကလေးတွေ သေးစိုနေရင် သေးဝတ်လဲ၊

နို့ဆာလို့ ပြန်မအိပ်ရင် တစ်ယောက်ကို သူ့အမေနို့လှန်ပြီး တိုက်၊ တစ်ယောက်က သူပိုက်ပြီး နို့ဘူးတိုက်၊ နို့ဘူးတိုက်တဲ့ကလေးကို ဘောင်းဘီအရောင် မှတ်ထား၊ မနက်ကျတော့ အဲ့ဒီကလေးကို သူ့ အမေနို့ ဦးစားပေးပြီးတိုက်၊ ဒီအရွယ် မိခင်နို့က အားအဖြစ်ဆုံး၊ အထိ ရောက်ဆုံး၊ ကျန်းမာရေး အထောက်အကူ အပေးဆုံးဆိုတာ မြတ်ထွန်း လည်း ဗဟုသုတရှိအောင် လေ့လာတော့ သိတယ်။

ကလေးဆိုတာလည်း ပန်းလိုပဲ၊ လန်းရင်လည်း သိသာတယ်၊ ညှိုးရင်လည်း သိသာတယ်။ ခက်တာက. . . ကလေးက ကျွန်တော်ဘာ ဖြစ်နေပါတယ်လို့ မပြောတတ်ဘူး။ သူတို့ နေထိုင်မကောင်းရင် ဇအီအီ လုပ်တယ်၊ ငိုတယ်. . ဒါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက ကိုယ့်ကလေး ဘာဖြစ်တယ်ဆိုတာ ခန့်မှန်း၊ ဗိုက်နာတာလား၊ လေထိုးတာလား၊ ကျောပူခေါင်းပူထတာလား၊ တစ်ကယ်တော့ ဒါတွေအားလုံး မြတ်ထွန်း သိလို့မဟုတ်ဘူး၊ ရွှေရင်အေးမြလည်း မသိဘူး။ အမေက သားသမီးလေးယောက် လူလားမြောက်အောင် မွေးထားတဲ့ မိခင်အိုကြီးဆိုတော့ အတွေ့အကြုံရှိတယ်၊ သိတယ်။ အဲဒီတော့ ရမြေးတွေနဲ့ ပတ်သက်ပြီး သူတို့ဘွားအေကပဲ ဦးဆောင်ပြုစုတာ၊ မြတ်ထွန်းက အမေလုပ်သမျှကိုင်သမျှ မှတ်၊ လေ့လာ၊ အမေမအားရင် သူလုပ်ရမှာ၊ ပြီးတော့ ကိုယ်က ဖခင်အရင်းကြီး၊ နောက်ထပ်မမွေးဘူးလို့လည်း အာမ,မခံနိုင်ဘူး။ ဒီတော့ တတ်အောင်သင်၊ မြင်သမျှ မှတ်ပေါ့။

ရွှေရင်အေးမြကတော့ ဟုတ်ဘူးဗျ၊ နို့တိုက်ဖို့ ကိစ္စကတော့ လုံးဝ မညည်းစတမ်းပဲ။ သားနှစ်ယောက်ကို တစ်ပြိုင်တည်း နို့တိုက်ပါမယ်လုပ်နေလို့တောင် မြတ်ထွန်းက ဇနီးမယား ကျန်းမာရေးရှေးရှုပြီး နို့ဘူးကူခုပေးထားတာ။ အဲ. . . ကျန်တာ တော့ ရွှေရင်အေးမြ စိတ်မဝင်စားဘူး။

ကလေး မအီမသာဖြစ်ရင် “မောင်. . မောင့်သား ဘာဖြစ်သလဲ မသိဘူး၊ ကြည့်ပါဦး” . . ဒါပဲ၊ မြတ်ထွန်းမရှိရင် “အမေ. . အမေ့မြေးကိုကြည့်ပါဦး. . ဘာဖြစ်တာလဲ မသိဘူး၊ ချော့လို့လည်း မရဘူး” ဒါလောက်ပဲ၊ ကျန်တာ သူဖတ်လက်စ ဝတ္ထုစာအုပ်ရှိရင် ဆက်ဖတ်နေလိုက်တယ်။

ကလေးကိုပြုစုပြီး သူ့ရင်ခွင်ထဲ သွားထည့်ပေးမှ လိုအပ်ရင်





နို့လှန်တိုက်လိုက်တယ်။ အင်မတန် သွေးအေးတဲ့ မိန်းကလေး၊ အဲဒါကြောင့်လည်း စက်လိုမြန်တဲ့ ဒေါ်နန်းတင်နဲ့ အဆင်မပြေတာနေမှာ၊ မွေးကင်းစအရွယ်တုန်းက မြတ်ထွန်းတို့ သားအမိ အတော့်ကို ဒုက္ခရောက်ကြတယ်။

ကလေးလေးတွေ တစ်နေကုန် အကောင်း၊ ည(၁၂)နာရီထိုးတာနဲ့ ညီအစ်ကို နှစ်ယောက်ပြိုင်တူငိုတော့တာ၊ ငိုရင်းနဲ့ တက်ပြီလားထင်ရအောင် မျက်နှာတွေပြာနှမ်းကုန်တဲ့အထိ ငိုတာ၊ နို့တိုက်လည်းမရ၊ ချော့လို့လည်း မရ၊ မနက်လေးနာရီထိုးမှ အငိုရပ်ပြီး မော့ငြိုးအိပ်ကြတာ၊ ရွှေရင်အေးမြကတော့ တုံးပဲ၊ မြတ်ထွန်းတို့ သားအမိနှစ်ယောက် ကလေးတစ်ယောက်စီထမ်းပြီး ချော့ကြမြူကြ၊ အိမ်ပေါ်မှာ ခေါက်ကဲ့ပြန်လျှောက်ကြ၊ လေးနာရီ အုန်းမောင်းလည်းခေါက်၊ ကလေးတွေလည်း ငိုသံပျောက်၊ အဲဒီတော့မှ ထိုင်ကြရလို့ ဒူးခေါက်ကွေးထဲသပ်လျှိုထားသလို. . အမလေး. . . ဘလေး. . ညည်းပြီး ထိုင်ရ အိပ်ရတဲ့အဖြစ်၊ အဲ့ဒါ ညတိုင်း. . အမေဆိုတာ သူ့မြေးတွေ အပနှောင့်တယ်ဆိုပြီး ရေမန်း၊ ပရိတ်ကြိုး၊ ဆေးဘုန်းကြီးပေးတဲ့ လက်ဖွဲ့၊ ခြေမန်းကွင်း၊ အိုး. . စုံလို့ စုံလို့၊ ဒီကြားထဲ ခမည်းလိုတယ်ဆိုလို့ ခမည်းပေးရ သိုက်ကလာတာဆိုလို့ အိမ်ကို ဆွမ်းခံကြွတဲ့ ဦးပဥ္စင်းဆီ ကလေးတွေ ရောင်းရတာ အမော။

တစ်ပတ်လောက်ကြာတော့ အမေ ရပ်ကွက်ထဲက အဝင်ဆိုင်မှာ ဈေးဝယ်သွားရင်း စပ်မိစပ်ရာပြောတော့. . ကလေးတွေ အချိန်မှန်ငိုတဲ့အကြောင်း ရောက်သွားတယ်။ အဲ့ဒီအချိန်မှာ အမေ့လို ဈေးလာ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်တဲ့ ဒေါ်ရွှေအေးဆိုတဲ့ အမျိုးသမီးက. . .

“အဲ့ဒါ လေပြင်ပါလာတာ၊ ကျွန်မသမီးအကြီးမဇာဇာတုန်းကလည်း ဒီလိုပဲ. . မွေးတတည်းက လေပြင်ပါလာတာ၊ အဲ့ဒါ ဘေးအိမ်က ဒေါ်ငွေစိန်က. . ဟဲ့. . နင်က သင်္ဘောသီးအမှည့်တစ်ဝစားပြီး ကလေးကို နို့တိုက်. . ပျောက်ရောတဲ့. .

အဲ့ဒါနဲ့ ကျွန်မလည်း ကိုမြင့်သိန်းကို သင်္ဘောသီးရှာဝယ် ခိုင်းပြီး ဟိုတုန်းက ကြွေရည်သုတ် သံပန်းကန်ပြားကြီးနဲ့တစ်ချပ် အကုန်စားပစ်တာ. . အဟုတ်ပဲ အမရေ. . ၊ အဲ့ဒီနေ့ နို့တိုက်ပြီး သိပ်လိုက်တာ နင်နေ ငါသွားပဲ. .”

အဲ့ဒါနဲ့အမေ အိမ်ပြေးပြန်လာပြီး စံပြဈေးမှာ သင်္ဘောသီးအမှည့်ပြေးဝယ်၊ ရတော့ရတယ်. . ၊ ရာသီချိန်မဟုတ်တော့ ဈေးကကြီးကြီး၊ ကြီးလည်းကြီးဝစေ၊ မြေးတွေ ပင်ပန်းလှပြီဆိုပြီး ဝယ်ချလာပြီး ရွှေရင်အေးမြကို သူကိုယ်တိုင် ခွဲကျွေးတာ။

ပြဿနာက ရွှေရင်အေးမြ သင်္ဘောသီးမကြိုက်ဘူး။ ဘာရမလဲ. . ဒေါ်နန်းတင်လေ၊ နင်မစားရင် နင့်လည်ပင်းနင်းပြီး ထည့်မယ်ဆိုလို့ ရွှေရင်အေးမြခမျာ ပျို့ပျို့တက်ပြီးစားရတာ။ အဲ့ဒီတုန်းက ရွှေမနဲ့ ယောက္ခမတွေ့ရတာ သိပ်မှမကြာသေးတော့ ရွှေရင်အေးမြလည်း ခုလို စောဒကမတက်ရဲသေးဘူးလေ. . စားပေါ့၊ သင်္ဘောသီးက ဝမ်းသက်တော့ ဝမ်းလွယ်တဲ့ ရွှေရင်အေးမြ နေချင်သေးသပမို့လို့ အသက်ကျန်တာ. . ။

ဟိုကြော်ငြာသံလိုပဲ ပန်. . ပန်. . ပန်း. . ပန်။ ဟန်ကျသွား





တာက အမြွှာညီနောင်၊ အဲ့ဒီတစ်ရက် နို့စို့လိုက်ရတာနဲ့တင် (၁၂)နာရီ သခင့်တွေ အိပ်မောကျပြီး မြတ်ထွန်းတို့သားအမိ ဟင်းချနိုင်တော့တဲ့ အဖြစ်။

မြေးတွေကို ဂရုစိုက်တဲ့ဘွားအေထဲမှာတော့ အမေက နံပါတ်တစ်ပဲလို့ မြတ်ထွန်းယုံကြည်တယ်၊ ကလေးတွေကို ရေချိုးပေးရင်း ခန္ဓာကိုယ်ပေါ် အဖုကလေးတစ်ဖု ပိုလာတာကအစ အမေသိတယ်၊ အခု သူတို့ သားအမိ ယောက္ခမအိမ် ရောက်နေပြီ။

ရွှေရင်အေးမြကတော့ အဲ့ဒီအိမ်မှာ လူဖြစ်လာလို့ ကလေးအမေတောင် ဖြစ်နေပြီ။ အရေးကြီးတာ ကလေးတွေ၊ သူ့အမေက ကိုယ့်အမေလို ဂရုစိုက်တတ်ရဲ့လား။ အခြေကြီးအနေကြီးတွေဆိုတော့ အနွံအတာမခံရင် ကလေးတွေ ခက်ရချည်ရဲ့၊ သူ့အမေ ရွှေရင်အေးမြကိုတော့ အားကိုးလို့ မရဘူး။ ဘာမှ မသိ၊ ဘာမှကို စိတ်မဝင်စားဘူး

အဲ့သလို တွေးရင် မြတ်ထွန်း ရူးတောင်ရူးချင်လာတယ်။ နှုံးသာတက်နေရတာ၊ လုပ်နေကျအလုပ်ကိုသာ တင့်ငွ လုပ်သာလုပ်နေရတာ စိတ်က တစ်ခြား။ စာရင်းတွေကလည်း ဟိုကမှား၊ ဒီကမှား၊ ဌာနမှူးဖြစ်သွားတဲ့ ဦးနောက်နောက်ကလည်း ဆဲသလားလို့ မမေးနဲ့၊ ဆဲမှဆဲ

မဆဲချင်လို့ ဆူရင်တောင် လူလုပ်စားချင်စိတ် ပျောက်သွားအောင် ဆူတဲ့လူ။ စာရေးမတွေဆို ငိုချင်းချပြီး လှည့်ပြန်ရတာ။ စာရေးတွေဆိုတာတော့ သူ့ရှေ့မှာ ဟုတ်ကဲ့ခင်ဗျ၊ နောက် မမှားအောင် ဂရုစိုက်ပါ့မယ်ခင်ဗျ၊ ရုံးခန်းအပြင်ရောက်မှ အံကြိတ်ပြီး တောက်ခေါက်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်မှာဆိုရင်တော့ စာရေးတွေ စုပြီး ပေါက်ကွဲသံစဉ်နဲ့ ရင်ဖွင့်ကြ၊ အဲဒီအချိန်များ သူတို့ရှေ့ ဦးနောက်နောက် ဖြတ်လျှောက်မိလို့ကတော့ အမှုန့်တောင် ချေပစ်ကြမလားပဲ။

ဦးနောက်နောက်ကလည်း ပါးတယ်။ သူလည်း ကြိုက်တာပဲ။ ဒါပေမယ့် ဘယ်စာရေးနဲ့မှ တွဲမသောက်ဘူး။ စာရေးတွေ ထိုင်တဲ့ ဆိုင်မှာလည်း မထိုင်ဘူး။

အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်ကိုး။

၅ ၅ ၅ ၅





တဲ့ ဒီလောက် အဟောက်အဟမ်းကြမ်းတဲ့ ဌာနမှူးကြီး မြတ်ထွန်းနဲ့တွေ့မှ ခိုညည်းသလိုညည်းပြီး ဆူချင်ဆဲချင်စိတ်ပါ ပျောက်သွားတာ အံ့စရာ. . ။

အလုပ်သဘောအရ ကုန်ပစ္စည်းအသစ်ဈေးကွက်ဝင်ဖို့ Promotion ကာလ သတ်မှတ်ချက်ဖြစ်လို့ ခါတိုင်းလို နှစ်ချုပ် နှစ်ဝက် မဟုတ်ဘဲ လစဉ် စစ်တမ်းစာရင်းတင်ရတယ်။ တစ်လရဲ့ စတုတ္ထပတ်ဟာ စာရေးတွေ ချွေးပြန်တဲ့ရက်သတ္တပတ်ပဲ။

လိုအပ်ရင် စနေ တနင်္ဂနွေ Over time တောင် ဆင်းရတယ်။ စာရင်းအင်းသဘောနဲ့ တစ်နောက်မှာ သုညတစ်လုံးပိုတဲ့ပြဿနာက လျှောင်ဗဟိုချက် နေရာကနေ လျှော်လှိုင်းတွေ တုန်ခါပြန့်နှံ့သွားသလို အတော့်ကို ကြီးထွားတာ။ မြတ်ထွန်းပိုတာက တစ်သန်းနောက်က



www.burmeseclassic.com

www.burmeseclassic.com



သူညတစ်လုံး။

ဒါပေမယ့် တစ်ရိုးလုံးက ဌာနပေါင်းစုံ ယောက်ယက် ခတ်သွားတယ်။ ရောင်းကုန်အရေအတွက်၊ လက်ကျန်စာရင်း၊ ရောင်းရငွေ၊ ကြွေးကျန်ငွေ အလိုတွေ အပိုတွေနဲ့ သွက်ချာပါဒေါ လည်ကုန်တယ်။

ကွန်ပျူတာခေတ်ဆိုတော့ ခဏပဲ စိတ်ညစ်ရပြီး ချက်ချင်းသိတယ်။ တရားခံ ဘယ်သူလဲ. . မြတ်ထွန်း၊ ဘာရမလဲ. . ဦးနောက်နောက် ပလုပ်ပလောင်း ခေါ်ဆဲတာ။ ဆဲ. . . မြတ်ထွန်းကတော့ လည်လိမ်နေတဲ့ကြက် အရက်တိုက်ပြီး ချထားသလို အေးဆေးပဲ။

အရေးကြီးတဲ့ ရက်ပတ်ကျမှ မြတ်ထွန်း သမလို့ ဝန်ထမ်းတွေ အိပ်ရာလိပ်နဲ့ရုံးတက်ပြီး ချက်ကင်ဝင်ကြ၊ ပြင်ကြ လုပ်ကြရတာ၊ ဆဲတာပေါ့။ နဂိုရ်ကမှ အဆဲသန်တဲ့ ဦးနောက်နောက်. . လျှာတွေပါ အပေါက်အပေါက်ဖြစ်အောင် ဆဲတာ. . ။ မြတ်ထွန်းက အေးဆေးပဲ၊ မှားကား မှားမြဲ။

နောက်ဆုံးတော့ ဦးနောက်နောက် မြတ်ထွန်းကို ကျော်သွားပြီး မြတ်ထွန်းကိုင်နေတဲ့ Main total ကို သူကိုယ်တိုင် ကိုင်ရတဲ့အဖြစ် ရောက်သွားတယ်။ ဒီအလုပ်က မြတ်ထွန်းပြီးရင် သူပဲလုပ်နိုင်တယ် မဟုတ်လား။ အဲဒီတော့. . အဲဒီတော့ပေါ့. . ။

ဒီလိုနဲ့ တစ်လစာ ပြတ်သွားတော့ နောက်လအစမှာ လုပ်ငန်း နည်းနည်းအေးနေတဲ့အချိန် ဦးနောက်နောက် မြတ်ထွန်းကို လေ့လာတယ်။

အရင်က ဒီလိုမဟုတ်ဘူးလေ. . ။ LCCI နဲ့ ပတ်သက်လာရင်





ဒီကောင်က ဖိုးတီကျ၊ ကျန်တာမပြောနဲ့. . ဒသမအတွက် ပွိုင့်စက် ကလေးချဖို့ကိုတောင် ဘော(လ်)ပင်တစ်ချောင်း သီးသန့်သုံးတဲ့ကောင်၊ အခု. . ဘယ်လိုဖြစ်တာလဲ။ ဟိုမေးဒီမေးနဲ့ နောက်ဆုံးတော့ စာရေး တင်ရှိန်ဆီကတစ်ဆင့် မြတ်ထွန်းရဲ့ အခြေအနေအမှန်ကို သိသွားတယ်။

"ဩော. . အဲ့သလိုလား!"

"ဟုတ်တယ် ဆရာ. . ၊ အခု ဆရာသိပြီဆိုတော့ ကိုယ့်လက်အောက် ငယ်သားတွေရဲ့ ပျော်ရွှင်ရေး၊ ကျန်းမာရေးနဲ့ သက်သာချောင်ချိရေးဆိုတာ ဆရာတို့ ဝတ္တရားပဲ မဟုတ်လားဗျာ၊ တတ်နိုင်ရင် ကူညီပေးလိုက်ပါ"

"အံမာ. . မင်းကလာပြီး ဘုန်းကြီးစာချလုပ်နေသေးတယ်၊ ငါသိတယ်ကွ. . "

"မေ့မှာစိုးလို့ပါ"

"တော်. . ကိုယ့်အလုပ်ကိုယ်သွားလုပ်တော့"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



တင်ရှိန် သတ္တိကောင်းကောင်းနဲ့ အာချောင်လိုက်လို့ပဲလား၊ ဗွာန်မှူးကိုယ်တိုင်က ဗွာန်မှူးစိတ်အပြည့်ရှိလို့လား မဆိုနိုင်ဘူး ပရိသတ်ရေ. ၊ ဦးနောက်နောက် တစ်ကယ်ကို အချိန်ယူပြီး မြတ်ထွန်းယောက္ခမအိမ် ရောက်သွားတာ။ ဒေါ်အေးရီရီနဲ့ ဦးနောက်နောက်ဆိုတာကလည်း အရင်ရုံးရှေ့မှာ ကော်ဖီဘား ဖွင့်စဉ်ကတည်းက ရင်းရင်းနှီးနှီးကြီးကို ရင်းနှီးခဲ့ကြတာလေဗျာ။

"ဟာ့ . . . ကိုနောက်နောက် . ."

"ဟုတ်ကဲ့ မမအေး. . အဟဲဟဲဟဲ. . နေကောင်းကြတယ်နော်. ."

"ကောင်းပါ့ရှင်. . . ဒါပေမယ့် ခုတစ်လော သမီးနဲ့ မြေးနှစ်ယောက်ကြောင့် အရင်လို ဇိမ်မကျနိုင်ဘူး တော်ရေ. . ၊ တစ်ကိုယ်လုံး





ချွေးနဲ့ သေးနံ့တွေနဲ့ မွှန်နေပြီ၊ ခဏထိုင်ပါဦး. . . သန့်စင်ခန်း ဝင်မှဖြစ်မယ်၊ သမီးရေ. . . ရွှေရင်. . . ဒီမှာ ဦးနောက် လာတယ်ဟေ့၊ ကော်ဖီလေးဖျော်ပြီး ခဏလောက် ဧည့်ခံပေးပါဦး"

"အို. . . ရပါတယ် မမအေးရာ၊ ကျွန်တော်က သူစိမ်းမှမဟုတ်တာ. . လုပ်. . . သွား. . . သွား"

ဒါပေမယ့်လည်း ဒေါ်အေးရီရီ ရေချိုးခန်း ဝင်နေတုန်း ရွှေရင်အေးမြ ကော်ဖီဘန်းနဲ့ ထွက်လာပြီး ဧည့်ခံတယ်။

"ဦးနောက်. . . ကော်ဖီသုံးဆောင်ပါဦး"

"အေးကွာ. . . ကျေးဇူးပဲ၊ ညည်းတောင် နည်းနည်းပိန်သွားသလားလို့"

"ပိန်ဆို. . ကလေးနှစ်ယောက်က နို့ တစ်အားစို့တာ"

"အခု. . ဘယ်လောက်ရှိပြီလဲ!"

"အင်း. . အခါလည်ပေါ့၊ ကြည့်မလား. . အခုပဲ နို့တိုက်ပြီးသိပ်ထားလို့"

"ဟာ. . အိပ်ပါစေ၊ ဒါနဲ့ အစ်ကိုကြီးရော မမြင်ပါလား"

"ဖေဖေကတော့ ဒီလိုပါပဲ၊ ခုတလော မိသားစုက သိပ်အဆင်မပြေကြဘူး၊ စီးပွားရေးကလည်း အရင်လိုမဟုတ်တော့ ဖေဖေနဲ့မေမေလည်း တစ်ကျက်ကျက်ပဲ၊ စောစောကမှ ကားရောင်းလိုက်တဲ့ကိစ္စနဲ့ လင်မယားချင်း စကားများကြပြီး ဖေဖေ အပြင်ထွက်သွားတာ"

"ဩော်. . ကားရောင်းလိုက်ပြီလား၊ နောက်ထပ် မော်ဒယ်အမြင့်လေး ဝယ်ဖို့လား!"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဦးရယ်၊ လောလောဆယ် အကုန်လုံး ငုတ်တုတ် ထိုင်စားနေရတာ၊ ဖေဖေက ဦးသိတဲ့အတိုင်း ရိုးရိုးအေးအေး၊ စီးပွားရေး သိပ်သိတာ မဟုတ်ဘူး။ မေမေကတော့ နည်းနည်းနားလည်တယ်၊ အခု လည်း ကော်ဖီဘား ဖွင့်တုန်းက သူရင်းနှီးတဲ့ ပွဲစားတွေရှိတယ်လေ"

"အင်း.."

"အဲ့ဒီလူတွေနဲ့ ဆက်သွယ်ပြီး ကားအရောင်းအဝယ်လေး လုပ်ဖို့ စီစဉ်နေတာ၊ အိမ်က ကားကတော့ အရင်းအနှီးပေါ့... ကားတ ဝယ်လက်တည့်ပြီး ငွေပေါ်သွားပြီ၊ ပြန်ထည့်မယ့်ကားက အောက်ဈေး ခေါ်ဈေးလွဲနေလို့ မရသေးဘူး၊ ရှိတာလေးကလည်း အသုံးထဲ စိမ့်ဝင် နေတော့ ဖေဖေက မင်းပိုက်ဆံနဲ့ ထော်လာကျိပဲ ရတော့မယ်လို့ ပြောလို့ လင်မယားချင်း ထစကားများကြတာ"

အဲ့ဒီအချိန်မှာပဲ ဒေါ်အေးရီရီ လှလှပပ ပြင်ဆင်ပြီး ထွက် လာတယ်။ အဆင်မပြေဘူးပေတဲ့ ဒေါ်အေးရီရီရဲ့ မျက်နှာအလှက သာတုန်းပဲ၊ ဘားထိုင်တုန်းကလို အရောင်အသွေး အလိမ်းအခြယ်နဲ့ ရွှယ်နုတုန်းလို့ ဦးနောက်နောက်စိတ်ထဲ မှတ်ချက်ပေးမိတယ်။

"ကဲ.. ဆို၊ ဘယ်ကနေ ဘယ်လို မျက်စိလည်လာသတုန်း၊ အို.. ကော်ဖီသောက်လေ.. ကိုနောက်၊ အေးကုန်ပြီ"

"ရပါတယ် မမအေးရာ၊ မမအေး ကော်ဖီက အေးလည်း ချို တာပဲဗျ.. အဟတ်ဟတ်ဟတ်.."

အဲ့သလို အရယ်အရွှန်းနဲ့ပြောပြီး ဦးနောက်နောက် ကော်ဖီ ယူသောက်တယ်။ ပြီးမှ ပန်းကန်ပြန်ချပြီး..





"ဒါနဲ့ သမက်ကလေးနဲ့ရော အဆင်ပြေကြရဲ့ မဟုတ်လား၊ ဟို.. စပ်စုတာ မဟုတ်ဘူးနော၊ မမအေးက စိတ်ဆတ်တော့ ကျွန်တော့် တပည့် ဖိုးအေးနဲ့ အဆင်မပြေမှာစိုးလို့ပါ"

ရွှေရင်အေးမြ မျက်နှာက ပုံမှန်ထက်ဘာမှပိုပြီး မပြောင်းလဲ သွားပေမယ့် မျက်လုံးအကြည့်တွေက လွမ်းဆွတ်မှုရဲ့ အငွေ့အသက် တွေ ပြည့်ဝနေတယ်။ ဒေါ်အေးရီရီရဲ့ မျက်နှာကတော့ မော့ချီသွားပြီး ညစ်ကျယ်ကျယ်လေးပြုံးလိုက်တယ် ပရိသတ်ရဲ့။

"မပြောချင်ဘူးဆိုပေမယ့် ကိုယ့်လူရင်းမို့ ပြောရဦးမယ် ကို နောက်ရဲ့..၊ အခု သူတို့ လင်မယား ကွဲနေကြတာ ကြာပေါ့၊ မပြောဘူး လား... ရှင့်တပည့်က.."

"ဟင်.. ဟုတ်လား..၊ ကြည့်စမ်း.. ဒါကြောင့် ဒီကောင် မျောက်မှိုင်,မှိုင်နေတာ၊ မပြောဘူးဗျာ.."

"ဖြစ်တာက သူနဲ့မဟုတ်ဘူး၊ သူ့အမေနဲ့သမီးနဲ့ ဖြစ်ကြတာ၊ ကိုနောက်သိတဲ့အတိုင်း သူတို့က အခြေခံလူတန်းစား၊ ဒီက ရွှေလင် ဘန်းနဲ့ အချင်းဆေးတဲ့ အထက်တန်းလွှာ၊ အဲ့ဒီမှာ စရိုက်မတူတော့ သူသူငါငါ ဖြစ်ကုန်ရော...

အဲ့ဒါကို ဟိုက ယောက္ခမ သူဆင်းရဲ မုဆိုးအိုမကြီးက နှင်ချ သတဲ့၊ ဒီက မရွှေမာနခဲကလည်း ဆင်းလာသတဲ့.. အဲ့ဒီတော့ ကွဲကြ ရောပေါ့၊ ခုတော့ ဟိုကောင် ယိုထားသမျှ ချေးအကုန်လုံး ကျွန်မခေါင်း မှာ လာစုနေပြီ၊

တစ်နေ့တစ်နေ့ အဲ့ဒီအမြွာနှစ်ကောင်အလုပ်က အတော့်ငါ



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်တာ၊ နေထိုင်မကောင်းရင် သာတောင်ဆိုးသေး၊ ကိုယ့်မှာ စီးပွားရေးကိစ္စ၊ ချက်ရေးပြုတ်ရေးကိစ္စတွေနဲ့ သူ့အဖေက ဘာမှအားကိုးလို့ ရတာမဟုတ်ဘူး၊

မြေးကိုတော့ ထိန်းပါတယ်၊ အိမ်ရှေ့ပေါက် နှလုံးမြေကျထိုင်ပြီး ဒူးနှစ်ချောင်းထောင်. . ကလေးနှစ်ကောင် ပုဆိုးထဲထည့်ပြီး လှုပ်တာလေ၊ ဒါပဲ. . ကျန်တာ မသိဘူး၊ အိပ်မယ်၊ စားမယ်၊ မိန်းမအလစ်မှာ ပိုက်ဆံနှိုက်ပြီး ခွက်ပုန်းသွားချမယ်"

"ဟုတ်လား. . . အစ်ကိုကြီးက သောက်တတ်လို့လား!"

"အမလေး. . . ချိုးမှ ချိုးအစစ်၊ သူများလိုသာ ဆိုင်ထိုင်မသောက်တာ၊ တော်ကြာ. . တစ်ရာ၊ အိုး. . . တော်ကြာ တစ်ရာဖိုးနဲ့ နေကုန်ရင် တစ်ထောင်ဖိုးဆိုတာ အနည်းဆုံးပဲ. . "

"အင်းလေ. . ဒါပေမယ့် အစ်ကိုကြီးတော်ပါတယ်၊ သောက်ပေတဲ့ ပြဿနာမှမလုပ်တာ၊ တစ်ချို့ဘယ်ရမလဲ. . မူးရင် တအားဆိုးတာ. . . ကျွန်တော့်တပည့်တွေထဲ ချစ်တီးဆိုတာ တစ်ယောက်ရှိသေးတယ်၊ အရက်ဝင်တာနဲ့ ရစ်တော့တာပဲ. . . ကျွန်တော်ကတော့ ပစ်တီးပလိုက်တာ"

"ကျွန်မလည်း တီးမှာပဲလေ ပြောပြီးသား၊ မူးပြီး တက်လာလို့ကတော့ အရှိုင်မထားဘူး"

"ဒါကျတော့ မြတ်ထွန်းက တော်ပြန်ရော. . ၊ ဒီကောင် အသောက်အစားမရှိဘူး၊ ဘာပဲဖြစ်ဖြစ် မမအေးရယ်. . ကလေးကလည်း အမြွာဆိုတော့ မမအေးလည်း ပင်ပန်းပါတယ်၊ သူတို့ချင်းလည်း စကား





များကြတာမှ မဟုတ်တာ၊ ပြန်ပေါင်းပါစေလား. . "

"ဟင်. . ကျွန်မက ခွဲထားလို့လား. . သူ့ဘာသာကွဲတာ၊ အခုလည်းပေါင်းချင်ရင် လာပါ့လား. . သူ ယောက်ျားပဲ၊ ဘယ်နှစ်ပြား ချမ်းသာလို့ ဒင်းက အိုက်တင်ခံနေရတာလဲ၊ ကိုယ်ကပဲ ကန်တော့ပွဲနဲ့ ပြန်ပင့်ရမယ့် အပေါက်မျိုး. . ဟင်း. . အေးရီလို ယောက္ခမမျိုး ဒါမျိုးလာချိုးလို့ကတော့ နှာရိုး ရိုက်ချိုးပစ်မယ်မှတ်. . "

"မမအေး. . နှာခေါင်းရိုးနော်. . "

"အင်းပေါ့၊ နှာရိုး ဘယ်နှစ်ရိုးရှိလို့လဲ!. . "

"တစ်ရိုးတည်းပါဗျာ. . ဟားဟားဟားဟား၊ ကဲ. . ကဲ. . ကျွန်တော်လည်း အစည်းအဝေးရှိသေးလို့ ပြန်ဦးမယ်၊ အလွမ်းပြေ ကော်ဖီလေး သောက်ခွင့်ရလို့ ကျေးဇူးပါဗျာ"

"အဲ့. . အဲ့. . ဝဲ. . ဝဲ. . "

"ဟဲ့!. . . ကလေးနိုးနေပြီ"

"မေမေ. . တစ်ချက်ကြည့်လိုက်ဦး၊ သမီး ဦးနောက်ကို လိုက်ပို့ပြီး ခြံတံခါး ပိတ်လာခဲ့မယ်"

"အေး ဟုတ်တယ်. . နင့်အဖေ ပြန်မဝင်နိုင်အောင် သော့ပါခတ်ခဲ့"

အမှန်တော့ ရွှေရင်အေးမြ လက်ဆောင်စကား ပါးချင်တာပါ၊ ခြံထဲရောက်မှ သူမက . . .

"ဦးနောက်. . ပြောပေးပါလား၊ သူ့ကို ဒီနေ့ညနေဘောက်တွေ့ချင်တယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အာ. . ရတာပေါ့ကွာ၊ ဒီကို လွှတ်လိုက်ရမှာလား"

"ဟင့်အင်း. . . လမ်းထိပ်က ကားမှတ်တိုင်မှာ ဒီညနေ (၄) နာရီလို့"

"ဩော်. . အေး၊ စိတ်ချ၊ ကဲ. . သွားပြီ"






www.burmeseclassic.com

www.burmeseclassic.com





## အခန်း (ခြောက်)

ငါးနာရီဆိုတာ ညနေစာရင်းဝင် အချိန်မျိုးဖြစ်ပေမယ့် အပူချိန်မြင့်လာတဲ့ ကမ္ဘာမြေအတွက် မွန်းလွဲချိန်လောက်ကို ပူသေးတယ်။ ဒီနေ့ အထူးအခွင့်အရေးအနေနဲ့ ရုံးစောစော ဆင်းခွင့်ရလာတဲ့ မြတ်ထွန်းအတွက်တော့ ပူတာအေးတာတွေ ဂရုမစိုက်နိုင်သလို ကားမှတ်တိုင် နားနေဆောင်အောက်ကနေ တောင်ဘက်တစ်ဘက်တည်းကို ငေးငေးငိုင်ငိုင် ရပ်ကြည့်နေတယ်။

ဒီလိုနေ့ ဒီလိုအခွင့်အရေးမျိုး ဖြစ်လာအောင် ဦးနှောက်



www.burmeseclassic.com

www.burmeseclassic.com



နောက် ဖန်တီးပေးလိမ့်မယ်လို့. . မြတ်ထွန်းစိတ်ထဲ တကယ်ကို မမျှော်လင့်တာဗျ၊ တစ်ကယ်မယုံနိုင်တာ၊ သူ့ကို တမင် နောက်ပြောလွှတ်လိုက်တာများလားလို့တောင် သံသယဖြစ်မိတယ်။

စဉ်းစားကြည့် ပရိသတ်ရယ်. . . မုန့်လုံးကြီးနဲ့ သံပုယိုသီးများပြီး ဝါးမိတဲ့ ဘီလူးလို မျက်နှာနဲ့. . တစက်မှ အပြောမချိုဘဲ အဆဲအဆိုကို ရေသောက်သလို ဆဲနေတဲ့လူကြီးက. . မြတ်ထွန်းနဲ့ သူ့ဇနီးနီးစပ်ဖို့အရေး စေ့စပ်ပေးသတဲ့၊ အဲ. . . အဲ. . . ချိန်းတောင် ချိန်းပေးသတဲ့ ဆိုတော့ကာ. . .

"ဟင်၊. . ."

ဟင်ဆိုပြီး မြတ်ထွန်းကိုယ်ထဲ ထွန်းရွှေဝါတွေ စိမ့်ဝင်သွားသလို နွေးပူပူကြီး ဖြစ်လာတယ်။ ချက်ချင်းဆိုသလိုပဲ ဟိုဆရာကြီး တစ်ယောက်ရဲ့ ကဗျာကို ပြေးပြီး သတိရမိတယ်။

လေပြည်စက္ကန့်
ပန်းရနံ့တို့ ခေတ္တရပ်ပြုပေးကြပါ။
ဟိုမှာ. . .
ချစ်သူလာနေပြီ၊ တာ. . တာ. . တီ. . တီ. .

မြတ်ထွန်း အတော်ပျော်သွားတယ်၊ ကြည့်ပါဦးကွယ် ကလေးနို့ဆွဲလို့ ပါးလျှံ့ရွှဲနေတဲ့ ချစ်သူရဲ့ ခန္ဓာကိုယ်လေးက. . ခန်းဆီးစဇာပဝါကို ညနေအခါ လေပြည်တလေးတိုးဝှေ့သလို ရွှေ့ရွှေ့ကလေး လျှောက်လာနေလိုက်ပုံများ. . . လွမ်းအားပါပါနဲ့ ပြေးသာဖက်လိုက်လို့ကတော့ အရိုးတွေ အက်ကုန်မလားပဲ။





"အချစ်လေး. . ."

"မောင်. . ."

ဘယ်နှစ်ဘဝ ဝေးကွာပြီး ဘယ်နှစ်သက်စာ လွမ်းနေကြရသလဲဆိုတာ. . . လူရှေ့သူရှေ့ မကောင်းတတ်လို့ ဖက်မထားဘဲ ဆုပ်ထားမိတဲ့လက်တွေ သံဂဟေ ခဲဂဟေလို ဂဟေပေါင်းများစွာနဲ့ ကုဋေပေါင်းများစွာ ပိတ်ဆော်ထားသလို ခိုင်မြဲကုန်ကြတယ်။

"သားတို့ရော နေမှကောင်းကြရဲ့လား!"

"နို့ဘူးကြောင့် ဝမ်းနည်းနည်းပျက်ချင်နေတယ်၊ မနေ့ကတောင် ဆေးခန်းပြရသေးတယ်၊ မောင် အရမ်းနေနိုင်တယ်နော်"

"ထင်လို့လား အချစ်လေးရယ်၊ နေနိုင်တာထက် သေနိုင်တယ်လို့ ပြောတာကမှ မှန်တာ၊ မောင် သေချင်နေတော့တာ သိလား၊ ခုဆိုအိမ်မှာ အမေလည်းမရှိ၊ အချစ်လေးတို့ သားအမိလည်း မရှိနဲ့ ဘယ်လောက်တောင် အထီးကျန်နေရလဲဆိုတာ"

"အမေ ဘယ်သွားလို့လဲ!"

"မင်းတို့ သားအမိ ထွက်သွားကတည်းက မောင့်ကို ပြန်ခေါ်ခိုင်းတယ်၊ အိမ်ကိုလည်း မောင့်နာမည်နဲ့ လွှဲထားခဲ့ပြီး မောင်တို့ မိသားစု စိတ်ချမ်းသာအောင်နေ၊ သူ. . အစ်မကြီးအိမ် သွားနေမယ်ဆိုပြီး ထွက်သွားတာလေ"

ကြည့်လိုက်တော့ ရွှေရင်အေးမြ မျက်နှာလေးညှိုးပြီး မျက်ရည်ဝဲလာလို့ မြတ်ထွန်း လန့်သွားတယ်။ ဘုရားရေ. . . အမေ ထွက်သွားပေးတာ သူ့ဝမ်းသာရမှာ မဟုတ်ဘူးလား၊ အမေ့ကို သူ မလိုအပ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ. . မနှစ်သက်ဘူးလေ။

"ဒါ. . ဒါဆို မောင်တစ်ယောက်တည်းပေါ့"

"အင်းပေါ့"

"အဲဒါ ဘာလို့ လာမခေါ်တာလဲ!"

"အချစ်လေးရဲ့မေမေကို ကြောက်လို့ပေါ့ကွာ၊ သူက အစကတည်းက မောင်နဲ့မှ သဘောမတူတာ၊ ခုလိုဖြစ်ပြီဆိုတော့ မြင်တာနဲ့ သမမှာ၊ ဒါပေမယ့် အချစ်လေးတို့အိမ်ရှေ့ကို မောင် ညတိုင်းလိုလို ရောက်ပါတယ်ကွယ်၊ သားရဲ့ငိုသံကြားရတယ်၊ အမေ့အော်သံ ကြားရတယ်၊ ဟိုတစ်နေ့ညကဆို အဖေနဲ့အမေ အကြီးအကျယ် စကားများနေကြတာ မောင်ကြားနေရတာ"

"ဒါနဲ့များ မောင်ရယ်. . . ဝင်မလာဘူး. . . ဟင့်. . . အင့် . . ရှုတ်"

"အို. . . မငိုနဲ့လေ၊ ဟိုမှာ လူတွေနဲ့. . ကဲ. . . အချစ်လေး ပြောပါဦးကွယ်၊ မောင် အခု ဘာလုပ်မလဲဟင်!"

"မောင့်မှာ ပိုက်ဆံရှိသေးလား!"

"ရှိတယ်. . . နှစ်သောင်းလောက် ကျန်သေးတယ်၊ အကြွေးတွေတော့ တော်တော်ကျေသွားပြီ"

"ဒါဆို အခုတစ်ခါတည်း လိုက်လာပြီး ကျွန်မတို့သားအမိကို ခေါ်ပါလားဟင်"

"တ. . တကယ်လား!"

"တကယ်ပါ. . . မေမေ့အတွက် ကျွန်မတာဝန်ယူတယ်၊





မောင့်ကို အပြစ်ပြောလည်း နည်းနည်းသည်းခံလိုက်"

"ရတယ်. . . ရိုက်လည်း ခံတော့မယ်ကွာ၊ ဒီလိုကြီး ရင်ကွဲခံနေရတာမျိုးတော့ မခံနိုင်တော့ဘူး"

"လာ. . . မောင်. . . သွားစို့"

အဲ့ဒီအချိန်မျိုးမှာ ခရီးသည် နားနေဆောင် ခုံတန်းလျားပေါ် တစ်ယောက်ကိုတစ်ယောက် မျက်နှာလွှဲပြီး ထိုင်ကြတဲ့ စုံတွဲတစ်တွဲ မတိုင်ပင်ဘဲ ဝုန်းခနဲ ထရပ်လိုက်ကြတယ်။ ရပ်မိပြီးမှ သူတို့ဘာသာကြောင်အအဖြစ်ပြီး အမျိုးသားက. . .

"တွေ့လား. . . သူများမိန်းကလေးတွေ ဘယ်လောက်ကြင်နာတတ်သလဲ!"

"ရှင်ရော မကြားဘူးလား. . သူများယောကျ်ားတွေ ဘယ်လောက်သိမ်မွေ့သလဲ!"

"သူကသူ. . . ငါကငါကွ"

"ကျွန်မလည်း ဒီအတိုင်း. . . "

"အေး. . . အဲ့ဒါဆို နေကွာ"

"အမလေး. . . နေသာသမှ လေညာက. . . ဟွန်း"

အဲ့ဒီနောက် ပြိုင်တူပြန်ထိုင်ပြီး မျက်နှာပြန်လွှဲကြပြန်တယ်။ ဒါကို မြတ်ထွန်းတို့ ခပ်ကြောင်ကြောင် ငေးမိပြီးမှ နှစ်ယောက်သား ပြုံးကြပြီး ထွက်လာခဲ့ကြပါတော့တယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ခြေရှေ့ ကားရပ်သံကြားလို့. . ဒေါ်အေးရီရီနဲ့ ဦးရွှေမြတို့ ကလေးတစ်ယောက်စီ ပိုက်ပြီး ထွက်ကြည့်ကြတယ်။

"ဟာ. . . နင့်သမီးဟ၊ ဟိုဘက်က ဘယ်သူပါလိမ့်. . ဩော် မောင်မြတ်ထွန်း"

ဦးရွှေမြမျက်နှာ ပြုံးလက်လာပေမယ့် ဒေါ်အေးရီရီရဲ့မျက်နှာ မဲ့ရွဲ့တက်သွားတယ်။

"ဒင်နှ့ လာသေးတယ်ပေါ့"

"မိန်းမကြီးလည်းကွာ. . စကားကို အဆင်ပြေအောင် ပြောစမ်း"

"မပြောနိုင်ဘူး. . ရှင့်သားသမက်ကို ဘုရားလုပ်ပြီး ထိုင်ကန်တော့နေ"



"တယ်. . . ငါ ထကန်လိုက်ရ"

"ကန်ကြည့်လေ"

ဧည့်ခန်းအဝင်ဝမှာပင် လင်မယားနှစ်ယောက် ဗူးဝါးဖြစ်နေကြလို့ မြတ်ထွန်းတို့ မျက်နှာငယ်လေးတွေနဲ့ ရပ်နေကြတယ်။ အဲ့ဒီ အချိန်မှာ ဦးရွှေမြက. . .

"လာလေကွာ လူလေးရ၊ ရော့. . . ဒီမှာ အကြီးကောင်"

မြတ်ထွန်း ကပျာကသီ ပြေးပွေ့ပြီး အားပါးတရ နမ်းရှုပ်ရင်း နောက်ထပ်အငယ်ကောင်ကို လှမ်းကြည့်နေလို့ ဒေါ်အေးရီရီ ချာခနဲ လှည့်. . ဧည့်ခန်းထဲ ဝင်သွားတယ်။ ဒါပေမယ့် ခြေလှမ်းသုံးလှမ်းဘာ လောက်ပါပဲ၊ နှာခေါင်းလေးရှုံ့ မျက်နှာလေးမဲ့ပြီး ကလေးရဲ့အောက်ပိုင်း ကို စမ်းကြည့်လိုက်တယ်။

"အမလေး. . သွားပါပြီ. . အိုး. . နံလိုက်တာ၊ လုပ်ကြပါဦးဟဲ့!. . ရွှေရင်"

"ရှင်"

"ဒီမှာ. . . နင့်သား ငါ့အပေါ် ချေးပါချလိုက်ပြီ၊ အမသေးနော်. . . ရွံလိုက်တာ ဒုက္ခပါပဲ"

မြတ်ထွန်း အဲ့ဒီအဖြစ်ကို ကြည့်ပြီး အမေ့ကို လွမ်းသွားတယ်၊ အမေကတော့ ထမင်းစားရင်းတန်းလန်းနဲ့တောင် ကလေးဝမ်းသွားရင် ကိုယ်တိုင်ထလုပ် ထဆေးတာ။ ရွှေရင်အေးမြက အားနာလို့ တစ်ခါ တစ်လေ လုပ်ပေးရှင်တောင် စိတ်မချဘူး။ ဆေးကြောပေးလို့ ပြောင် ရင် ကလေးအသားတွေ အပူလောင်တာ အနာဖြစ်တာမျိုးကို မြင်မှာ[illegible]

www.burmeseclassic.com



ကိုယ်တိုင်ဆေးကြော၊ ပြီးရင်. . . ပေါင်ဒါထည့်၊ တကယ့်ကို မိခင်စိတ်ကြီးမားတဲ့အမေပေါ့။

ရွှေရင်အေးမြ ကလေးကိုခေါ်ပြီး ဆေးကြောပြီးမှ အဝတ်လဲပေးရင်း ဧည့်ခန်းထဲ ပြန်ရောက်လာတယ်။ ဒေါ်အေးရီရီကတော့ သူ့အဝတ်သူလဲပြီး သူတို့ရှိနေတဲ့ ဆက်တီဝိုင်းကို မလာဘဲ တီဗွီဖွင့်ပြီး ဒရင်းဘက်နဲ့ သွားထိုင်နေတာယ်လေ။

ဦးရွှေမြက. . .

"လူလေး အခုလာတဲ့အစီစဉ်က. . ."

"ကျွန်တော် သူတို့သားအမိကို ပြန်ခေါ်သွားချင်ပါတယ်. အဖေ. . . ခွင့်ပြုပေးပါ။ နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူးလို့လည်း ကတိပေးပါတယ်၊ ပြီးတော့. . အဖေ့ဆန္ဒနဲ့အညီ ကျွန်တော် ဂရုစိုက်စောင့်ရှောက်ပါ့မယ်"

"အေး. . . အေး. . . ဟုတ်ပြီကွာ၊ အဖေလည်း ဒီလိုပဲ ကြားချင်တယ်"

အဲ့ဒီနောက် ဦးရွှေမြက ဒေါ်အေးရီရီဆီ လှမ်းကြည့်ပြီး. . .

"အေးရီရေ. . . မင်းမြေးတွေကို ပြန်ခေါ်သွားတော့မယ်တဲ့"

"ကြိုက်တာလုပ်. . . စိတ်ကို မဝင်စားဘူး"

ရွှေရင်အေးမြ မျက်ရည်ဝဲခနဲ ဖြစ်သွားလို့ မြတ်ထွန်းက နွေးထွေးတဲ့လက်တွေနဲ့ ဆုပ်ကိုင်ပြီး နှစ်သိမ့်လိုက်တယ်။

"ကဲ. . . မောင်တို့ အဖေနဲ့အမေကို ကန်တော့ကြရအောင်"

ပြောပြီး မြတ်ထွန်းကပဲ ဦးဆောင်ပြီး ကြမ်းပြင်ဆင်းထိုင်၊





ကလေးကို ဘေးမှာချ၊ ကန်တော့ဖို့ပြင်တဲ့အတွက် ရွှေရင်အေးမြလည်း မျက်ရည်စက်လက်နဲ့ လုပ်ရတာပေါ့။

"မိဘတွေ စိတ်ဆင်းရဲအောင် ပြုမိတဲ့ ကျွန်တော်တို့ကို တစ်ကြိမ်တစ်ခါ မိုက်မဲမှုလို့ သဘောထားပြီး ခွင့်လွှတ်ပေးကြပါ"

"အေး. . . ခွင့်လွှတ်ပါတယ်ကွာ၊ ငါ့သား ငါ့သမီးနဲ့ ဒီမြေးတွေ အသက်တာအဆုံး ပျော်ရွှင်မဆုံးအောင် အတူတကွ နေထိုင်ပေါင်းစည်းနိုင်ကြပါစေလို့ အဖေ ဆုပေးပါတယ်ကွာ၊ မင်းတို့အမေ ကောက်ကြီးဆန့်,ဆိက ဘာဆုမှ မျှော်မနေနဲ့. . အချိန်ရှိတုန်းသာ သွားကြပေတော့"

"ရှင် ဘာစကားပြောတာလဲ၊ မပြောချင်လို့ ကျောခိုင်းနေတာ၊ ပြောရင် တယောသံရော ပြောသံပါ ညံသွားမယ်. . . လာမဆွနဲ့"

"ရပါတယ် အမေ၊ တယောသံ ပြောသံမှ မဟုတ်ပါဘူး၊ အမေ့စိတ်ထဲ ပေါ့ပါးသွားအောင် ပေါက်ဆိန်နဲ့ ပေါက်မယ်ဆိုလည်း လည်စင်းပေးဖို့ ဆုံးဖြတ်ပြီးမှ ရောက်လာတာပါ၊ အမေ ဆုံးမပေးပါ"

"ဟင်း. . . မလိုပါဘူး၊ ငါ့ရှေ့က ထွက်သွားပေးရင် ရပြီ"

ရွှေရင်အေးမြလက်ထဲက ကလေးကို သူ့အဖေလက်ထဲ လွှဲပေးလိုက်တယ်။ အဲ့ဒီနောက် အခန်းထဲ ဝင်သွားပြီး ကလေးအဝတ်နဲ့ သူမအဝတ်အထည် အသုံးအဆောင်တွေ ခရီးဆောင်သေတ္တာကြီးနဲ့ ထည့်သိုပါတော့တယ်။

"ငါ့နှုတ်ခမ်းနီဘူးနဲ့ မိတ်ကပ်ဘူးတွေ လုံးဝယူသွားဖို့ မစဉ်းစားနဲ့နော်. . . ဒါပဲ၊ ရေမွှေးဘူးတွေရော ထားခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးရိရိ လှမ်းအော် သတိပေးတဲ့အတိုင်း တစ်ခုမှ ယူမလာဘဲ သေတ္တာဆွဲပြီး ထွက်လာတဲ့ ရွှေရင်အေးမြကို ဒေါ်အေးရိရိ အောက်သိုးသိုး လှမ်းကြည့်မိပြီးမှ အံ့အားသင့်သွားတယ်။ အလှပြင်ပစ္စည်းအကူ တစ်ခုမှ မပါဘဲ သနပ်ခါးအဖွေးသား ပါးကွက်ကြားလေးနဲ့ မြင်လိုက်ရလို့ပါ။

"သာမန်ရုံးစာရေးတစ်ယောက်ရဲ့ဇနီးမယားဆိုတော့ သနပ်ခါးနဲ့ပဲ သင့်တော်ပါတယ်၊ သမီး အားလုံးထားခဲ့တယ်"

"ဘာ!. . . နင် ငါ့ကို ရွဲ့တာလား ကောင်မ"

အော်ဟစ်ရင်း ဝုန်းခနဲ ခုန်ထလာလို့ ဦးရွှေမြက. . .

"ဟော့. . . နင် ငါ့သမီး ထိလို့ကတော့ အသေပဲကွ. . . လုပ်ကြည့်စမ်း"

"စိတ်လျှော့လိုက်ပါ အဖေရယ်၊ အမေ စိတ်မကြည်လင်လို့. . ."

"ဟိုကောင်. . . နင့်ပါးစပ်ပိတ်ထား၊ သွား. . . နင်တို့ ငါ့ရှေ့က မြန်မြန်ထွက်သွားကြ. . . သွား"

မြတ်ထွန်း ကလေးကို ချီပြီး ရွှေရင်အေးမြ လက်ထဲက သေတ္တာကို ဆွဲလိုက်တယ်။ အဲ့ဒီနောက်တော့ လင်မယားနှစ်ယောက် ကလေးတစ်ယောက်စီနဲ့ ခြံရှေ့ စောင့်ခိုင်းထားတဲ့ကားရှိရာ ထွက်လာခဲ့ကြပါတော့တယ်။

ဦးရွှေမြ ခြံဝအထိ လိုက်ပို့ပြီး နှုတ်သိမ့်တယ်။

"အဖေ မကြာမကြာ လာမှာပေါ့ကွာ၊ အားမငယ်ကြနဲ့. . .





ကြားလား"

"ဟုတ်ကဲ့ပါ"

ကားထွက်လာမှပဲ ရွှေရင်အေးမြ သူ့ပခုံးပေါ် ခေါင်းမှီချပြီး အားပါးတရ ငိုတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၃၇)

**မျက်**ခန်း လန့်နိုးလာတဲ့ မနက်ခင်းလေးထဲ မီးဖိုခန်းဖက်က ရှဲခနဲမြည်သံ၊ အိုးခွက်ပန်းကန် ထိခတ်သံနဲ့ ယောက်မနဲ့ ဒယ်အိုး ပွတ်ဆွဲမိသံတွေ ထွက်နေလို့ မြတ်ထွန်းငုတ်တုတ်ထထိုင်တယ်။ အမေ ဘာတွေကြော်လှော်နေပါလိမ့်။ ကြက်သွန်ဆီသတ်တဲ့ အနံ့လေးကလည်း မွှေးလို့၊ ဟာ. . မဟုတ်သေးပါဘူး။

အမေမှ အိမ်မှာ မရှိတာ. . ။ မြတ်ထွန်းမျက်လုံးကျယ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘေးကိုကြည့်လိုက်တော့ ရွှေရင်အေးမြမရှိတော့ဘူး။ သားနှစ်ယောက်လည်း ပုခက်တစ်လုံးစီနဲ့ အိပ်မောကျလို့။ ဟော. . . ဒါဆို. . ။

မြတ်ထွန်းခုတင်ပေါ်က အသာဆင်းလာပြီး အခန်းတံခါးလေးဖွင့်ဟ ချောင်းကြည့်တယ်။ အလိုလေး. . ငါ့ရဲ့အချစ်လေး မီးဖိုခန်းထဲဝင်နေပါပေ့လား။ မြတ်ထွန်း ဒီလောက်နဲ့ ပီတိမဖြာနိုင်တော့ဘဲ အခန်းတံခါးဖွင့်ပြီး မီးဖိုခန်းထဲ ပြေးမဝင်ရုံတမယ် ရောက်သွားတယ်။ ဘုရားသခင်. . . ကြက်သွန်နီ ဆီသတ်ပြီး ငါးခြောက်ကြော်ဖို့ လုပ်နေတာပဲ။

"ဟာ. . အချစ်လေး. . မင်းမလုပ်တတ်လုပ်တတ်နဲ့ ဆီပူတွေလောင်ကုန်မှာပေါ့ကွ၊ ဖယ်. . ဖယ်. . မောင်လုပ်မယ်"

"ရပါတယ်မောင်ရဲ့၊ မောင့်အတွက် အမေထမင်းချိုင့်ပြင် ပေးတော့. . ဒီလိုပဲလုပ်တာလေ။ မောင်က ငါးခြောက်ကြော်ကို ကြက်သွန်နီ ဆီသတ်တဲ့အနံ့လေး ပါမှ ကြိုက်တာတဲ့. ."

(ဘုရားသခင်. . . မင်း. . ရွှေရင်အေးမြရော ဟုတ်ရဲ့လားကွယ်. .)

မျက်နှာသနပ်ခါးဝင်းဝင်းလေးနဲ့ ဆံပင်ရှည်ကြီးကိုလည်း ခါတိုင်းလိုဖြန့်မထားဘဲ တစ်ပတ်လျှိုဘီးဆံထုံးနဲ့ မီးဖိုထဲ ဆောင့်ကြောင့်ထိုင်ပြီး ဖယ်ဆွက်သလို လုပ်နေတာလည်းကြည့်ဦး. . ။

တကယ့်အိမ်ရှင်မကြီးကျနေတာလေ၊ အဟတ်ဟတ်ဟတ်. . ချစ်လိုက်တာ မိန်းမရာ. . ။

"ရွှတ်. ."

"အိုး. . မောင်. ."





"ဂုဏ်ပြုတာပါကွာ. . မောင်တစ်ကယ် မထင်မိဘူး"

ရွှေရင်အေးမြ ရှက်သွေးဖြာတဲ့မျက်နှာလေးနဲ့ ပြုံးပြီး. . ငါးခြောက်ကြော်အိုးလေးချ၊ ရေနွေးအိုးလေး တင်လိုက်တယ်။

"အမေ့ကို ပြန်ခေါ်ကြရအောင်. ."

"ဘာရယ်. ."

မြတ်ထွန်း လန့်သွားတယ်။

"ဒီအလုပ်ကို မနက်တိုင်း အမေလုပ်နေကျလေ. .၊ အမေလုပ်ကိုင်နေတာကို ခိုးခိုးကြည့်မိလို့ ကျွန်မဒီလိုလုပ်တတ်တာ၊ လုပ်ကြည့်တော့လည်း ပျော်စရာပါမောင်ရယ်. .၊ တကယ်တော့ သူဌေးသမီးမို့လို့ မချက်တတ်မပြုတ်တတ်ဘူးဆိုပြီး စတိုင်ထုတ်နေမယ့်အစား မိန်းမသဘာဝအတိုင်း ကိုယ့်တာဝန်ကိုယ်ယူနိုင်အောင် သင်ယူလိုက်တာဟာ ဘယ်အရွယ်ရှိနေနေ နောက်မကျပါဘူး. ."

"မိန်းမ. . မင်း. . ."

"မောင် မယုံကြည်နိုင်တာ ကျွန်မသိပါတယ်၊ တကယ်တော့ ဒီလိုသင်ခန်းစာမျိုးကို အမေနှစ်ယောက်ဆီက ရခဲ့တာလေ၊ ကျွန်မအမေဟာ ပြည့်စုံတဲ့အသိုင်းအဝိုင်းက ကြီးပြင်းခဲ့ရလို့ အသင့်ရနိုင်တဲ့အတွေ့အကြုံပဲ ပေးနိုင်တယ်လေ၊

မောင့်အမေက မပြည့်စုံတဲ့ အသိုင်းအဝိုင်းကဆိုတော့ ဖန်တီးယူမှ ရတဲ့ အတွေ့အကြုံကို ပေးတယ်၊ တကယ်တမ်း ကိုယ့်ဘဝကိုလက်တွေ့ကျကျ ထူထောင်တဲ့အခါ. .၊ ခုလိုမပြည့်စုံရင် ဖန်တီးယူရတဲ့ အတွေ့အကြုံက အရမ်းကို အဖိုးတန်တာလေ မောင်ရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ကျွန်မကိုယ်တိုင် ချက်ပြုတ်ထားတဲ့ ထမင်းဟင်းလေးတွေနဲ့ အမေ့ကို ကျွေးချင်စိတ်ဖြစ်လာတာ၊ ပြီးတော့. . အမေနှစ်ယောက်ရဲ့ ဂရုစိုက်ပေးမှုက အခြေအနေနှစ်ခုအပေါ်မှာ ကွာခြားမှုလေးတွေ ရှိလာတယ်၊

ကျွန်မအမေကတော့ ဘဝတစ်လျှောက်လုံး ပေါ့ပါးလာတဲ့သူမဟုတ်လား၊ အဲ့ဒါကြောင့် လေးလံတာကို မကြိုက်ဘူး၊ မောင့် အမေကတော့ လေးနေတာကို အပြုံးနဲ့ သယ်ပိုးချင်ခဲ့တယ်၊ အဲ့ဒီတော့ နွေးထွေးမှုရဲ့အရသာဟာ သိသာသွားတယ်"

"အချစ်လေးရဲ့မေမေကို စိတ်ပျက်နေတာလားဟင်!"

"ဟင့်အင်း မောင်၊ ဒါဟာ အခြေခံသဘာဝမတူညီမှုရဲ့ အစွန်းထွက်သဘောတွေပါ။ အမေမှန်ရင် ဘယ်အမေမှ သားသမီးကို မနှစ်မွန်းစေချင်ကြဘူးလေ၊ အင်မတန်အလှမက်တဲ့ ကျွန်မတောင် ခန္ဓာကိုယ်အလှပျက်သွားမှာ မကြောက်ဘဲ သားနှစ်ယောက်ကို တစ်ပြိုင်တည်း နို့တိုက်ချင်ခဲ့တာ မိခင်မေတ္တာလေ မောင်ရဲ့. . "

မြတ်ထွန်း အားမလိုအားမရစိတ်နဲ့ ဇနီးသည်ကို ပွေ့ဖက်ထားမိတယ်။

"ကဲ. . မောင် မျက်နှာသစ်တော့လေ၊ ပြီးရင် အဆာပြေ ရေနွေးကြမ်းနဲ့ ငါးခြောက်လေးနဲ့ ထမင်းကြမ်းစားကြမယ်၊ မောင့်အတွက် ထမင်းချိုင့်လည်း အဆင်သင့်ဖြစ်ပြီနော်. . ၊ ဒါပေမယ့် ကျွန်မ ဈေးကပြန်လာမှ မောင်. . ရုံးသွားရမယ်သိလား. . "

"ကောင်းပါပြီ အိမ်ရှင်မကြီးရယ်. . "





ဘဝဆိုတာ ဒါပါပဲ ပရိသတ်ရယ်. . ၊ ရှိခြင်းမရှိခြင်းထက် သိခြင်းက သိပ်ကို အဓိကကျတယ်။ အဲဒီသိခြင်းဟာ မရှိခြင်း(ဆုည)ပဲလို့ ပြောရင်ကော ရှုပ်သွားမလား။ တစ်ခါတုန်းက လူပညာရှိ ဦးမင်းကြီးကို တပည့်သားတစ်ယောက်က မေးဖူးတယ်။

"ဆရာကြီး. . ကျွန်တော်ဟာ အရမ်းကြီးပွားချမ်းသာချင်တဲ့သူပါ. . ၊ ဘဝတစ်လျှောက်လုံး စီးပွားကောင်းတွေနဲ့ ပြည့်စုံအောင် ရှာဖွေလည်း တစ်ခုခုတော့ လိုအပ်နေတာပါပဲ၊ အဲဒါကြောင့် ဘယ်လိုရှာမှ ဘယ်တော့ပြည့်စုံမလဲ. . " လို့ မေးတယ်။

လူ့ပညာရှိ ဦးမင်းကြီးက ဖြေတယ်။

"ဘယ်လိုမှ မရှာဘဲ ဘာမှမရှိတော့မှ ပြည့်စုံမယ်" တဲ့။ အဲဒီအဖြေကို တပည့်ဖြစ်သူက အလိုမပြည့်ဘူး။ ဘာကြောင့်မှန်းလည်း မသိဘူး။ ပညာရှိတွေကတော့ သိတယ်။ လိုချင်နေသရွေ့ ဘယ်တော့မှ မပြည့်စုံဘူးဆိုတာကိုပေါ့။ အဲ. . ဘာမှ မလိုချင်တော့ဘူးဆိုမှ ပြည့်ဝလာတယ်။ လိုမှမလိုတော့တာ. . ပြည့်စုံပြီပေါ့။

ဒီစကားကို ချုပ်ရရင် ရောင့်ရဲတင်းတိမ်မှုပဲ၊ မြတ်ထွန်းတို့ ဘဝလေး ဘာမှမရှိပဲ ပြည့်စုံနေတာဟာ ရောင့်ရဲတင်းတိမ်နိုင်မှုပဲလေ စိတ်မကောင်းစရာက မရောင့်ရဲနိုင်မှု၊ လိုချင်တပ်မက်မှုတွေ ပြည့်နေတဲ့ ဒေါ်အေးရီရီကတော့ အပေါင်ဆုံးသွားတဲ့ တိုက်ပေါ်က ဆင်းပေးခဲ့ရပြီး ကားရောင်းတုန်းက ကျန်နေသေးတဲ့ ငွေကလေးနဲ့ တိုက်ခန်းငှါးနေပြီး ဟန်းဖုန်းအရောင်းအဝယ် လုပ်နေရသတဲ့။

ဒါပေမယ့် ဦးရွှေမြက အိမ်အလည်လာရင်း ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့အမေ. . တစ်နေ့ မင်းတို့ဆီရောက်လာလိမ့်မယ် အဲ့ဒီအခါ ပစ်မထားကြပါနဲ့ကွာ. .”

နောက်တစ်ပတ်ရုံးပိတ်ရက်ရောက်တော့ ရွှေရင်အေးမြ ဆန္ဒအတိုင်း မြတ်ထွန်းတို့အမေကို ပြန်ခေါ်ဖို့ တောင်ဒဂုံကို သွားကြတယ်။

မိခင်စိတ်ကြီးမားတဲ့အမေလေး. .၊ ချွေးမက မျက်ရည်စက်လက်နဲ့ တောင်းပန်ပြီး ကန်တော့လို့ အမေလည်း မျက်ရည်ဝဲပြီး ပြုံးတယ်။ ဒါပေမယ့် ပြန်မလိုက်တော့ပါဘူး။

“အမေ ဒီမှာအဆင်ပြေပါတယ်ကွယ်၊ သမီးကိုလည်း အမေ ခွင့်လွှတ်တယ်၊ သမီးတို့ မိသားစုပဲ အေးအေးချမ်းချမ်းနေကြပါ၊ အထူးမှာချင်တာက အမေတွေအားလုံး ကျေးဇူးရှိကြတယ်၊ ဒီအမေ ပြုစုခွင့်မရလည်း ဟိုအမေကို ပြုစုကြ၊ အမေနဲ့ ခမက်ကြီးလည်း တွေ့ပြီးကြပြီဆိုတော့ အကြောင်းစုံသိပြီးပြီ၊ အမေလည်း မြေးတွေသတိရတဲ့အခါ လာမှာပေါ့ကွယ်. .”

အပြန်မှာ ရွှေရင်အေးမြ ငိုလာတယ်။ အမေ့စိတ်နှလုံးကို ဘာကြောင့် နားမလည်ခဲ့ရတာလဲလို့ ဘာသာအပြစ်တင်တယ်။ မြတ်ထွန်းကတော့ ချော့တာပေါ့. . သူ့အတွက်တော့ အရာရာပြည့်စုံတယ်။ ဘာမှ နောက်ထပ်မလိုချင်တော့လောက်အောင် ပြည့်စုံနေတဲ့အတွက် ဇနီးသည်ကို အံပြုံးနဲ့ပဲ နှစ်သိမ့်နိုင်ခဲ့တယ်။

အဲဒီအချိန်မှာပဲ ရွှေရင်အေးမြဆီက ရင်ထဲ အေးခနဲဖြစ်သွားအောင် ကြည်နူးဆွတ်ပျံ့ဖွယ်ရာ စကားလေးတစ်ခွန်းကြားလိုက်ရပါတယ်။



“ကျွန်မ. . မောင့်အမေလို အမေမျိုးပဲ ဖြစ်ရမယ်မောင်”

မြတ်ထွန်း အသံတိတ်လေး ကြိတ်ပြီးရယ်နေတယ်။ ဒါကို ရွှေရင်အေးမြ မြင်တော့ နှုတ်ခမ်းလေး စူပြီးမေးတယ်။

“ဘာလဲ. . မောင်က မယုံဘူးပေါ့”

“မဟုတ်ပါဘူးကွာ. . . ယုံပါတယ်၊ မောင်လည်းလေ. . . မောင်လည်း. . . ယောက္ခမထီးကြီးလို အဖေမျိုး ဖြစ်ချင်တယ်”

“ဘာရယ်. . . ကြည့်စမ်း၊ မောင်လည်း အဖေ့လို အမေ မသိအောင် ခိုးသောက်မယ်ပေါ့လေ. . . ဟင်း”

“ဟာ. . . မဟုတ်ရပါဘူးကွာ၊ အဖေ့မှာ ပြောစရာဆိုလို့ သောက်တတ်တာလေးတစ်ခုပါ၊ ဒါလည်း ဘယ်သူ့မှ ပြဿနာမလုပ်တဲ့ သောက်ခြင်းမျိုးဆိုတော့ ခွင့်လွှတ်မယ်ဆိုရင်တောင် ခွင့်လွှတ်လို့ရပါတယ်”

“အို. . . ခွင့်မလွှတ်နိုင်ပါဘူး၊ အခုကတည်းက ကြိုပြောထားမယ်၊ မောင် မွေးထားတာက သားတွေနော်၊ အဲဒီအတွက် ဒီအဖေဆီက အကျင့်ဆိုးတစ်ခုမှ အပါမခံနိုင်ဘူး”

“မောင်လည်း မပေးနိုင်ပါဘူး အချစ်လေးရာ၊ ပြောချင်တာက ချစ်လေးအဖေရဲ့ အတုယူစရာ သဘောကြီးမြတ်တဲ့စိတ်ကွ သိရဲ့လား၊ အမှန်အတိုင်းပြောရရင် အဖေ့ရဲ့စိတ်ရင်းကြောင့် တို့လင်မယား ပြန်ပေါင်းထုတ်ရတာလို့လည်း ပြောနိုင်တယ်၊ အဲဒါကြောင့် သားတွေအတွက် ဒီအဖေက သဘောထားပြည့်ရမယ်၊ နောင်. . ချွေးမလေးနဲ့ ပတ်သက်ပြီး ခမည်းခမက် သမီးသမက် ကိစ္စတွေမှာ အဖေ့လိုပဲ အမြဲ

www.burmeseclassic.com



ရှင်းရှင်း သဘောကြီးကြီး အဆုံးအဖြတ်ကြီးတွေ ဖြတ်နိုင်အောင် ကြိုးစားရမယ်၊ ဒါ. . ဒါပြောတာ"

"ပြီးရော. . . ကျွန်မကတော့ အမေနှစ်ယောက်ဆီက ပညာကုန် ရထားပြီးသား အမေဖြစ်လို့. . ဟော်ဒီသားတွေကို သူ့အဖေလို အူတူအတ မဖြစ်အောင် သွန်သင်ရမှာပဲ"

"အံမာ. . . အံမာ. . . တယ်ပြောအားရှိနေပါလား"

နောက်ဆုံးတော့လည်း မြတ်ထွန်းတို့ရဲ့ချစ်ခြင်းဟာ အပြစ်ကင်းစွာနဲ့ အဖြေထုတ်နိုင်လာကြတယ်။

"အချစ်လေး"

"ဘာလဲဟင်!"

ရွှေရင်အေးမြက ပုခက်တစ်လုံးစီမှာ အိပ်ပျော်နေတဲ့ သားနှစ်ယောက်ကို ခြင်ထောင်ချပေးပြီး မြတ်ထွန်းရှေ့မှာ လာထိုင်တယ်။

"မောင် မတွက်နိုင်တော့ဘူးထင်တဲ့ မသိကိန်းတစ်လုံးပုစ္ဆာက အဖြေထွက်သွားပြီ"

"ဘာပုစ္ဆာလဲ!. . . ကျွန်မ သဘောမပေါက်ဘူး"

"ဒီလိုကွာ. . .  ဥပမာ--မသိကိန်း = နားလည်မှု ဆိုပါစို့

ဆင်းရဲခြင်း = နားလည်မှု ဆိုရင်

ချမ်းသာခြင်း = နားလည်မှု ဖြစ်သင့်တယ်၊

အဲ့ဒါဆိုရင်  နားလည်မှု = နားလည်မှု ဖြစ်တဲ့အတွက်

ဆင်းရဲခြင်း = ချမ်းသာခြင်း ဖြစ်သွားမယ်၊

အဖြေက  ဆင်းရဲခြင်း + ချမ်းသာခြင်း = နားလည်မှု





ပေါ့ကွ. . . ဟုတ်တယ်မဟုတ်လား!"

"အင်းလေ. . . ဒါက ရှင်နဲ့ကျွန်မရဲ့ အဖြေကိုး၊ တခြားသူတွေအတွက်ရော အမြဲမှန်ပါ့မလား၊ လောလောဆယ် ကျွန်မတို့အတွက်ဆိုတာတောင် ဒီအဖြေက သိပ်သေချာသေးတာ မဟုတ်ဘူး"

"ဟေ. . . ဘာဖြစ်လို့လဲ!"

"မေမေလေ. . . မေမေနဲ့ မောင်တို့သားအမိကို ညီမျှခြင်း ထိုးလို့ရပြီမို့လို့လား"

မြတ်ထွန်း ငြိမ်သွားတယ်။

ဘာရယ်မဟုတ်ဘဲ ဆေးလိပ်ခွက်ထဲ ကျန်နေတဲ့ အမေ့ဆေးပေါ့လိပ်တိုကို မီးညှိဖို့ လုပ်တော့ ရွှေရင်အေးမြက ဆတ်ခနဲ လှမ်းယူပြီး လွှင့်ပစ်လိုက်တယ်။

အဲ့ဒီတော့ မြတ်ထွန်း ခေါင်းကုတ်ရင်း. . .

"မနက်ဖြန် မောင် ချစ်လေးမေမေ့ကို သွားကန်တော့မယ်"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ရုံးပိတ်ရက်မဟုတ်လို့ ရုံးဆင်းမှပဲ သွားနိုင်တဲ့အတွက်. . ယောက္ခမတွေနေတဲ့ တိုက်ခန်းကို ရောက်တော့ (၇)နာရီလောက် ရှိနေပြီ။

သီတာလမ်း ခုနစ်လွှာမှာ နေကြတာပါ။ ကလေးတစ်ယောက်စီ ပွေ့ပြီး အခန်းရှေ့ ရောက်သွားချိန်မှာပဲ. . အထဲက လွင့်ထွက်လာတဲ့ စကားသံတွေကို မြတ်ထွန်းတို့ မျက်လုံးမျက်ဆန်ပြူးစွာနဲ့ပဲ ကြားလိုက်ရတယ်။

ပထမဦးဆုံး ကြားရတာက ဒေါ်အေးရီရီရဲ့ ရှိုက်ကြီးတငင်နဲ့ ငိုသံပါ။ နောက်တော့ ဦးရွှေမြ။

"မင်း ခုမှ ငိုနေလည်း အပိုပဲ အေးရီ အစကတည်းက စဉ်းစားသင့်တယ်"

"ကျွန်မလည်း ဒီလိုအလိမ်ခံရရင် လုပ်ပါ့မလား. . ဟင့်. .





အင့်. . ၊ စီးပွားရေးဆိုတာ ထောင်မြင့်ရာစွန့် လုပ်ရတာချည်းပဲ. . ဟီး အီး. . ၊ ဒါ ငါ့အိမ်စပေါ် ပိုက်ဆံပါ,ပါတယ်နော်လို့ သေချာပြောလိုက်ပါလျက်နဲ့ လုပ်ရက်တယ်. . ဟီး. . အီး"

မြတ်ထွန်းက ကြောင်တောင်ကြီး ရပ်နေပေမယ့် ရွှေရင်အေးမြ မနေနိုင်တော့ဘူးလေ။

ချက်ချင်းပဲ လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်တယ်။

"ဖေဖေ. . မေမေ. . သမီးတို့ပါ. . တံခါးဖွင့်ပါဦး"

အထဲက တံခါးဖွင့်ပေးတယ်ဆိုရင်ပဲ ရွှေရင်အေးမြ အနရေး တကြီး ဝင်သွားတယ်။ နောက်က မြတ်ထွန်းပေါ့။

"ဟာ. . . သမီးတို့ မိုးချုပ်လှချည်လား၊ ကလေးတွေနဲ့ကွာ"

"ဟုတ်ကဲ့ ဖေဖေ၊ သူ့ ရုံးက ပြန်မှ ထွက်လာတာမို့ပါ"

"အေး. . အေး. . ထိုင်ကြ၊ ဖေဖေ ကော်ဖီဖျော်ပေးမယ်"

"ဟင့်အင်း. . မသောက်တော့ဘူး၊ မေမေ ဘာဖြစ်လို့လဲဟင်၊ သမီးကို ပြောပါဦး"

ဆိုတော့ ဒေါ်အေးရီရီမျက်နှာက ထင်မထားဘဲ မော့မော့ချီချီလေး ဖြစ်သွားတယ်။

"ငါက ဘာဖြစ်လို့ ဘာပြောရမှာလဲ!"

ရုတ်တရက် ပြောင်းလဲသွားတဲ့ အမူအရာကြောင့် အားလုံး အံ့အားသင့်ကုန်တယ်လေ။ ဦးရွှေမြတောင် ပါးစပ်အဟောင်းသားနဲ့။

"မဟုတ်ဘူးလေ. . . စောစောက မေမေ ငိုနေတာလေ"

"သွားစမ်းပါ. . . နင့်အမေမှာ ဒီလိုမျက်ရည်ပေါ်လို့လား၊

www.burmeseclassic.com



နင့်အဖေ သေရင်တောင် ငိုစရာမျက်ရည် မရှိလို့ အားနာနေရဦးမှာ"

"တကယ်ဘာမှမဖြစ်ဘူးလား!"

"ဖြစ်တော့ရော အကြောင်းလား၊ လုပ်ငန်းသဘောအရတော့ မစွန်းရင် အပွန်းအပဲ့တော့ ရှိတာပဲ၊ ကုန်ရှုံးရင် တစ်ခေါက်ဟဲ့၊ လူရှုံးရင် တစ်သက်တဲ့၊ ညည်းသာ မရှုံးစေနဲ့"

အဲဒီအခိုက်မှာပဲ. . မြတ်ထွန်းက သူ့လက်ထဲက ကလေးကို ကြောင်တောင်ကြီး ရပ်နေတဲ့ ဦးရွှေမြလက်ထဲ ထည့်ပေးပြီး ဒေါ်အေးရီရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တယ်။ အဲ့ဒီနောက် ဘာမှမပြောဘဲ အရင်ကန်တော့လိုက်တယ်။ ပြီးမှ. . .

"ကျွန်တော့်အသက်ခန္ဓာ မြသန္တာ အမေ့သမီးနဲ့မြေးတွေ ဘယ်တော့မှ လူကုန်မရှုံးစေရဘူးလို့ ကျွန်တော်ကတိပေးပါတယ်၊ ဖြစ်နိုင်ရင် အမေနဲ့အဖေ့ကို မပင်ပန်းစေချင်တော့ပါဘူး၊ ကျွန်တော့်ကို ယုံကြည်ပြီး လိုက်ခဲ့ပေးမယ်ဆိုရင် နောက်ဆုံးအချိန်အထိ အမေတို့ စိတ်ချမ်းသာအောင် ထားပေးပါ့မယ်"

"အမလေး. . . တော်လိုက်တဲ့သမက်၊ စီးပွားရေးကလည်း ကြက်ယက်သလို ယက်ရှာနေရတဲ့အကောင်ဆိုတော့ စိတ်ချမ်းသာရဦးမှာပေါ့၊ ဒီမှာ. . . အေးရီဆိုတာ ဆေးပန်းချီနဲ့ ရေးထားတဲ့အရုပ် မဟုတ်ဘူး၊ ငါ့ကို ဘောင်လာခတ်လို့ကတော့ ချောင်ပါ ကပ်သွားမယ်၊ မင်းတို့ဝမ်းပဲ နပ်မှန်အောင် စားကြစမ်းပါဦး၊ ဟင်း. . လာလာချည် သေး"

"မိန်းမ. . . မင်း ဘယ်လိုစကားတွေ ပြောနေတာလဲကွာ"





"ရှင့်ပါးစပ် ပိတ်ထားစမ်းပါ၊ အဲ့ဒီအကောင်က ကျွန်မအတွက် ဘယ်လိုသမက်မျိုးမို့လို့ ပစားပေးနေရမှာလဲ. . . ဟင်း"

ဆိုတော့ ရွှေရင်အေးမြ မျက်ရည်လေး ဝဲပြီး. . .

"မေမေရယ်. . . နည်းနည်းလေး လျှော့ပေးပါ"

"မလျှော့နိုင်ဘူး. . နင့်ယောက်ျားလစာက ဘယ်နှစ်ပြားမို့လို့ ငါက မက်လုံးကျနေရဦးမှာလဲ၊ ဒီမှာ. . အေးရီ ဖုန်းနှစ်ကော ပြောရင် သိန်းတစ်ရာလောက် လျှော့ခနဲ ရောက်ပြီးသား"

"ဒါနဲ့များ မင်းက ငိုကြီးချက်မနဲ့"

"အဲ့ဒါ ဒေါသဖြစ်လို့ရှင့်၊ ကဲ. . ရှင့်ပါးစပ်ကြီး ပိတ်ထားစမ်း ပါ"

မြတ်ထွန်း ဒူးထောက်နေရာကနေ ပြန်ထပြီး ယောက္ခထီးကြီးဆီက သူ့သားကို ပြန်ယူလိုက်တယ်။

"ကျွန်တော် အမေ့မာနကို သိပါတယ်၊ ဒါပေမယ့် ဘယ်လို အခြေအနေမျိုးမှာမဆို ကျွန်တော် အဖေနဲ့အမေ့ကို ပြုစုချင်ပါတယ်၊ အဲဒီအခွင့်အရေး တစ်နေ့ရလာမယ်လို့လည်း မျှော်လင့်ပါတယ်"

"သေတာတောင် မရဘူး"

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"မြန်မြန်ပြန်ကြ. . . နင်တို့မျက်နှာ မြင်ရတာ မီးလို ပူတယ်"

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



မြတ်ထွန်းတို့အခန်းကနေ ပြန်ဆင်းသွားကြတော့မှ. . ဒေါ်အေးရီရီ ဖြေမဆည်နိုင်အောင် ငိုကြွေးပါတော့တယ်။

"မင်းကွာ . . ကလေးတွေ စိတ်မကောင်းဖြစ်ပြီး ပြန်ရတယ်လို့ကွာ"

"ရှင်ဘာသိလို့လဲ၊ ကျွန်မ ဒီလိုမောက်မာမှ သူတို့ ကျွန်မတို့အတွက် သက်သာမှာ မဟုတ်ဘူးလား. . ဟင့်. . အင့်၊ သူတို့ခမျာမှာ ဒီလစာလေးနဲ့ ကုလေးအမြှာကို ပြုစုနေရတာ ထမင်းတောင် ဝအောင်စားရပ့ါမလား. . ဟီး. . အီး၊ အဲဒါကို ဒီအမေ ဒီအဖေက သွားခိုပြီးစားသင့်သလား၊ ရှင်စဉ်းစားပါဦးလား. . ဟီး. . အီး"

"မိန်းမရာ. . ."

ဦးရွှေမြက ပင့်သက်မောကြီး ရှိုက်ချပြီး မျက်ရည်ဝိုင်းသွား





တယ်။ ဒီလိုတော့လည်း ငါ့မိန်းမ တော်ရှာသားပေါ့။

မြေညီထပ်မှာတော့ မြတ်ထွန်းတို့ ဇနီးမောင်နှံ. . ကလေးကိုယ်စီနဲ့ ဟိုးအပေါ် ဆုံးထပ်ကို ရင်ဆို့သလို မော့မော့ကြည့်ရင်း အငှားကား စောင့်ကြတယ်။ မြတ်ထွန်းကို အားနာလွန်းလို့ ရွှေရင်အေးမြ စကားအစ ရှာမရပေမယ့် မြတ်ထွန်းကတော့. . .

"မောင်တို့ အဖေ့လိုပဲ လုပ်ကြရင် ကောင်းမယ်"

"ဘယ်လိုလဲဟင်!"

"မောင်တို့ အဆင်မပြေတုန်းက အဖေက အမေ မသိအောင် ခိုးပြီး ထောက်ပံ့တာလေ၊ အခုလည်း အမေ မသိအောင် အဖေ့ကို အသာလက်တို့ပြီး ပေးကြရအောင်"

ပြောပြီး သေချာကြည့်လိုက်တော့. . . ဇနီးချောလေး ခုမှပဲ အပြုံးပန်းပွင့်လာတယ်. . . ထင်တာပဲ။

နားလည်မှု လွဲနေသော
ဖမေနှင့် သားသမီးများ
မျှဝေခံစား နိုင်ကြပါစေ

ပြီး



www.burmeseclassic.com